
www.burmeseclassic.com

...သူရွှေမ စာပေ

# ခြေတစ်ဂျမ်းမှ စကြဝဠာ

နှင့် အခြားစာစုများ

ဘကြိုး



www.burmeseclassic.com

www.burmeseclassic.com

# အရိုး

ခြေတစ်လှမ်းမှ စကြသည်

နှင့်

အခြား စာစုများ

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် ၄၀၀၅၂၀၀၅၁၀
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၄၀၀၆၅၉၀ရ၁၀
ပထမ အကြိမ် ၂၀၁၁၊ ဇန်နဝါရီလ
မျက်နှာဖုံး ပန်းချီ နေမျိုးဆေး
မျက်နှာဖုံးရိုက် ဒေါ်မြ (၀၂၀ရ၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊
၁၊ ဗိုလ်ရာညွှန့်လမ်း၊ အုံ မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊
၁၁၊ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ ကျပ်

၁၃၁.၃
အရိုး
ခြေတစ်လှမ်းမှစကြသည်နှင့် အခြားစာစုများ / အရိုး။ - ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၀။
၁၀၆ - စာ၊ ၁၃ × ၂၀.၅ စင်တီ
(၁) ခြေတစ်လှမ်းမှစကြသည်နှင့် အခြားစာစုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ခြေတစ်လှမ်းမှ စကြသည် ၁
၂။ Global Warming လား Media Warning လား ၅
၃။ လူမှမျောက်သို့ဆင်းသက်လိုခြင်း ၁၉
၄။ ကမ္ဘာကို အိတ်ထဲထည့်ခြင်း ၂၅
၅။ မော်ဒန်မြို့ပြ ဓာတုကလျာများ ၃၃
၆။ ထိုအရာ ၃၇
၇။ ဖိနပ်ကြိုး ၄၁
၈။ ရေအောက်က ပြဿနာ ၄၅
၉။ ငါးပြားစေ့ ပုံပြင် ၅၁
၁၀။ ပြန်မပျော့မယ့်ဟာ ၅၇
၁၁။ အဝေးကြည့်မှန်ပြောင်း ၆၃
၁၂။ ခိုးကူး ၇၁
၁၃။ ဆုံးရှုံးခြင်း ၇၉
၁၄။ မီးဖိုထဲက ကွန်ထရိုဗာရှယ် ၈၃
၁၅။ မေတ္တာစိတ် ၉၁
၁၆။ မရဲလည်းပြေးခဲ့စေ ၉၇
၁၇။ အကွက်ကြီး ၁၀၁


www.burmeseclassic.com

www.burmeseclassic.com

# ခြေတစ်လှမ်းမှ စကြေသည်

လက်နှစ်ဖက်ကို လွှတ်ပြီး ပထမဆုံး မတ်တတ်ရပ်ဖို့ သူ ကြိုးစားကြည့်တယ်။ ခန္ဓာကိုယ် တစ်ခုလုံး ယိမ်းယိုင်လာပြီး လိုအပ်တဲ့ အချိန်အဆ တစ်ခုကို မရလိုက်ခင်မှာဘဲ သူ ပြန် လဲကျသွားတယ်။ ဒုတိယတစ်ခါ ထပ်ကြိုးစားတယ်။ မရဘူး။ တတိယတစ်ခါ ...။ စတုတ္ထတစ်ခါ ...။

သူ့ကို ဝိုင်းကြည့်နေကြတဲ့လူတွေ အများကြီးက ဘေးမှာ ဝိုင်းလို့။ ဒါပေမဲ့ တစ်ယောက်မှ သူ့ကို လာ တွဲမထူဘူး။ သူ့ကို ဝိုင်းကြည့်နေကြတဲ့ လူတွေထဲက တစ်ယောက် နှစ်ယောက်ကို သူ အားကိုးချင်သလို လှမ်းကြည့်သေးတယ်။ ဒါပေမဲ့ သူ့ဟာသူပဲ မတ်တတ်ရပ်ကြည့်နိုင်ဖို့ အမှတ်တမဲ့ ပြန် ကြိုးစားမိတယ်။

ပဥ္စမမြောက် ကြိုးပမ်းမှု။ မတ်တတ် မရပ်နိုင်ခင်မှာဘဲ သူ့ခန္ဓာကိုယ် တစ်ခုလုံး ယိမ်းယိုင်လာပြန်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ သူ လက် ပြန် မထောက်ဖြစ်ဘူး။ အမှတ်တမဲ့ ဆိုသလို ခြေတစ်လှမ်းကို သူ လှမ်းလိုက်မိတယ်။ မလဲတော့ပါလား ...ရုတ်တရက် သူသိလိုက်တာက သူ့ ခြေထောက် နှစ်ချောင်းကို ရှေ့နောက် ရွှေ့လျား ထောက်လှမ်းပေးနိုင်ရင် သူ မတ်မတ် ရပ်နေနိုင်ပြီပေါ့။ သူ သိပ်ပျော်သွားတယ်။ သူ သွားချင်ရာ နေရာတိုင်းကို သူ့ခြေထောက် နှစ်ချောင်းထဲနဲ့ တခြားလူတွေလို သွားနိုင်ပြီ။

www.burmeseclassic.com



သူ့ကို ဝိုင်းကြည့်နေသူတွေက ဝိုင်းပြီး လက်ခုပ်တီးကြတယ်။ သူ ကိုယ်တိုင်လည်း သူ တွေ့ရှိလိုက်ရတဲ့ အောင်မြင်မှုအတွက် ပျော်ရွှင်စွာပဲ ခိုးခိုးခစ်ခစ် ရယ်လိုက်မိတယ်။

အသက်ရှင်နေသရွေ့ မိုင်ပေါင်းများစွာ လျှောက်လှမ်းသွားတော့မယ့် ကလေးငယ် တစ်ယောက်ရဲ့ ပထမဆုံး ခြေလှမ်းတိုင်းဟာ ခန္ဓာကိုယ်ဟန်ချက် ထိန်းဖို့အတွက် အမှတ်တမဲ့ လှမ်းလိုက်မိတဲ့ ခြေလှမ်းတစ်လှမ်းက စခဲ့တာချည်းပါပဲ။ နောင်အနာဂတ်မှာ ကြီးမြတ် ကျယ်ပြန့် အောင်မြင်လာမယ့်လူ၊ သိမ်ဖျင်း သေးဖွဲ နုံနဲ့ သွားမယ့်လူ၊ ဘယ်သူမဆို ဘဝမှာ ခြေတစ်လှမ်းက စခဲ့တာချည်းပါ။ ကျွန်တော်တို့တွေ၊ ခင်ဗျားတို့တွေ၊ လမ်းပေါ်က လူတွေ၊ လမ်းပေါ်ကမဟုတ်တဲ့ လူတွေ၊ အရေးကြီးတဲ့ လူတွေ၊ အရေးမကြီးတဲ့ လူတွေ၊ ဒါမှမဟုတ် အရေးပါတဲ့ လူတွေ၊ အရေးမပါတဲ့ လူတွေ ... လူတွေတိုင်းရဲ့ ဘဝမှာ ဘယ်လမ်းကိုပဲ သွားချင်ချင် ခြေတစ်လှမ်းက စခဲ့ကြတာချည်းပါပဲ။

## 'ခြေလှမ်းတွေ မှားနေပြီ'

အမြင်ချင်းမတူတဲ့ ဘယ်သူမဆို ဒီစကားကို ပြောဖြစ်ကြပါတယ်။ ကျွန်တော်တို့ အပါအဝင်ပေါ့။ ဒါပေမဲ့ မှားနေပါစေ၊ မှန်နေပါစေ၊ ခြေလှမ်းတွေ လှမ်းနေပါလား ဆိုတာတော့ တွေးဖြစ်တဲ့ အရေးအတွက် နည်းပါလိမ့်မယ်။ မှားနေခြင်း၊ မှန်နေခြင်း ခဏ ဖယ်လိုက်ရင် ကျွန်တော်တို့ အားလုံးဟာ ဒီနေ့ ဒီဘဝ ရောက်နေတဲ့ အချိန်အထိ ပထမဆုံးကနေ စလို့ ခြေလှမ်းတွေ လှမ်းလာခဲ့ကြရတာပဲ မဟုတ်လား။

တစ်ခါတုန်းက သူငယ်ချင်း တစ်ယောက်က မေးခဲ့ဖူးတယ်။ မင်း ဘယ်လမ်းကို လျှောက်မှာလဲလို့ပေါ့။ ကျွန်တော် ဖြေဖြစ်တယ်။ ငါ ခြေထောက်တွေ သွားတဲ့လမ်းကို ငါ လျှောက်မယ် လို့။ သူက ဘုပြောတယ် ထင်ခဲ့တယ်။ ကျွန်တော် တကယ် ပြောခဲ့တာပါ။ ကျွန်တော့် ခြေထောက်တွေ လျှောက်တဲ့လမ်းကို ကျွန်တော် တကယ် သွားမှာပါပဲ။ ကျွန်တော့် ခြေလှမ်းတွေ သွားရာဆီကို ကျွန်တော် တောက်လျှောက် လိုက်သွားမှာပါ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် ခြေထောက်တွေဟာ ကျွန်တော့်ကို သွားလိုရာ တကယ် ပို့ပေးနိုင်တယ် ဆိုတာကို ကျွန်တော် လမ်းစလျှောက်တတ်ကာစ အရွယ် ကလေးဘဝ ကတည်းက စိတ်ချလက်ချ ယုံကြည်ခဲ့ပြီးသားပဲကိုး။ ဒါပေမဲ့ ကျွန်တော့် သူငယ်ချင်းကို ကျွန်တော် ရှင်းမပြဖြစ်ခဲ့ပါဘူး။ သူက သူမေးချင်တဲ့ မေးခွန်းအဓိပ္ပာယ်ကို ကျွန်တော် နားမလည်ဘူးလို့ ထင်သွားခဲ့တယ်။

'အသွားမတော် တစ်လှမ်း' တဲ့

ဟုတ်ရင် ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ မတော်ရာမှန်း တော်ရာမှန်း သိအောင် ကျွန်တော်တို့ တစ်လှမ်းတော့ လှမ်းကြည့်ကြရတာပဲ မဟုတ်ဘူး လား။ အဲဒီ မတော်ရာ တော်ရာ ဆိုတဲ့ ကိစ္စကြီးကလည်း တစ်ယောက် အတွက် မတော်ရာလို့ ထင်နေပေမဲ့ နောက်တစ်ယောက် အတွက်တော့ တော်ရာကြီးလည်း ဖြစ်မနေနိုင်ဘူးလား။ လူတစ်ယောက်မှာ ဦးနှောက် ပါလာရင် တွေးကွက်တွေးပေါက်တွေ နေ့စဉ်နဲ့အမျှ အများကြီး ထွက် ထွက် လာနေတတ်ပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ရပ်ပြီး တွေးမနေ ချင်တော့ဘူး။ သွားနေရင်း တစ်နည်းအားဖြင့် ခြေလှမ်းတွေ လှမ်းနေရင်း ပဲ တွေးသွားလိုက်တော့မယ်။ အတွေးလွန်သွားလို့ ချော်လဲရင်လည်း ပြန်ထလို့ရတာပဲလေ။ ကျွန်တော့်အတွက်တော့ ခြေလှမ်းတွေဟာ မမှား တတ်ဘူး ထင်တာပဲ။ မှားတယ် မှန်တယ် ဆိုတာကလည်း ...။ ထား လိုက်ပါတော့။

အလုပ်အသစ် ဝင်လာတဲ့ လူတစ်ယောက်အတွက် ပထမဆုံး ရုံးတက်တဲ့ နေ့ဟာ ပထမခြေလှမ်းပါ။ ဒါပေမဲ့ အဲဒီခြေလှမ်းဟာ အလုပ်ပြုတ်ဖို့ သွား နေတဲ့ ခြေလှမ်းလား။ အရာရှိကြီးဖြစ်ဖို့ သွားနေတဲ့ ခြေလှမ်းလား ဆိုတာ တော့ သူကိုယ်တိုင် သိချင်မှ သိဦးမှာပေါ့။

ဒီလိုပါပဲ။ သီချင်းတစ်ပုဒ် စပြီး ရေးဖူးလိုက်တဲ့နေ့ဟာ ဂီတသမား တစ်ယောက် အတွက် ပထမဆုံး ခြေလှမ်းပါ။ စာတစ်ပုဒ် စရေးလိုက်တဲ့ နေ့ဟာ စာပေသမား တစ်ယောက် အတွက် ပထမဆုံး ခြေလှမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com


စာတ်ရုပ်တစ်ခု သရုပ်ဆောင်ဖြစ်လိုက်တဲ့ နေ့ဟာ သရုပ်ဆောင် တစ်ယောက်အတွက် ပထမဆုံး ခြေလှမ်းပါ။ စာအုပ်တစ်အုပ်ဟာ စာအုပ်တိုက်တစ်တိုက်ရဲ့ ပထမဆုံး ခြေလှမ်း၊ ဂျာနယ်တစ်စောင်ဟာ ဂျာနယ်တိုက် တစ်တိုက်အတွက် ပထမဆုံး ခြေလှမ်း၊ ပထမဆုံး အရောင်းအဝယ်ဖြစ်မှုဟာ ကုန်သည်တစ်ယောက်ရဲ့ ပထမဆုံးခြေလှမ်း၊ ကုန်ကုန်ပြောရရင် ပထမဆုံး တူးလိုက်ရတဲ့ ကျင်းတစ်ခုဟာ သုဘရာဇာ တစ်ယောက်အတွက် ပထမဆုံး ခြေလှမ်း။ အများကြီးပါ။ ဒါပေမဲ့ ဘယ်ကိုလှမ်းနေတဲ့ ခြေလှမ်းတွေလဲ ဆိုတာကိုတော့ ဘယ်သူကများ ကြိုတင် မြင်နိုင်ကြလို့လဲ။

လဲမှာကြောက်ရင် တစ်လှမ်းမှ မလှမ်းနဲ့။ မှားမှာကြောက်ရင် တစ်ခုမှ မလုပ်နဲ့။ ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး။

ဒါတော့ မဟုတ်သေးဘူးလေ။ ဘာမှ မလုပ်မှတော့ ကျွန်တော်တို့လူ့ဘဝမှာ လူ လာဖြစ်ခွင့်ရတာ ဘာလုပ်ရတော့မှာလဲ။

ကျွန်တော်တို့ ဆက်လျှောက်နေ၊ ဆက်လှမ်းနေကြဦးမှာပါ။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေ ပြည့်စုံဖို့အတွက် လူတိုင်းဟာ ခြေလှမ်းတွေ ဆက်လှမ်းနေကြရဦးမှာပါပဲ။ မနက်ဖြန်မှာ ကျွန်တော်တို့ အားလုံး ခြေလှမ်းအသစ်တွေ ဆက်လှမ်းနေကြရမှာပါ။ ဒါပေမဲ့ ...။

**ကျွန်တော်တို့ ခြေလှမ်းတွေတိုင်းကတော့ ပထမဆုံး ခြေလှမ်းတစ်လှမ်းကပဲ စကြရမှာ မဟုတ်ဘူးလား။**

မြန်မာပို့စ်ဂျာနယ် အတွဲ ၁၊ အမှတ် ၁၊ ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်။


www.burmeseclassic.com

www.burmeseclassic.com

## Global Warming လား Media Warning လား

ဘယ်နေရာမှာလဲ ဆိုတော့ အင်္ဂါဂြိုဟ်ပေါ်မှာ။ ဘယ်တုန်းကလဲ ဆိုတော့ ပြီးခဲ့တဲ့ အပတ်ကပေါ့ဗျာ။ အတိအကျ ပြောရရင် အင်္ဂါဂြိုဟ်ပေါ်ဖွင့်ထားတဲ့ စကြဝဠာလုံးဆိုင်ရာ မဟာမင်းကြီးရုံးမှာ ကွန်ဖရင့်ဆိုလား ဘာလား လုပ်ကြတာဗျို့။ လုပ်ရခြင်း အကြောင်းကတော့ နေအဖွဲ့အစည်းထဲမှာ အလိုလိုကမှ ပူနေတဲ့ကြားထဲ ဂြိုဟ်ပူကြီးတစ်လုံး ထပ်တိုးလာနေလို့ ဆိုပဲ။

မေးကြည့်တော့ ဘယ်ဟုတ်မလဲ … ကျုပ်တို့ ကမ္ဘာကို ပြောတာကိုးဗျ။ ကျုပ်တို့ ကမ္ဘာကြီး တဖြည်းဖြည်း ပူနွေးလာပြီးတော့ ဖုံးကြီးတစ်လုံးလို ဖြစ်လာနေလို့ ရှေ့လျှောက် ဒီအတိုင်း ကြည့်နေရင် မဖြစ်ချေဘူး ဆိုပြီး စည်းဝေးကြတာ ဆိုပဲ။ စည်းဝေးကြတယ်သာ ပြောပါတယ်။ အမှန်တော့ တရားခံ ရှာကြတာဗျ။ ဘာကြောင့် ကမ္ဘာကြီးဟာ ဒီလောက် မြန်မြန်ကြီး ပူနွေးလာရသလဲပေါ့နော်။ ပြောလိုက်၊ ဆိုလိုက်၊ ငြင်းလိုက်၊ ခုံလိုက်ကြတာ များ ညံနေရောပဲရယ်။ အဲ ပြောရဦးမယ် … မေ့တော့မလို့ဗျို့။ တခြားတော့ မဟုတ်ပါဘူး။ အဲဒီကွန်ဖရင့်ကို ကျုပ် ဘယ့်နှယ်ရောက်သွားလဲ ဆိုတော့

အမှန်ပြောရရင် ကျုပ်က ရွာသားဗျ။ မြို့သား မဟုတ်ဘူး။ ရိုင်းရိုင်းပြော တောသားပေါ့ဗျာ။ အံမယ် တောသားခေါ်လို့ ကျုပ် မနာဘူးဗျို့။ ဘာနာစရာရှိလဲ။ အခုခေတ်မှာ မြို့သားမှ မရှိတော့တာပဲ။ ခင်ဗျားတို့ ပြောတော့

www.burmeseclassic.com



ကမ္ဘာက ရွာကြီး ဖြစ်သွားပြီဆိုဗျ။ ဒါဆို အားလုံး ရွာသားတွေချည်းပေါ့။ ရွာကကောင်တို့၊ တောသားတို့ ခေါ်တာများ နာစရာလားဗျာ။ အိုဘာမား တောင် ရွာသား ဖြစ်နေရှာတဲ့ ကမ္ဘာ့ရွာခေတ်ကြီး ဥစ္စာ။

ထားပါ။ လျှောက်ပြောနေ ကျုပ်ပဲ လျှာရှည်ရာကျမယ်။ လိုရင်းပြော ရရင် ကျုပ်က တောသား သတင်းထောက် လူတစ်ယောက် ဆိုပါတော့။ တောသတင်းထောက် ဆိုတော့ သိတဲ့အတိုင်းပေါ့ဗျာ။ လူကို ခွေးကိုက်တာ သတင်းလား၊ ခွေးကို လူက ကိုက်တာ သတင်းလား ကျုပ် ဘယ်သိမှာလဲ။ အဲဒါမပြောနဲ့ … မုန်တိုင်းတိုက်လို့ လေဆင်နှာမောင်းမွှေလို့ လူတွေ သေ ကုန်ကြတာကို live ရိုက်ပြီး အတင်းလွှင့်တာ၊ စစ်မြေပြင်ကို အတင်း လိုက်သွားပြီး စစ်ဖြစ်လို့ ပစ်ခတ်နေကြတာတွေ၊ သေကြတာတွေကို live ရိုက်ပြီး Live & Exclusive ပါ ဘာညာနဲ့ ပြလို့ ကောင်းမှန်း မကောင်း မှန်း မသိ၊ အနိဋ္ဌာရုံမှန်း ဣဋ္ဌာရုံမှန်းမသိ ပြနေတဲ့ ကောင်တွေတောင် ရှိ နေတဲ့ခေတ်မှာ ကျုပ်လည်း သတင်းရ ရေးတာပေါ့ဗျ။ ဒါမှ ထမင်းဝမှာ ကိုး။ ဩော် … ပြောရင်း လေကြော ရှည်နေပြန်ပါပြီ။ ကျုပ်က ဒီလိုပဲ ဗျ။ တောသတင်းထောက် ဆိုတော့ လျှာလည်းရှည် စပ်လည်း သိပ်စပ်စု တာ။ အဲဒါနဲ့ပဲ …။

တစ်ညကျ ကျုပ် ဘာသတင်းမှ မရဘဲ အိမ်ပြန်လာရတယ်။ ဘာပြော ကောင်းမလဲ။ လွတ် စိတ်ဓာတ်ကျတာပေါ့ဗျာ။ Globalization ခေတ်ဗျာ။ ခင်ဗျားတို့လည်း သိတဲ့အတိုင်း။ ဒီနေ့ သူများကို ပေးဖို့ တစ်ခုခု မရှာနိုင်ရင် မနက်ဖြန် သူများတွေဆီက တစ်ခုခု ပြန်ရဖို့ လုံးဝ မစဉ်းစားနဲ့။ ကိုယ့်ဟာ ကိုယ် ငတ်ငတ်သေသေ ဘာဖြစ်ဖြစ် ဘယ်သူကမှ လာစိတ်မဝင်စားဘူး။ ဘယ်သူမှလည်း အချိန်မရကြဘူးလေဗျာ။ အဲဒီညကလည်း ကျုပ်မှာ အဲလိုပေါ့။ နောက်နေ့ တစ်ယောက်ယောက်ကို ပေးစရာ သတင်း မရှိတော့ စိတ်ညစ်ညစ်နဲ့ ဝင်အိပ်လိုက်ရော။ ဘာမှလည်း စားချင် သောက်ချင်စိတ် မရှိတော့ဘူးရယ်။ အဲဒီလိုနဲ့ မှေးခနဲ ဖြစ်သွားရော ဗြုန်းဆို အသံတစ်သံ ကြားသဗျ။

'အင်္ဂါဂြိုဟ်ပေါ်မှာ သတင်းရစရာ ရှိတယ်၊ ဟဲ့ကောင် သွားလား' တဲ့။ ကျုပ်လည်း ဘာပြောကောင်းမလဲ။ သတင်းရမယ်ဆိုရင် ရှိမင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ဗျူးရ ဗျူးရ ဆိုတဲ့ကောင်စားဆိုတော့ 'သွားမယ်' လို့ ချက်ချင်း ပြန်ဖြေ ရုံရှိသေး တစ်ခါတည်း မေ့သွားရောဗျို့။

ပြန်သတိရလာတော့ အစောက ပြောခဲ့တဲ့ ကွန်ဖရင့်ကို ကျုပ်ရောက်နေ ရောဗျို့။ အမယ် ... နောက်တောင်ကျနေပြီဗျ။ စည်းဝေးတဲ့ ကိစ္စတွေပြီး လို့ တရားခံရှာတဲ့ အထိတောင် ဖြစ်နေရုံမက တရားခံလို့ ယူဆရတဲ့ဟာ တွေကို စစ်တောင် စစ်နေကြပြီ။ ဘယ်ရမလဲ။ ကျုပ်လည်း သတင်း ထောက်ပဲ။ မီသလောက် ဆွဲရတော့တာပဲဗျို့။ တစ်ခါတည်း Recorder ထုတ်ဖမ်းလိုက်တာ နားသာထောင် မိတ်ဆွေ။ ကျုပ် ပြန် ဖွင့်ပြမယ်။

တရားခံ နံပါတ် (၁၀၁) ။ အိုဇုန်း။

'နာမည်ပြော'

'အိုဇုန်း' (မပြောချင် ပြောချင်နှင့်)

'ကမ္ဘာ ပူလာရတဲ့ အဓိက တရားခံဟာ မင်းပဲ၊ မင်းဟာမင်း လုံလုံခြုံခြုံ မနေဘဲ ဘာလို့ အပေါက်ကြီး ဖြစ်နေရတာလဲ'

'ကျုပ်ကကော ပေါက်ချင်လို့ ပေါက်နေတယ် ထင်လား' (ခံတွန်းတွန်း မေး၏)

'ပြန်မမေးနဲ့၊ ငါတို့မေးတာ ဖြေ၊ ထလုပ်လိုက်လို့ ... ပေါက်နေရာက တောက်လျှောက် ပြဲထွက်သွားမယ်၊ ပြောစမ်း ... ဘာလို့ ပေါက်နေရတာ လဲ'

'လူတွေ လုပ်လို့'

'လူတွေ ဘာလုပ်လဲ မင်းကို'

'ရှိသမျှ အားလုံး မီးပုံရှို့နေကြမှတော့ ကျုပ်က ဘာမို့လို့ ခံနိုင်မှာ တုံးဗျ၊ ပေါက်ပြီပေါ့'

'သူတို့ဟာသူတို့ ဘာလုပ်လုပ် မင်းက အုပ်ပေးထားရမှာပေါ့'

'ရမလားဗျ၊ တစ်ဖက်က နေကလည်း နင်းကန်ထိုး၊ အောက်က ဟာတွေကလည်း ကျုပ်ကို ကာဗွန်မှိုင်း အမျိုးမျိုးတိုက်နဲ့ ... ကြာတော့ ခံနိုင်မလားဗျ၊ ဘယ့်နှယ်ကွာ ... အဓိက ဟာတွေကျ မပြောဘူး၊ ငါ့ကျ



www.burmeseclassic.com

www.burmeseclassic.com


ပေါက်သလေး ဘာလေးနဲ့ အပြစ်ပြောချင်သေး …' (စိတ်ဆိုးလာ၏)

'ဒါဆို ကမ္ဘာပျက်လာတာ မင်းကြောင့် မဟုတ်ဘူး၊ ကာဗွန်ကြောင့်ပေါ့ ဟုတ်လား'

'မသိဘူး' (ဘုတောနေတော့၏)

'တစ်ခုခု ပြောလေ၊ ပြောစရာ မရှိဘူးလား'

'မရှိဘူး'

'ကိုင်း ဒါဆိုလည်း သွားကွာ၊ မင်းအပေါက်သာ မင်း ပြန်ပိတ်ဖို့ ကြိုးစား … ကဲ နောက်တရားခံ ခေါ်'

တရားခံနံပါတ် (၁၀၂) ။ ကာဗွန် ။

'ဘာဖြစ်နေတာလဲ မင်းက စပ်ဖြဲဖြဲနဲ့ … နာမည် ပြောစမ်း'

'ကာဗွန်ပါ ဟဲဟဲ ကျွန်တော် TV ထဲ ပါမှာလား'

'ဘာပြောတယ်'

'ဩော် ကျွန်တော် TV ထဲပါမှာလားလို့ … ဟို ပါခဲ့ရင် စကြဝဠာမှာ နာမည်ကြီးပြီ'

'အာ … ဒီလောက် သေရေးရှင်ရေး ဖြစ်နေတာတောင် နာမည်ကြီးချင်တဲ့ကောင်က ရှိသေး၊ ပြောစမ်း … ကမ္ဘာပျက်လာတာ မင်းကြောင့် မဟုတ်လား'

'မဟုတ်ဘူး'

'အမ် … အိုဇုန်းက ပြောတော့ မင်းကြောင့် ဆိုကွ'

'ဘယ်ကလာ ကမ္ဘာပျက်လာတာ ကျွန်တော်နဲ့ မဆိုင်ဘူး၊ ကျွန်တော့်ကို လူတွေက မြှောက်ပေးနေကြလို့ ကျွန်တော် ကြီးထွားလာနေတာ၊ ဒီမှာကြည့် လက်မောင်း ကြွက်သားတွေ တွေ့လား၊ ကာဗွန်ဒိုင်အောက်ဆိုက် ဘယ်လောက် ထွားလာသလဲဆိုတာ …'

'ဒါဆိုရင် မင်းမှာ အပြစ်မရှိဘူးပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ၊ ကမ္ဘာပျက်လာတာ ကျွန်တော်နဲ့ရော ကျွန်တော့်သားတွေနဲ့ရော ဘာမှမဆိုင်ဘူး၊ ကျွန်တော်တို့ အားလုံးကို လူတွေ ဖန်တီးခဲ့တာ'


www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်တယ် မင်းမိန်းမတွေ ဟုတ်လား'

'ဟုတ်တယ်လေ … ချူကလီးယားလေးတို့ ရေဒီယိုသတ္တိကြွလေးတို့နောက် အများကြီးပဲ၊ ကျွန်တော့်မယား ဓာတုဗေဒအဆိပ်တွေ ခေါ်လာပြရမလား'

'တော် တော် … ကြော်ငြာ ဝင်မနေနဲ့၊ သွားတော့'

'နေဦးလေ၊ ကျွန်တော့်ကို TV ရိုက်ပြီး စကြာဝဠာမှာ လွှင့်ပေးဦးလေဗျာ၊ နာမည်လေး ကြီးသွားအောင်'

'တော်ပါတော့ ကျေးဇူးရှင်ရယ် … သွားပါတော့'

တရားခံနံပါတ် (၁၀၃) ။ ပြုန်းတီးသစ်တော ။

'ကိုယ့်ဟာကိုယ့် အေးအေး မနေရကွာ၊ ဘာကိစ္စလဲ'

'အံမယ်၊ သူကပဲ ပြန်မေးနေရတယ် ရှိသေး … ဒီမှာ ကိုသစ်တော၊ ခင်ဗျား အမျိုးတွေ ဘယ်ရောက်ကုန်ပြီလဲ'

'သေကုန်ပြီလကွာ'

'ဗျာ'

'ဟုတ်တယ်၊ အခုတ်ခံရတဲ့ ကောင်နဲ့၊ သူ့ဟာသူ သေတဲ့ကောင်နဲ့၊ အလိုလိုနေရင်း တောမီးထလောင်လို့ ပြုတ်ပြုတ်ပြုန်းကုန်တာနဲ့၊ မြေဆီလွှာ ခန်းလို့ ပြန်မပေါက်တော့တဲ့ ကောင်နဲ့ … တစ်ကမ္ဘာလုံး ချုံတောင် အနိုင်နိုင် ကျန်တော့တယ်'

'ဒါပြောတာပေါ့၊ ကမ္ဘာကြီး ပူနွေးလာတာ ခင်ဗျားတို့ မရှိတော့တာကြောင့်ပဲ'

'မတတ်နိုင်ဘူး ငါ့လူ … ငါတို့လည်း ဘယ်ပြုန်းချင်မလဲကွ၊ ဆွေနဲ့ မျိုးနဲ့၊ အုပ်နဲ့ ဘာနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တာပေါ့ဟ၊ ရှိမှ မရှိတော့တာကို ငါက ဘာလုပ်ပေးရမှာလဲ'

'ပြန်ပေါက်ပေါ့ဗျ'

'အမယ်ကွာ ဟာဟ …ပြောတော့တယ်လွယ် … မင်းအမေ မြေဆီလွှာက ကောင်းလို့လား အရင်လို၊ မင်းအမေ ရာသီဥတုကရော အရင်လို



www.burmeseclassic.com

www.burmeseclassic.com



ကြင်ကြင်နာနာ ရှိလို့လား'

'ခင်ဗျား မရိုင်းနဲ့နော်'

'ဘယ်သူကမှ မရိုင်းချင်ဘူး ကိုယ့်လူ၊ တစ်ကမ္ဘာလုံး ပူနေမှတော့ အားလုံး စိတ်တိုမနေဘဲ ရှိမလား'

'ခက်တာပဲ'

'မခက်နဲ့ ဟော့ကောင်ရေ … ကမ္ဘာကြီး ပူနွေးလာရုံတင် မကဘူး၊ မီးလောင်သွားလည်း ငါတို့ ဘာမှမတတ်နိုင်ဘူး၊ ငါတောင် ဘယ်နေ့ လွှစက်စာ မိမလဲ၊ ရေသောက်မြစ်ခန်းမလဲ၊ မီးထလောင်မလဲ မသိတာ၊ ဒီမှာ ငါ ပြောပြမယ် …'

'အင်း လုပ်ပါဦး'

'ကမ္ဘာကြီး ပူနွေးလာရုံမကလို့ ကျက်ကျက် ဆူလာပြီး အားလုံး မီးလောင်သွားလည်း အေးတာပဲကွာ၊ မရောင်ရာဆီလူး … ငါ့တရားခံ လာလုပ်ရတယ်လို့၊ သွားမယ်၊ နောက် ဘယ်တော့မှ မခေါ်နဲ့၊ သေလည်းအေးတာပဲ'

'နေ နေဦးလေဗျာ၊ ကိုသစ်တော'

'မနေဘူး၊ သွားပြီ'

တရားခံနံပါတ် (၁၀၄) ။ မြေဆီလွှာ နှင့် ညစ်ညမ်းရေထု ။

'နှစ်ယောက်တွဲကြီးပါလား'

'အေး … ရှင်းရှင်း ပြောရရင် တစ်ခါတည်း ကိစ္စပြီးအောင် ရေပါ ခေါ်လာတာ၊ ဘာမေးစရာရှိလဲ မေး'

'သစ်တောက ပြောသွားတယ်၊ ခင်ဗျား မကောင်းလို့ သူတို့ ပြုန်းတီးပြီး ကမ္ဘာကြီး ပူနွေးလာတာတဲ့၊ အဲဒါ …'

'ဘာကွ၊ အဲလိုပဲ ပြောလား'

'အင်း ပြောတယ်၊ ခင်ဗျားလည်း မကောင်း ရာသီဥတုလည်း မကောင်းလို့ သူတို့ ပြုန်းတီးသွားတာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'တောက် ... ဒီကောင် သက်သက် သစ္စာဖောက်တာ၊ ငါ လိုက်ရှင်းမယ်'

'စိတ် စိတ်ထိန်းပါဗျ၊ ကိုမြေဆီ ... လွန် လွန်ကုန်မယ်'

'လွန် လွန်ကွာ ဘယ့်နှယ် ... သစ်တောနဲ့ မြေဆီလွှာဆိုတာ တစ်သက်လုံး လင်မယားလို နေလာတာ၊ အခု ဒင်းတို့ ပြုန်းမှ ငါ့ကြောင့်တဲ့၊ မဟုတ်ဘူးလား ရေရာ ... ငါ...'

'ထားလိုက်ပါဗျာ၊ တစ်ခါတလေ ပြောမှားဆိုမှား ရှိမှာပေါ့၊ သူတို့လည်း ဒုက္ခ ရောက်နေကြတာပဲ၊ ကျုပ်တို့ ဒုက္ခသည်ချင်းဗျာ'

'ဒါပြောတာပေါ့ဗျာ၊ ခင်ဗျားတို့ ရေထုလည်း လူတွေ ပစ်သမျှ အမှိုက်သရိုက် အညစ်အကြေးတွေနဲ့ ဒုက္ခ ရောက်နေတာ၊ ကျုပ်လည်း ကြည့် ... မြေဆီလွှာဆိုတာ တစ်သက်လုံး ခန်းတဲ့ကောင်စား မဟုတ်ဘူး၊ အခုမှ ကြွပ်ကြွပ်အိတ်တွေ အုပ်ပြီး ဒုက္ခရောက်နေတာကို ဒီသစ်တော ဆိုတဲ့ကောင်က ကိုယ်ချင်းမစာ၊ လာပါဗျာ ပြောနေ ကြာတယ်၊ သွားရှင်းရအောင်'

'ဟုတ်တော့ ဟုတ်တယ်ဗျ၊ ကျုပ်လည်း တွေးကြည့်မှ ဒေါသဖြစ်လာပြီ၊ လာဗျာ သွားမယ်၊ ကမ္ဘာပူပူ အေးအေး ဖြစ်ချင်ရာဖြစ်'

'နေ နေကြဦးလေ ... ဒီမှာ ဘာမှ မမေးရသေးဘူး'

'မေးမနေနဲ့ မင်းတို့လည်း သေမှာပဲ'

'ကောင်းကွာ'

## တရားခံနံပါတ် (၁၀၅) ။ ရာသီဥတု ။

'ဒီမှာ ဟေ့ကောင် ... ကမ္ဘာကြီး ပူနွေးလာတာ မင်း ဖောက်ပြန်လို့ မဟုတ်လား'

'တိုးတိုးပြောပါ ဆရာတို့ရယ်၊ ကျွန်တော် ဖောက်ပြန်တာ ကျွန်တော့် မိန်းမ သိသွားဦးမယ်'

'ဟယ် ဘာတွေ လျှောက်ပြောနေတာတုံး၊ ကမ္ဘာပူလာတဲ့ ကိစ္စ မေးနေတာကွ၊ အရေးကြီးတယ်၊ နောက်တီးနောက်တောက် မလုပ်နဲ့၊ မှန်မှန် ပြောစမ်း၊ မင်း ကောင်းကောင်း မနေလို့ ကမ္ဘာကြီး ပူနွေးလာတာ မဟုတ်လား'

www.burmeseclassic.com



'မဟုတ်သေးဘူး ကိုယ့်ဆရာရဲ့၊ ကျွန်တော်လည်း ကောင်းကောင်းနေချင်တာပေါ့၊ ဒါပေမဲ့ ကောင်းကောင်းနေလို့ မရအောင် ဝိုင်းလုပ်နေကြတာကိုးဗျ'

'ဘယ်သူတွေ ဘာ ဝိုင်းလုပ်နေကြလို့တုံး'

'ဆရာ စဉ်းစားကြည့်လေ ... တောတွေက ပြုန်း၊ ရေထု မြေထု လေထုက ညစ်ညမ်းနေ၊ အိုဇုန်းလွှာက ပေါက်၊ ဒီကြားထဲ လူတွေကလည်း တဖြည်းဖြည်း တိုးပွားလာပြီး စစ်တွေဖြစ်ကြ ဘာကြနဲ့ ဆိုတော့ ကျွန်တော်လည်း ဘယ် ငြိမ်ငြိမ်နေလို့ ရတော့မှာလဲ'

'မင်းဟာ အားလုံးကို ဆွဲထည့်နေပါလား'

'ဆွဲထည့်တာမဟုတ်ဘူး ဆရာ၊ ကျွန်တော်က အားလုံး ကောင်းကောင်းနေမှ ကျွန်တော် ကိုယ်တိုင်လည်း အေးအေးချမ်းချမ်း နေရတဲ့ကောင်ပါ'

'အေး ဒါလည်း ဟုတ်သား'

'ဟုတ်ရင် ခွင့်ပြုဦး ဆရာ၊ ကျွန်တော် ပြန်မှ ဖြစ်မယ်'

'ဘာဖြစ်နေတာလဲ မင်းက ... လောလော လောလောနဲ့'

'မဟုတ်ဘူး ဆရာ၊ ကျွန်တော် ဆရာတို့ဆီ လာတာကို ကျွန်တော့် မိန်းမ ဆိုင်ကလုန်းက ဆူနာမီလေးဆီ ခိုးသွားနေတယ် ထင်မှာစိုးလို့၊ အဲဒါ ဟို ....'

'သွားကွာ သွား ... ဘာကောင်လဲ မသိဘူး'

'ကျေး ... ကျေးဇူးပဲ ဆရာ'

တရားခံနံပါတ် (၁၀၆) ။ ။ ?

'ကိုင်း ... ခေါ်ကွာ နောက်တစ်ကောင်'

'ခဏနေဦးဗျ၊ ကျုပ်တို့ နည်းနည်းတော့ ပြန်စဉ်းစားမှ ဖြစ်မယ်ထင်တယ်'

'ဘာဖြစ်လို့တုံး၊ စစ်စရာတွေ အများကြီး ကျန်နေတဲ့ အထဲမှာ ခင်ဗျားက တမျောင့်'

'မဟုတ်သေးဘူးဗျ၊ ဒီလို လျှောက်စစ်နေလို့ ပြီးမှာကို မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်ရှည် ထားစမ်းဗျာ၊ ကျုပ် ပြောမယ်'

'အင်း ဆိုပါဦး'

'ကျုပ်တို့ တရားခံ ရှာလာတာ အမျိုးတစ်ရာ ကျော်လာပြီ၊ အခုထိ လည်း မသိသေးဘူး၊ တစ်ခုခုတော့ လုပ်ကြရင် ကောင်းမယ်၊ တစ်ချက် ဖြန့် စဉ်းစားကြည့်ကြစမ်းဗျာ'

'ဟုတ်တယ်ဗျ၊ ခင်ဗျားပြောတာ … နေဦး …ကျုပ် တစ်ခု သတိ ထားမိတယ်'

'လုပ်စမ်းပါဦး'

'စစ်ခဲ့သမျှ ဟာတွေကလည်း တစ်ကောင်ကို တစ်ကောင် လွဲချနေကြ တာချည်း ဆိုပေမဲ့ ပြောခဲ့သမျှထဲမှာ ဘုံ ပါနေတာ တစ်မျိုး ရှိတယ်ဗျ'

'ဘာတုံး အဲဒါ'

'လူလေဗျာ … လူ လူ၊ လူကို ကျုပ်တို့ မစစ်ရသေးဘူး'

'အေး ဟုတ်သား၊ ဘယ်မလဲ လူ …၊ ဒီနေရာမှာ ဘယ်လိုလုပ် လူ ရှိမှာတုံး'

'သိပ်ရှိတာပေါ့၊ လူဆိုတာ ပါလေရာမျိုးဗျ၊ ဟိုမှာ တစ်ကောင် … ခတွေ့ဖူးလား၊ ပိန်ကပ်ကပ် စုတ်ချွန်းချွန်းနဲ့ ကျီးကြည့် ကြောင်ကြည့် လုပ် နေတဲ့ တစ်ကောင်'

'အေး ဟုတ်သား၊ ဟိုကောင် လူကောင် လာခဲ့'

ကိုယ်ကျိုးတော့ နည်းပြီဗျို့၊ ကျုပ်ကို တွေ့သွားကြပြီဗျ။ ဘယ့်နှယ်လုပ် ရပါ့။ လူတကာ လုပ်ထားသမျှတော့ ကျုပ်က ဓားစာခံ အဖြစ်မခံနိုင်ဘူး။ သတင်း မရချင်နေ။ ပြေးရင် ကောင်းမလား။

'အံမယ် ဘယ် လျှောက်ကြည့်နေတာလဲ၊ မင့် ခေါ်နေတာဟ၊ လာခဲ့ စမ်း ဒီကို'

မရတော့ဘူး။ မီးစင်ကြည့်ကရမှာပဲ။

'ပြောစမ်း၊ မင်းနေတဲ့ ကမ္ဘာ ပူလာတာ မင်း မသိဘူးလား'

'ဟို … သိတော့ သိပါတယ်၊ ဒါ … ဒါပေမဲ့'

'တော်စမ်း၊ မေးတာပဲဖြေ လျှာမရှည်နဲ့'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ် … ဟုတ်'

'မှန်မှန်ပြော၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို မင်းတို့လူတွေပဲ အဆက်မပြတ်ကြီးထွားလာအောင် ပံ့ပိုးနေကြတယ်ဆို'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်မပါ …'

'ဘာမပါရမှာလဲ၊ မင်းလည်း လူပဲဟာ၊ လူတွေလုပ်နေတာတွေ မင်းမှာလည်း တာဝန်ရှိတယ်၊ တောပြုန်းအောင် ခုတ်နေတာလည်း လူတွေပဲမဟုတ်လား'

'ဟုတ် ဟုတ်ပါတယ်၊ ကျွန်တော် တောမခုတ် …'

'တိတ် ! နောက်တစ်ခု မေးမယ်၊ မြေထု ရေထု လေထု ညစ်ညမ်းအောင် လူတွေက စွန့်ပစ်ပစ္စည်း အညစ်အကြေးတွေ အများကြီး ထုတ်နေကြတယ်ဆို'

'ကျွန်တော် မ မသိ …'

'ဘာ မသိတာလဲ၊ မင်း လူပဲဟာ၊ ပြောစမ်း မင်းတို့ လူတွေကြောင့် ရာသီဥတု ဖောက်ပြန်ပြီး အိုဇုန်းလွှာ ပေါက်သွားတာ မဟုတ်လား'

'အို အိုဇုန်းဖောက်တာ ကျွန်တော် မပါ …'

'တောက် လူပီသသကွာ၊ လုပ်ချင်ရာ လုပ်ပြီး မသိချင်ယောင်ဆောင်တဲ့ နေရာတော့ တယ်တော်၊ ဒီမှာ မင်းနဲ့ ဆိုင်တာ တည့်တည့် ပြောပြမယ်၊ လူ့ပြည်မှာ မင်း ဘာလုပ်စားသလဲ ကဲ ပြော'

'သ … သတင်းထောက်ပါ'

'ဘာ ! သတင်းထောက် ဟုတ်လား၊ ဘာသတင်းတွေ ထောက်တုံး'

'အ အစုံပဲ ခင်ဗျ၊ လင်မယား ရန်ဖြစ်တာကအစ ကမ္ဘာ့စီးပွားပျက်ကပ်အထိ ရ ရတဲ့သတင်း အ အကုန်ထောက် …'

'အဲဒါပဲ၊ အဲဒီမှာ ပေါ်တာပဲ၊ ကမ္ဘာကြီး ပူလာအောင် လုပ်တဲ့အထဲမှာ မင်းလည်း ပါကိုပါပြီ'

'ခင်ဗျာ'

'မခင်ဗျာနဲ့၊ ငါပြောမယ် နားထောင်၊ ကမ္ဘာမှာ စစ်ဖြစ်တဲ့လူ ရှိမယ်၊ ကာဗွန်ထုတ်တဲ့လူ ရှိမယ်၊ မြေ ရေ လေ ညစ်ညမ်းအောင် လုပ်တဲ့လူ ရှိမယ်၊ ကုန်ကုန် ပြောရင်ကွာ ကမ္ဘာကြီး ပူနွေးလာအောင် လုပ်နေကြတဲ့လူ


www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံ ရှိတယ်၊ ဒါပေမဲ့ အဲဒါတွေ အားလုံးဟာ ရုပ်ပိုင်းဆိုင်ရာ ပွန်းလာအောင် လုပ်နေကြတာ၊ မင်းလိုကောင် ဘာတဲ့ …သတင်းထောက် ဟုတ်လား'

'ဟုတ် … ဟုတ်ကဲ့'

'အေး မင်းက ပိုဆိုးတယ်၊ မင်းလို ကောင်စားမျိုးက စိတ်ပိုင်းဆိုင်ရာ ပွန်းလာအောင် လုပ်နေတာကွ၊ ကမ္ဘာကြီး ပွန်းလာအောင် လုပ်နေတဲ့အထဲမှာ မင်းလည်း တရားခံပဲ'

'သိပ် သိပ်မဆိုင်ဘူးထင် …'

'ဘာ မဆိုင်ရမှာလဲ၊ မင်း သတင်းထောက်တဲ့ အထဲမှာ ကောင်းနေတဲ့ အကြောင်းအရာ ကောင်းလာတော့မယ့် အကြောင်းအရာတွေကို ဖော်ပြတာ များလား၊ လတ်တလော ပျက်စီးဆုတ်ယုတ် သေကြေနေတဲ့ သတင်းတွေ ဆုံးရှုံးနေကြတဲ့ မကောင်းတဲ့ အနိဋ္ဌာရုံကို ဖော်ပြတဲ့သတင်းတွေ များလား စဉ်းစားစမ်း'

'ဒါ … ဒါကတော့'

'မင်း ပြောမှာ ငါ သိတယ်၊ လူဆိုတဲ့ အမျိုးဟာ အနိဋ္ဌာရုံကို ပိုစိတ်ဝင်စားတဲ့ သဘာဝ ရှိတာကို မင်းတို့ သတင်းသမားတွေ ကောင်းကောင်း သိတယ်၊ ဟုတ်တယ် မဟုတ်လား၊ ဥပမာ ငါ ပြောပြမယ်၊ လူတစ်ယောက်ဟာ အနာဂတ်မှာ စိမ်းစိုဖို့ သစ်ပင်တစ်ပင် စိုက်နေတာကို သတင်းအနေနဲ့ ဖော်ပြလို့ ရတယ်၊ တစ်ချိန်တည်းမှာပဲ လူတစ်ယောက်ဟာ ရူးပြီး တိုက်ပေါ်က ခုန်ချလို့ ပိုးစိုးပက်စက် သေသွားတဲ့သတင်းလည်း မင်း ရမယ်၊ အဲဒီ သတင်းနှစ်ခုမှာ ဘယ်ဟာကို မင်း ဖော်ပြမလဲ၊ စဉ်းစားစရာတောင် မလိုဘူး၊ တိုက်ပေါ်က ကျသေသွားတဲ့ လူအကြောင်းပဲ၊ ဖြစ်နိုင်ရင် ဓာတ်ပုံတွေနဲ့တောင် ဝေဝေဆာဆာ ဖော်ပြမှာ ဟုတ်တယ် မဟုတ်လား'

'ဟုတ် ဟို ဒါက … '

'စောဒက လာမတက်နဲ့၊ ဆက်ပြောပြမယ် နားထောင်၊ အဲလိုပဲ ကမ္ဘာနဲ့ချီပြီး ရလာတဲ့ သတင်းတွေမှာ ဆိုရင်ကော … ရှင်းရှင်းလေးပဲ စဉ်းစား ပါလက်စတိုင်း စစ်ပွဲသတင်းကို မင်းတို့တွေ ရေးပြ၊ ရိုက်ပြမလာခဲ့ခင် က တောင်တန်းနဲ့ မြက်ခင်းတွေ ဘယ်လောက် သာယာတယ် ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ရေးပြ ရိုက်ပြသလား၊ နောက်တစ်ခု ထပ်စဉ်းစား၊ ကမ္ဘာမှာ စီးပွားပျက်နေတာကို ဖော်ပြမလား၊ တစ်ချိန်တည်းမှာပဲ စီးပွားဖြစ်လာတဲ့ လူတွေ ရှိနေသေးတာကို ဖော်ပြသလား၊ ရှင်းပါတယ်၊ ကမ္ဘာတစ်ဝှမ်းလုံးက မင်းတို့အခေါ် မီဒီယာတွေ အားလုံးဟာ ပါလက်စတိုင်း စစ်သတင်းနဲ့ စီးပွားပျက်ကပ် အကြောင်းပဲ တညီတညွတ်ထဲ ကမ္ဘာကို တင်ပြချင်ကြတာချည်းပဲလေ၊

ဘာကြောင့်လဲဆိုတော့ ရှင်းတယ်၊ မင်းတို့က လူတွေရဲ့ စိတ်ကို သိတာကိုး၊ အနိဋ္ဌာရုံနဲ့ မကောင်းတဲ့ မြင်ကွင်းတွေမှာ စိတ်ဝင်စား သာယာတတ်တဲ့ လူတွေရဲ့ မသိစိတ် တစ်မျိုးကို မင်းတို့ ကောင်းကောင်း သိတာကိုး၊ အဲဒီစိတ်ကို အသုံးချပြီး မင်းတို့လုပ်ငန်းတွေ လည်ပတ် ရပ်တည်နေရတာကိုး၊ မင်းလို ငပါမွှား မပြောနဲ့၊ ကမ္ဘာတစ်ခုလုံးကို သိမ်းထားတဲ့ ရောမသတင်း မီဒီယာကြီးတွေတောင် ဒီအတိုင်းပဲ နေ့စဉ် ရပ်တည်နေတာ မဟုတ်လား၊ အနိဋ္ဌာရုံနဲ့ ထမင်းရှာစား နေကြတာလေကွာ၊ မင်း ဘာငြင်းမလဲ၊ ကိုယ်ကျင့်တရား ကောင်းတဲ့ မင်းသားတစ်ယောက် အကြောင်းကို ဖော်ပြလား၊ တစ်ခါတလေ အပေါင်းအသင်းမှားလို့ မူးရူးမိတဲ့ အားကစားသမားတစ်ယောက် အကြောင်းကို မင်း ဖော်ပြလား၊ ကိုင်း ပြောစမ်း'

'.........'

'မင်းမှာ ပြောစရာ မရှိရင် ငါ ဆက်ပြောမယ်၊ မင်းဦးနှောက် သေးသေးလေးနဲ့ နည်းနည်းတွေး၊ တစ်ကမ္ဘာလုံးက မီဒီယာတွေက စစ်ပွဲတွေ အပျက်အစီးတွေ ဒုက္ခတွေ သဘာဝ အန္တရာယ်တွေချည်းပဲ တညီတညွတ်တည်း ဖော်ပြနေကြတဲ့အခါ ဘာဖြစ်လာလဲ၊ မင်းတို့ ဖော်ပြသမျှကို ကြည့်နေရတဲ့ ကျန်တဲ့လူတွေ အားလုံးရဲ့ စိတ်ထဲမှာ ဘာထင်လာလဲ၊ ရှင်းရှင်းလေးပဲကွ၊ တို့နေတဲ့ ကမ္ဘာကြီးဟာ မကောင်းတော့ဘူး၊ တဖြည်းဖြည်း ဆိုးလာနေပြီလို့ ယူဆကုန်ကြရော မဟုတ်လား၊ ဒီအခါမှာ လူတွေရဲ့ စိတ်တွေမှာ သောကအပူတွေ ပို ဖိစီးလာတယ်၊ ပိုပြီး ရုန်းရင်း ကြမ်းတမ်းလာတယ်၊ ပိုရက်စက်လာတယ်၊ ပို တစ်ကိုယ်ကောင်းဆန်လာတယ်၊ အဲဒီပေါ်တွေမှာ မူတည်ပြီး သတင်းတွေ ထပ်ဖြစ်လာတော့ အဲဒီ မကောင်းတဲ့ သတင်းတွေကို မင်းတို့က အားရပါးရ ထပ် ဖော်ပြတယ်၊ မင်းတို့လူတွေ ဘယ်ကို ဦးတည်နေပြီလဲ



www.burmeseclassic.com

www.burmeseclassic.com



သိလား၊

လူမျိုးနွယ် တစ်ခုလုံး မျိုးတုံးသွားနိုင်တဲ့ဘက်ကို ဦးတည်နေပြီ၊ မင်းတို့ လူတွေက ထင်တယ်၊ ကမ္ဘာကြီးကို မင်းတို့ပိုင်တယ်လို့ …ကမ္ဘာကို မင်းတို့ မပိုင်ဘူး၊ ကမ္ဘာပေါ်မှာ မင်းတို့ နေခွင့်ရရုံလေး ရနေတာ၊ ကမ္ဘာကြီး ပူနွေးလာပေမဲ့ ကမ္ဘာကြီးဟာ ပျက်စီးသွားမှာ မဟုတ်ဘူး၊ ရှိနေဦးမှာပဲ၊ စကြဝဠာဟာ ရှိနေမှာပဲ၊ မင်းတို့ လူဆိုတဲ့ ဟာလေးတွေသာ အားလုံး မျိုးတုံးသွားမှာ၊ တခြား ဘာမှ မဖြစ်ဘူး၊ မင်းတို့ လူတွေ သေသွားကုန်ကြရုံလေးပဲ'

'ဗျာ'

'မင်း လန့်သွားပြီလား၊ ဟင်း ဟင်း … တစ်ခု ထပ် ပြောလိုက်ဦးမယ်၊ အခု ငါ ပြောခဲ့တာတွေကို မင်း သတင်းအနေနဲ့ ဖော်ပြရဲလား၊ ဆောင်းပါးအနေနဲ့ရော ရေးရဲလား၊ ငါ မင်းကို ဗေဒင် ဟောလိုက်မယ်၊ ကမ္ဘာကြီးဟာ ကောင်းနေပါတယ် ဆိုတဲ့ အတွေးမျိုးကို ဘယ်မီဒီယာကမှ ဖော်ပြမှာ မဟုတ်ဘူး၊ မင်း ရေးခဲ့ရင်တောင် မင်းဟာကို ဘယ်မီဒီယာကမှ မဝယ်ဘူး၊ စိတ်ချ၊ ဘာလို့လဲ သိလား …'

'မ မသိ …'

'ကမ္ဘာကြီးဟာ သဘာဝအတိုင်း မျှတနေပါသေးတယ်၊ ဒါပေမဲ့ မင်းတို့ လူတွေမှာ အကောင်းဘက်က မြင်ပေး ကြည့်ပေး လုပ်ကိုင်ပေးမယ့် လူတွေတော့ သိပ်ကို ရှားသွားပြီ၊ မင်းတို့ တစ်ကမ္ဘာလုံးက လူတွေရဲ့ ငွေကြေးတွေဟာ မင်းတို့ လူတွေဆီမှာပဲ ရှိနေတာပါ၊ ဘယ်မှ ရောက်မသွားပါဘူး၊ မင်းကို လက်ဆောင် အသိတရား တစ်ခု ပေးလိုက်မယ်၊ ကောင်းတာနဲ့ မကောင်းတာဟာ အမြဲတမ်း မျှနေတယ်၊ ဘယ်ဟာမှ ဘယ်နေရာမှ မပိုဘူး၊ မင်း ပြန်တော့'

'ခင်ဗျာ'

'လူတွေရှိရာကို မင်း ပြန်လေ၊ ပြီးရင် မင်းပြော … စီးပွားပျက်ကာလကြီး ဆိုတာ အခိုက်အတန့်ပါလို့ ဝမ်းသာအားရ မင်း ပြော၊ ကမ္ဘာကြီးဟာ ကောင်းလာမှာပါလို့ ပြော … ကိုင်း'



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လန့်နိုးသွားပြီ။ ဘယ်လိုကြီးမှန်းတော့ မသိဘူး။ ဒါပေမဲ့ အကောင်းမြင်ကြည့်ရင် အနည်းဆုံးတော့ စိတ်ချမ်းသာတာ အပဟုတ်ဗျို။

အနောမယ ကျန်းမာရေးနှင့် အလှအပ မဂ္ဂဇင်း မေလ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# လူမှမျောက်သို့ ဆင်းသက်လိုခြင်း

တစ်ရံရောအခါ သိပ္ပံပညာရှင် တစ်စုသည် ချားလ်စ်ဒါဝင်၏ Revolution Theory ကို လက်တွေ့ သုတေသနပြုရန် အကြံ ဖြစ်ကြလေသည်။ ရှင်းရှင်း ဆိုရသော် လူဆိုသည်မှာ မျောက်မျိုးနွယ်စိတ် တစ်ခုမှ အဆင့်ဆင့် ပြောင်းလဲယဉ်ကျေး ဆင်းသက်လာသော ကိစ္စ ဟုတ် မဟုတ် သိရအောင် ခေတ်မီနည်းပညာများ အကူအညီဖြင့် အချိန်ကာလတို တစ်ခု အတွင်း လက်တွေ့ စမ်းသပ်ကြည့်ရန် ဖြစ်၏။

လွယ်တော့ လွယ်လှသည် မဟုတ်ချေ။ နှစ်ပေါင်းသန်းချီ၍ ဖြစ်ပျက်လာခဲ့သည်ဟု ယူဆရသော ကိစ္စတစ်ခုအား ဆယ်စုနှစ် လေးငါးခုအတွင်း လက်တွေ့စမ်းသပ်ကြည့်ရန် ကြံကြခြင်း ဖြစ်၏။ သူတို့မှာ အားကိုးလောက်စရာဟူ၍ ခေတ်လွန်နည်းပညာများသာ ရှိ၏။ သို့သော် ထိုလူစုမှာ သိပ္ပံပညာရှင်များ ဖြစ်သည့်အလျောက် လွန်စွာ ခေါင်းမာကြ၏။ မဖြစ် ဖြစ်အောင် လုပ်ကြည့်မည်ဟု ဆုံးဖြတ်ကြလေသည်။

ဤသို့အားဖြင့် ထို လူစုသည် တောထဲမှ မျောက်လင်မယားတစ်စုံကို သိပ္ပံစမ်းသပ်ခန်းထဲသို့ ခေါ်ယူ မွေးမြူလိုက်ခြင်းအားဖြင့် သူတို့လုပ်ငန်းအား စတင် အကောင်အထည် ဖော်လေသည်။

ထိုလူတစ်စုသည် ရောက်လာသော မျောက်လင်မယားအား ရော၀



www.burmeseclassic.com

www.burmeseclassic.com



ဘယမျှား ကင်းစင်အောင် စစ်ဆေးခြင်း၊ ယဉ်ပါးလာအောင် မွေးမြူလေ့ကျင့်ခြင်း၊ သာမန် မျောက်သတ္တဝါ ဦးနှောက်ထက် အဆမတန် ဉာဏ်ရည်တက်လာအောင် နည်းပညာအမျိုးမျိုး အသုံးပြု စမ်းသပ်ခြင်းတို့ဖြင့် လွန်စွာ အလုပ်ရှုပ်ကြလေတော့၏။ ဤသို့အားဖြင့် နှစ်များ ကုန်ဆုံးသွား၏။ မူလအစ မျောက်လင်မယားမှ သားသမီး မြေး မြစ် တီ တွတ် ကျွတ်များ ထွန်းကားလာကြကာ တော်တော်လေးကို ယဉ်ကျေးလာကြကုန်၏။ ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာအရ မွေးလာသော မျောက်များမှာ လူနှင့် တဖြည်းဖြည်း ပို၍ ပို၍ တူလာသဖြင့် ပညာရှင်တို့ လွန်စွာ အားရကြ၏။ သို့သော် ပြဿနာ တစ်ခု ရှိနေ၏။

စမ်းသပ်ခန်းထဲ အဆင့်ဆင့် ပေါက်ပွားလာကြသော မျောက်များမှာ ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာသာ လူနှင့် တော်တော် တူလာသော်လည်း ရုပ်မှာမူ မျောက်ရုပ်သာ ထွက်နေသေး၏။ ကြည့်ပျော်ရှုပျော် နည်းနည်း ချောလာအောင် ဘယ်လိုမှ လုပ်မရ။ မျောက်ရုပ်က မျောက်ရုပ်ပင် ဖြစ်နေ၏။ ထို့ပြင် နောက် ပြဿနာတစ်ခုမှာ အမြီးကိစ္စ ဖြစ်၏။ ဘယ်လောက်ဂျင်နရေးရှင်း ပြောင်းလာလာ အမြီးတန်းလန်း ပါလာသည်သာ ဖြစ်၏။ ထိုကိစ္စ အခက် တွေ့ကြလေ၏။ ဒါဝင်ကလည်း လူဆိုတာ မျောက်ကဆင်းသက်လာတာလို့သာ ပြောသွားသည်။ ဘယ်ခေတ်မှာ အမြီးတွေ ပျောက်ကုန်ကြတာဟု ပြောမသွား။ သိပ္ပံပညာရှင် တစ်စုမှာ ထိုကိစ္စကို တော်တော် စဉ်းစားကြ၏။ နည်းပညာ အမျိုးမျိုး သုံးကာ မျောက်တွေ ချောလာအောင် ကြံကြ၏။ ပလတ်စတစ်ဆာဂျီရီတွေ ဘာတွေ ကိုင်ကြည့်၏။ မျောက်၏ မျိုးရိုးဗီဇကို နည်းနည်း ပြောင်းကြည့်၏။ သို့သော် မရ။ မျောက်တွေမှာ ရုပ်ချောလာလျှင် ဉာဏ်တိမ်သွား၏။ ဉာဏ်ကောင်းအောင် ပြန်လုပ်သော် ရုပ်ဆိုးတွေ ထွက်လာပြန်၏။ ဤတွင် သိပ္ပံပညာရှင်များ ကောက်ချက်တစ်ခု ရ၏။ ဤ **မျောက်များမှာ တို့လူတွေနှင့် အလွန်တူနေပြီဟူသော ကောက်ချက်တည်း။**

ဤ မျောက်များမှာ လူတွေလိုပဲ ရုပ်ချောရင် တောက်တုံး မကျဘူး၊ တောက်တုံးကျတဲ့ အကောင်ဆိုလည်း ချောချောလှလှ မရှိဘူးဟု သဘောပိုက်ကာ နောက်ဆုံး ရုပ်ပိုင်းဆိုင်ရာကို ပေယျာလကန် သဘောထားပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပိုင်းသာ လူလိုဖြစ်အောင် ဆက် ကြိုးစားကြကုန်၏။ ဤသို့အားဖြင့် နှစ်ပေါင်း များစွာ ထပ် ကုန်သွား၏။

စမ်းသပ်ခန်းထဲမှ မျောက်များမှာ အိုပြီး သေသွားလိုက် အသစ်အသစ်တွေ ထပ်မွေးလာလိုက် ရှိကြသလို သိပ္ပံပညာရှင်ဟောင်းများ သေသွားလိုက်၊ သူတို့နေရာကို အသစ်များက အစားထိုး ဆက်ခံလိုက်နှင့် သုတေသနလုပ်ငန်းကို ခရီးဆက်ကြလေသည်။ ထိုသို့ဖြင့် ဆယ်စုနှစ်များစွာ ကုန်သွားပြီး နောက်ဆုံးတစ်နေ့တွင်ကား ရုပ်ပိုင်းဆိုင်ရာတွင် မျောက်ရုပ် အတန်ငယ်ပေါက်နေ၍ စိတ်နှင့် အကျင့်စရိုက်၊ ဦးနှောက်ဉာဏ်ရည်တို့မှာ ယခုခေတ်လူတွေအတိုင်း ရှိသော အကောင်လေး တစ်ကောင် မွေးလာလေတော့၏။ သိပ္ပံပညာရှင် တစ်စုမှာ လွန်စွာ ဝမ်းမြောက်ကြလေပြီ။ သူတို့၏ သုတေသနပြု လုပ်ငန်းကြီး အဆုံးသတ်လုပြီ ဖြစ်၏။ ဒါဝင်၏ သီအိုရီကို လက်တွေ့မှန်ကန်ကြောင်း ပြသရန် ဤ နောက်ဆုံး မွေးလာသော လူမျောက်ကလေး လူလားမြောက်သွားသည် အထိ စောင့်ကြည့်ရန်သာ လိုတော့၏။ သို့သော် မွေးလာသော နောက်ဆုံး ဂျင်နရေးရှင်း လူမျောက်ကလေးမှာ အမြီးတစ်ထွာလောက် ပါလာသေး၏။ ဤလောက်ကား ကိစ္စ မရှိတော့ပေ။ အမြီးကို ဖြတ်ပေးလိုက်ပြီးသည်နှင့် သိပ္ပံပညာရှင်တစ်စုမှာ ဤ သတ္တဝါလေးကို လူ ဟု သတ်မှတ် လိုက်ကြလေကုန်၏။ လူမျောက်ကလေးသည် ခေတ်သစ်လူလေးများ အတိုင်း ဆက်လက် ရှင်သန်ရလေတော့၏။ ဤတွင်…

Human မဟုတ်တဟုတ် Humonkey လေးမှာ ယနေ့ခေတ် ကမ္ဘာလူနေမှု အဖွဲ့အစည်းကြီးထဲမှ Human ပေါက်လေးများကဲ့သို့ အသက်သုံးနှစ်အရွယ်မှ စ၍ ပြဿနာပေါင်းစုံ ရင်ဆိုင်ရလေတော့၏။

သုံးနှစ်အရွယ် ရောက်သော် Humonkey လေးထံသို့ မူကြိုပေါင်းစုံမှ သက်ဆိုင်သူများ ရောက်လာကာ ကြော်ငြာ ဝင်လေတော့၏။ ငါ့မူကြိုက ဘာကောင်းတယ်၊ ငါတို့ မူကြိုက ဘယ်လို သင်တာ၊ ငါတို့ မူကြိုကကလေး ငါးနှစ်ပြည့်တာနဲ့ ဘွဲ့တစ်ခုတည်း တန်းရသွားလောက်အောင် သင်ပေးမှာ စသဖြင့် နားမဆံ့အောင် ကြားရ၏။ အချို့က တစ်မျိုးသွယ်၏။ အချိန်ပြည့်သင်ရင် ကလေး စိတ်ဖိစီးမယ်၊ ဒါကြောင့် တို့က အချိန်ပိုင်း Summer School ပဲ ဖွင့်တယ်၊ လာတက်ရင် ကနေ့အဆင့် မီမယ်



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြီးကြီးကျယ်ကျယ် အထက်စီးနှင့် ခွဲယ်ကုန်၏။ သို့သော် Humonkey လေးမှာ ကလေးသာ ဖြစ်၍ ဘာမှ မစဉ်းစားတတ်သေး။ အုပ်ထိန်းသူများ ထင်ရာထားလိုက်သော မူကြိုသို့ ရောက်သွား၏။ ခေတ်မီ ကမ္ဘာ့မူကြိုများ နည်းတူ ပြောတုန်းက တစ်မျိုး၊ သင်တော့ တလွဲ လုပ်သဖြင့် အုပ်ထိန်းသူ များ ခေါင်းခဲကြသလို သောက်သောက်လဲ အကုန်အကျ များရလေကုန်၏။ ထိုသို့ဖြင့် ကျောင်းနေသင့်သော အရွယ် ရောက်လေသည်။

ကျောင်းနေသင့်သော အရွယ် ရောက်သော် State School များ၏ ခွင်ထဲသို့ ဝင်လေသည်။ နိုင်ငံတကာ အသီးသီးမှ အစိုးရ တရားဝင်ကျောင်း များ၊ အစိုးရ အသိအမှတ်ပြု ပုဂ္ဂလိက ကျောင်းများ၊ အစိုးရ အသိအမှတ် မပြုတပြု ကျောင်းများကား နှစ်ရှည်စီမံကိန်း မျိုးစုံ ချပြကာ အနာဂတ်ကို မျိုးစုံ တွက်ချက် ပြကြလေကုန်၏။ ကလေးခမျာ ဘာမှမသိရှာချေ။ မျက် လုံးကလေး ကလယ်ကလယ်နှင့် အုပ်ထိန်းသူများကို အားကိုးရရှာ၏။ အုပ်ထိန်းသူများကား လွန်စွာ စဉ်းစားရလေပြီ။ လူသည် မျောက်က ဆင်းသက်လာခြင်းကို သက်သေပြနိုင်ရန် မဟာစီမံကိန်း ဦးတည်ချက်အရ လည်းကောင်း၊ လူတစ်ယောက်၏ ဘဝကို တစ်စုံတစ်ရာ ကြီးမားသော သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းတရားအားဖြင့် လည်းကောင်း Humonkey လေး၏ ပညာရေးကို သတိကြီးစွာ ထား၍ စဉ်းစားကြရ လေတော့၏။

State ကျောင်း ဆိုသည်မှာ လူကလေးငယ် တစ်ယောက်အတွက် လွန်စွာ အရေးကြီးသော ရွေးချယ်မှုတစ်ခု ဖြစ်လေပြီ။ ယနေ့ခေတ်အရ ခေတ်အမီ လွန်နေသော ကျောင်းတွင် ထားမလား၊ ဒါမှမဟုတ် စိတ်ချနိုင် လောက်သည်ဟု ယူဆသော ကျောင်းတွင် ထားမလား။ စဉ်းစားရလေပြီ။

သို့သော် လွန်စွာ ဉာဏ်ရည် ထက်မြက်လှသော သိပ္ပံပညာရှင်တစ်စု မှ မွေးဖွားလာသည့် လူမည်ကာမတ္တလေး တစ်ယောက်အတွက် ရွေးချယ် မှုမှာ မှန်ကန်ခဲ့လေသည်။ Humonkey လေးမှာ သူ့အုပ်ထိန်းသူများ ရွေးချယ်ခဲ့သော ကျောင်းတစ်ခုတွင် အခြေခံ၊ အလယ်တန်း၊ အထက်တန်း ပညာရပ်များကို တရားနည်းလမ်းကျစွာ သင်ကြား တတ်မြောက်ခဲ့လေပြီ။ ဆယ်စုနှစ်တစ်ခု အတွင်း သူသည် အထက်တန်းပညာကို အောင်မြင်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com


ပြီ။

Humonkey လေးမှာ တက္ကသိုလ်တန်းပညာကို ဆက်လက်သင်ယူရန် ကြိုးစားဆဲ ကာလတွင် ဒါဝင်ကို သူ တွေ့ရှိလေတော့၏။ ထိုရောအခါတွင်ကား .......

လူဆိုတာ မျောက်က ဆင်းသက်လာပြီး မျောက်ထက် ဒုက္ခရောက်နေသော ခေတ်မီ ကမ္ဘာ့လူငယ်တစ်ယောက် ဘဝကို အကြီးအကျယ် ခေါ်ပွလေတော့၏။ ခေတ်လူငယ် တစ်ယောက် ပီသရန် အတွက် တရုတ်စကား၊ အင်္ဂလိပ်စကား၊ ဂျပန်စကား၊ ပြင်သစ်စကား၊ ကပ္ပလီစကား စသောဘာသာစကား ပေါင်းစုံ သင်ရ၏။ ကွန်ပျူတာ၊ အင်တာနက် စသောနည်း ပညာပေါင်းစုံ အသုံးပြုတတ်ရန် ကြိုးစားရ၏။ ဘာသင်တန်း ညာသင်တန်း စသဖြင့် သင်တန်းပေါင်းစုံကိုလည်း လိုက် တက် ရ၏။ Certificate များ၊ Diploma များ များများ ကိုင်ထားနိုင်မှ လူရာဝင်သောဘဝ ဖြစ်၍ စာမေးပွဲပေါင်း များစွာ ငရဲကျသလို လျှောက်ဖြေရ၏။

ထို့ပြင် သာမက ခေတ်မီကမ္ဘာတွင် ဝင်ဆံ့နိုင်ရန် လူမှုပေါင်းသင်းဆက်ဆံရေး၊ ကမ္ဘာ့အရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အနုပညာ၊ အချက်အပြုတ် စသည့် မြောက်မြားလှစွာသော မပြီးနိုင် မစီးနိုင် ကိစ္စများကိုလည်း လျှောက်လေ့လာရ၏။

ထိုသို့အားဖြင့် Humonkey လေးမှာ တစ်နေ့ တစ်နေ့ လွန်စွာ အလုပ်များလျက် မအားရအောင် ရှိလေတော့၏။

သူသည် ဒါဝင်နှင့်တကွ လူဆိုတာ မျောက်က ဆင်းသက်လာတာ ဟုတ်မဟုတ် လက်တွေ့ စမ်းသပ်ခဲ့သော သူ့အုပ်ထိန်းသူများကိုပါ နေ့တိုင်း ကျိန်ဆဲနေလေသည်။

နောက်ဆုံး တစ်နေ့တွင်တော့ သူ အရေးဆိုလေသည်။ သူသည် **လူ မလုပ်ချင်တော့၊ မျောက်လိုပဲ ပြန်နေတော့မည်** ဟူ၍ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် မျောက် ဆိုသည်မှာ ဘယ်လောက် ဂနာမငြိမ် ဖြစ်နေနေ လူလောက်တော့ ကိစ္စဝိစ္စ မများလှသည်ကို သူ သိသွားသောကြောင့် ဖြစ်လေသတည်း။

အင်တာနေရှင်နယ် မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ်

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကို အိတ်ထဲထည့်ခြင်း

တစ်ညသော ညဉ့်နက်သန်းခေါင်၌ ကျွန်ုပ်သည် စာရေးစားပွဲတွင် ငုတ်တုတ်ထိုင်ကာ တစ်စုံတစ်ရာ ရေးရန် အကြံထုတ်နေလေသည်။ ထိုစဉ် ကျွန်ုပ်၏ အနီးအနား တစ်ဝိုက်မှပင် ခေါ်သံသေးသေးလေး တစ်ခုကို ကြားရလေ၏။

'ဒီမှာ ... ဟေ့ ... ဟိုလူကြီး'

ကျွန်ုပ်သည် မျက်လုံးပြူး၍ သွား၏။ နားကြားများ လွဲသလား ဟု ခေတ္တ ငြိမ်၍ စောင့်ကြည့်မိ၏။

ထိုအခါ

'ဟေ့လူကြီး ခေါ်နေတာ မကြားဘူးလား'

ထပ် ကြားရပြန်၏။ တစ္ဆေများ ခြောက်သလားဟု ခေါင်းမွေးများပင် ထောင်သွား၏။ သို့သော် မရဲသော်လည်း ပြေးခဲ့စေဟု သဘောထားကာ မြန်ထူးမိလေသည်။

'ဘယ်ကောင်လဲကွ ငါ့ခေါ်နေတာ'

'ဒီမှာဗျ ဒီက ခေါ်နေတာ'

'ဘယ်မှာလဲ၊ ဘယ်ကောင် ငါ့ကို ခေါ်နေတုံး'

'ဒီမှာလေဗျာ၊ ခင်ဗျား အနားကတင် ခေါ်နေတာ'



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်သည် အတော် မကျေမနပ်ဖြစ်ကာ စာရေးစားပွဲ အနှံ့အပြား လိုက်ရှာ၏။ သို့သော် အိမ်မြှောင်တစ်ကောင် ပြေးသွားသည်မှ လွဲ၍ ဘာမှ မတွေ့သဖြင့်

'မင်း ဘယ်ကခေါ်နေလဲ … မင်း အိမ်မြှောင်လား'

ထိုအခါ ပြန်ကြားရ၏။

'ခင်ဗျားဝို့ လူတွေဟာ တော်တော်ကို တုံးတယ်၊ ဒါကြောင့် ခင်ဗျား တို့တတွေ ကျုပ်တို့ ဒုက္ခပေးတာ ခံနေရတာ'

'အောင်မယ် ရာရာသသ'

'ရာရာသသ မလုပ်နဲ့ … ကျုပ် ဒီမှာဗျ၊ ခင်ဗျား ဘောပင်တွေထည့် ထားတဲ့ ခွက်ပေါ်က ခေါ်နေတာ'

ထိုအခါမှ ကျွန်ုပ်သည် ဒင်းနေရာကို အတိအကျ သိရကာ ရှာကြည့် သော် ကျွန်ုပ်အား မချေမင် ပြောနေသည်မှာ ဘောပင်ခွက်ထဲ ကျွန်ုပ် လုံးထွေး ထည့်ထားသည့် ကြွပ်ကြွပ်အိတ်ဝါလေး တစ်လုံး ဖြစ်နေလေ သည်။ ကျွန်ုပ်သည် ၎င်းအား ဆွဲထုတ်လိုက်၍

'မင်းလား ငါ့ ခေါ်နေတာ'

'ဟုတ်တယ် … ခင်ဗျား ကျွန်တော့်ကို အိမ်နောက်ဖေးက အမျိုးတွေ ရှိတဲ့နေရာ ပို့ပေး၊ ဒီမှာ မထားနဲ့'

'အံမယ် ကြွပ်ကြွပ်အိတ်ကများ … ဘယ်မလဲ မင်းအမျိုးတွေ'

'အိမ်နောက်ဖေးက ခြင်းတောင်း တစ်လုံးထဲမှာ ခင်ဗျားမိန်းမ ခေါက် သိမ်းထားတဲ့ ကျွန်တော့်အမျိုးတွေ အများကြီး ရှိတယ်၊ ခင်ဗျား ကျွန်တော့် ကို ဒီမှာ လုံးထွေး မထားနဲ့၊ သေချာခေါက်ပြီး အဲဒီမှာ သွားထားပေး'

ကျွန်ုပ်သည် လွန်စွာ မခံချိမခံသာ ဖြစ်၍ သွားလေတော့သည်။ ဘာမဟုတ်သည့် ကြွပ်ကြွပ်အိတ် တစ်လုံးကား ကျွန်ုပ်အား ညွှန်ကြားပေးနေ လေပြီ။ ကျွန်ုပ်သည် ဒင်းအား သေချာစွာ စိုက်ကြည့်ကာ

'ဒီမှာ ဟေ့ကောင်လေး … ငါ့ သေချာကြည့်စမ်း၊ ဘာများ မှတ်နေ လဲ၊ လူကွ၊ မင်းက လူက လုပ်လို့ ဖြစ်လာတဲ့ ကြွပ်ကြွပ်အိတ်၊ ကြွပ် ကြွပ်အိတ်ကများ လူကို ဟိုမှာထားပေး ဒီမှာထားပေး ပြောရအောင်'

'ခင်ဗျား ဘာလုပ်ချင်လဲ'


www.burmeseclassic.com

www.burmeseclassic.com



အနီ အိတ်ဝါလေးသည် ကျွန်ုပ် ပြောနေသော စကားကိုပင် ဖြတ်၍ ခရေမင် ခံပက်နေလေပြီ။ ကျွန်ုပ်သည် စိတ်ဆိုးလှသဖြင့် ဒင်းအား လက်ထဲတွင် လုံးချေလိုက်၏။ ထို့နောက် ပြန်ကြည့်ကာ

'ဘာလုပ်ချင်သလဲ ဆိုတော့ မင်းကို အဲလို လုပ်ချင်တာကွာ .... မှတ်ထား'

ထိုအခါ အနီ ကြွပ်ကြွပ်အိတ်သည် ကျွန်ုပ်အား ကြည့်ကာ အတော မသတ်နိုင်အောင် ဟက်ဟက်ပက်ပက် လှောင်ပြောင် ရယ်မောနေလေတော့၏။ ဒင်းကား ကျွန်ုပ် လုံးချေလိုက်ရုံနှင့် ဘာမှ ဖြစ်ပုံမရချေ။ ကြွပ်ကြွပ်အိတ်မှ လူကို လာဟားနေသဖြင့် ကျွန်ုပ်သည် မနေတတ် မထိုင်တတ်ဖြစ်မိ၏။ ဒေါသလည်း အလွန်ထွက်ကာ ကြမ်းပေါ် ပေါက်ချ၍ ခြေထောက်နှင့် ဆောင့်နင်း၏။ နည်းနည်းမှ အရယ်မပျက်ချေ။ ကျွန်ုပ်သည် ဒင်းအား ပြန်ကောက်၍

'မင်းကို တစ်စစီ ဆုတ်ပစ်မယ်'

ထိုအခါ ကြွပ်ကြွပ်အိတ်သည် ရယ်မောနေရာမှ အတန်ငယ် လျှော့၍

'ဒီမှာ ပေါ့လူကြီး ... ခင်ဗျားတို့ လူတွေဟာ တော်တော် ရယ်စရာကောင်းတယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ကို တော်ရုံ ဖျက်ဆီးလို့ မရတော့ဘူးဗျ၊ တစ်စစီ ဆုတ်ပစ်တာ မပြောနဲ့၊ တတ်နိုင်လို့ ကတ်ကြေးနဲ့ အစသေးသေးလေးတွေ ညှပ်ပစ်လိုက်ဦး၊ ကျွန်တော်တို့က တော်ရုံနဲ့ ပျောက်မသွားဘူး၊ ခင်ဗျားတို့ အမှိုက် ပိုရှုပ်လာရုံပဲ ရှိမှာ'

ဒင်း ပြောသောစကားကို ကျွန်ုပ် သေချာ စဉ်းစား၏။ ဟုတ်ပေသားပဲ။ ကြွပ်ကြွပ်အိတ်ဆိုတာ တစ်စစီ စုတ်ပြတ်သွားဦး။ တော်ရုံနဲ့ မာလကာတ်သွားတဲ့ ပစ္စည်းမှ မဟုတ်တာ။ တော်ရုံနဲ့ ဆွေးသွားတာမျိုးလည်း မဟုတ်။ အမှိုက်တွေကြားမှာ ကြေမွ အရည်ပျော် သွားတတ်တာမျိုးလည်း မဟုတ်။ ရေထဲချလိုက်ရင် ပိုဆိုးသေး။ ရေထဲလည်း ပျော်ဝင်မသွား၊ ရေအောက်လည်း နစ်မသွား။ ရုတ်တရက် တစ်စုံတစ်ရာကို ကျွန်ုပ် သတိရသွား၏။ ထို့ကြောင့်

'မင်းကို မီးရှို့ပစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြွပ်ကြွပ်အိတ်မှာ ရယ်ပြန်လေ၏။ အားရတော့မှ

'ရှိုကြည့်လေ၊ ကျွန်တော်တို့ကတော့ အရည်ပျော်သွားပါတယ်၊ ဒါပေမဲ့ ထွက်လာတဲ့ အနံ့က ခင်ဗျားနှာခေါင်းကြီးကို အကြီးအကျယ် ဒုက္ခပေးတော့မှာ၊ ကျွန်တော့်ကို မီးရှို့လို့ ထွက်လာတဲ့အနံ့ ... ခေတ်ငွေ့ပေါ့ဗျာ ... ဒါပေမဲ့ အနံ့ပဲ ထားပါ၊ ခင်ဗျားလို လူပြိန်း နားလည်အောင် ခေတ်ငွေ့တွေ ဘာတွေ ပြောမနေတော့ဘူး၊ ကျွန်တော့်ကို မီးရှို့လို့ ထွက်လာတဲ့အနံ့ကို ခင်ဗျား ရှူမိရင် များများ မဟုတ်ဘူး၊ အခါတစ်ရာလောက်ဆို ခင်ဗျား ဆေးရုံရောက်ပြီ၊ မယုံရင် အခု ထ ရှိုကြည့်လေ၊ အနံ့ ထွက်လာရင် အိပ်နေတဲ့ ခင်ဗျားမိန်းမတောင် ပြန် နိုးလာစေရမယ်'

ကျွန်ုပ်သည် လွန်စွာ စိတ်ပိန်သွားလေသည်။ ဒင်းကို ကျွန်ုပ် မည်သို့မျှ မနိုင်တော့ပါလား။ ဒါဆို ...

ရာထောင်သောင်း သိန်းသန်းချီ ရှိနေတဲ့ ဒင်း အမျိုးတွေကိုရော ...

ကျွန်ုပ်တို့ နိုင်မှ နိုင်ပါဦးတော့မလား။ အဟောင်းတွေကို မနိုင်တဲ့ အပြင် အသစ် အသစ် ဒင်းတို့လို ကြွပ်ကြွပ်အိတ်မျိုးတွေက အားရပါးရ စက်ရုံတွေကနေ ထွက် ထွက်လာနေကြသေး ...။

မြတ်စွာဘုရား။

ကျွန်ုပ်သည် ဒင်းအား ကိုင်ကာ ငူငူငိုင်ငိုင် ကြည့်နေမိလေသဖြင့်

'ဘယ်လိုလဲ ဟိုလူကြီး ... ခင်ဗျား လန့်နေပြီ မဟုတ်လား၊ ခင်ဗျား စောင့်ကြည့်နေ၊ တစ်နေ့နေ့ကျရင် ခင်ဗျားတို့လူတွေ အကုန်လုံး ကျွန်တော်နဲ့ ကျွန်တော့်အမျိုးတွေ သတ်လို့ သေကြရလိမ့်မယ်'

ကျွန်ုပ်၏ ဦးနှောက်မှာ မြောက်မြားလှစွာသော ဆင့်ပွား တွေးခေါ်မှုများနှင့် အလုပ်ရှုပ်နေလေပြီ။ ကျွန်ုပ်သည် ဒင်းအား ပြန်ပြောရန် စကားမရှိတော့ပေ။ ဒင်းကို ကြည့်နေရင်းမှ ကျွန်ုပ်၏ အမြင်မှာ တဖြည်းဖြည်း မှုန်ဝါးလာ၏။ ထို့နောက် ကျွန်ုပ် အမှတ်တမဲ့ ထားခဲ့သော မြင်ကွင်းများက ရုပ်ရှင်ပြသကဲ့သို့ တစ်ကွက်ပြီး တစ်ကွက် ပြန်ပေါ်လာလေသည်။

ကော်စေ့များ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အမှတ်မထင် ရောက်သွားခဲ့ဖူးသော ကြွပ်ကြွပ်အိတ် စက်ရုံ …

ကျွန်ုပ်တို့ ငယ်စဉ်က ထွန်းကားခဲ့သော ဖက်နှင့် စက္ကူအိတ် ယဉ်ကျေးမှု ခေတ် …

နေရာတကာ အစားဝင်လာသော ရောင်စုံ ကြွပ်ကြွပ်အိတ်များ …

ရေစီးမြောင်းထဲတွင် အခြား အမှိုက်များကို စည်းရုံးကာ ပေါလော ပေါ်နေကြသော၊ အမှိုက်ပုံထဲတွင် သုံးဆယ်ရာနှုန်းနှင့် အထက် ထိုးထောင် ထွက်နေကြသော၊ လမ်းမပေါ် ရှပ်တိုက်ပြေးနေသော၊ လေမှာ လွင့်နေသော အရောင်မျိုးစုံ၊ ဆိုက်ဒ်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံနှင့် ဘယ်တော့မှ မသေဆုံးကြသည့် ကြွပ်ကြွပ်အိတ်များ၏ ဟားတိုက် ရယ်မောသံများ …။

ထီးတစ်ချောင်းကို ကြွပ်ကြွပ်အိတ်ထဲ ထည့်လိုက်သော လူတစ်ယောက် …။

ကျောင်းစာအုပ်များ ရေမစိုအောင် ကြွပ်ကြွပ်အိတ်နှင့် ထည့်လာရင်းမှ မုန့်ဟင်းခါး တစ်ပွဲကို ကြွပ်ကြွပ်အိတ်နှင့် ဝယ်ကာ အိမ်ပြန်သွားသော ကျောင်းသားငယ်တစ်ယောက် …။

ငရုတ်သီးစိမ်း လက်တစ်ဆုပ်စာအတွက် ကြွပ်ကြွပ်အိတ်တစ်လုံး ရက်ရက်ရောရော သုံးလိုက်သော ဈေးသည်တစ်ယောက် …။

ကြွပ်ကြွပ်အိတ်ပေါင်း များစွာနှင့် ဈေးပြင်းမှ ပြန်လာကာ ပြုံးရွှင်ရယ် မော နေကြသော အပျိုမလေးများ …။

ကြွပ်ကြွပ်အိတ်နှင့် စွပ်ထား၍ အဖူး အညှောင့် အတက် မထွက်နိုင် တော့သည့် အပင်ငုတ်တို တစ်ခု …။

ကြွပ်ကြွပ်အိတ် တစ်လုံးထဲမှ ငွေအထပ်လိုက်ကို ထုတ်ကာ တစ်စုံတစ် ရာ အတွက် ပေးချေလိုက်သော လုပ်ငန်းရှင်တစ်ယောက် …။

စက်ဆီများနှင့် ပေပွနေသော ပစ္စည်းတစ်ခုကို ကြွပ်ကြွပ်အိတ်နှင့် ထုပ်ကိုင်လာသော ဝပ်ရှော့ဆရာတစ်ဦး …။

မြေဆီလွှာများ ကြားထဲတွင် ဇီဝမျိုးစိတ်တို့ကို အုပ်ဆိုင်း သားဖြတ် ပစ်နေကြသည့် ကြွပ်ကြွပ်အိတ် အပိုင်းအစတို့၏ တီးတိုးတိုင်ပင်သံများ …။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဘုတ်တစ်စီး ဖြတ်မောင်းနိုင်လောက်သည့် မြောင်းကြီးတစ်ခုကို ပိတ်ဆို့ပစ်လိုက်သည့် ကြွပ်ကြွပ်အိတ်များ ဦးဆောင်သော အမှိုက်သရိုက်တို့၏ အောင်ပွဲခံသံများ …။

'ခင်ဗျား သိလား'

ကျွန်ုပ် လက်ထဲမှ ကြွပ်ကြွပ်အိတ်လေး၏ ခေါ်သံကြောင့် ကျွန်ုပ်အတွေးစများ ရုတ်တရက် ပြတ်တောက်သွား၏။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို သတိထားမိရာ လွန်စွာ အံ့ဩရလေသည်။ ကျွန်ုပ်၏ လက်များကား အမှတ်တမဲ့ ထိတ်လန့်စွာဖြင့် ကြွပ်ကြွပ်အိတ်လေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်ပေးနေမိပါလား။ ဒင်းကား စကားဆက်၏။

'ခင်ဗျား သိလား'

'ဘာကိုလဲ'

'ကျုပ်တို့ ကြွပ်ကြွပ်အိတ်တွေကို ပထမဆုံး တီထွင် အသုံးချခဲ့တဲ့ ပညာရှင်ကြီးဟာ ကျုပ်တို့ကို ချက်ချင်း ပြန်ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ နောင် ဖြစ်လာမယ့် အန္တရာယ်ကြီးကို သူမြင်လိုက်တာကိုး … ကျုပ်ကို့ဟာ ထုတ်လုပ်ရ လွယ်ကူတယ်၊ ဈေးပေါတယ်၊ ဘယ်နေရာမှာ မဆို ဘယ်လုပ်ငန်းစားမျိုးအတွက် မဆို ဘယ်လိုဒေသမျိုးမှာ မဆို သုံးစွဲနိုင်တယ်၊ နောက်ပြီး ကျုပ်တို့ဟာ သိပ် အသုံးဝင်တယ်၊

ဒါပေမဲ့ တစ်ခုပဲ ရှိတယ်၊ ကျုပ်တို့ဟာ ဘယ်တော့မှ မသေကြဘူး၊ ဖျက်ဆီးပစ်ရ သိပ်ခက်တယ်၊ ဒါတွေကို သိတဲ့အတွက် ကျုပ်တို့ကို အစပြုခဲ့တဲ့ ပညာရှင်ဟာ ကျုပ်တို့ကို ပြန်ဖျောက်ဖျက်ဖို့ ထိတ်လန့်တကြားကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူ သိပ် နောက်ကျသွားပြီ၊ ဆယ်စုနှစ် တစ်ခုအတွင်း ကျုပ်တို့ဟာ ကမ္ဘာကို အုပ်စီးလိုက်နိုင်ခဲ့တယ်၊ အခု ကျုပ်ဟာ ခင်ဗျား လက်ထဲမှာ ရှိတယ်၊ ခင်ဗျား မိသားစုဟာ ကြွပ်ကြွပ်အိတ်ပေါင်းများစွာကို ပိုင်ဆိုင်တယ်၊ ဘယ်လောက် ဆင်းရဲတဲ့လူမဆို ကြွပ်ကြွပ်အိတ်တစ်လုံးလောက်တော့ လွယ်လွယ်လေး ပိုင်ဆိုင်ကြတယ်'

'တော်ပါတော့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဒင်းအား ထိတ်လန့်တကြား တားမြစ်မိလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ဒင်းအား သပ်ရပ်စွာ ခေါက်ကာ ဒင်းအမျိုးများနှင့်အတူ အိမ်နောက်ဖေးမှ ခြင်းတောင်းထဲသို့ ထည့်လိုက်ရလေသည်။

အပြင် ကမ္ဘာတွင် အရုဏ်တက်လာလေပြီ။

ကျွန်ုပ်သည် ကန်ထရိုက်တိုက် ခြောက်လွှာမှ ပိုက်ဆံ ပစ်ချပေးကာ ပဲပြုတ်တစ်ဆယ်သား ဝယ်လိုက်၏။ ပဲပြုတ်သည် သည် ကျွန်ုပ်၏ ခေါင်းလောင်းကြိုးတွင် ပဲပြုတ်တစ်ဆယ်သား ချိတ်ထားခဲ့၏။ ကျွန်ုပ်သည် ခေါင်းလောင်းကြိုးကို တဖြည်းဖြည်း ဆွဲတင်ရလေသည်။ ခေါင်းလောင်းကြိုးအဆုံး၌ကား ပဲပြုတ်များကို သယ်ဆောင်လာသော ကြွပ်ကြွပ်အိတ် အဝါလေး တစ်လုံးသည် ကျွန်ုပ်အား နှုတ်ဆက်လိုက်လေသတည်း။

'Good morning ကိုအရိုး'

ရတီ စာပေ အနုပညာ မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# မော်ဒန်မြို့ပြ ဓာတုကလျာများ

မြန်မာစာပေနှင့် မြန်မာ့သမိုင်းကို သိကြသူတိုင်း နတ်သျှင်နောင်နှင့် ဓာတုကလျာ စာဆိုစုံတွဲသည် တောင်ငူခေတ်က လွန်စွာ ထင်ရှားခဲ့ကြသူများ ဖြစ်ကြောင်း ကောင်းကောင်း သိ၏။ ထဲထဲဝင်ဝင် အနည်းငယ် ပို၍ စပ်စုသူများမှ ဓာတုကလျာသည် နတ်သျှင်နောင်ထက် အသက်နည်းနည်း ပိုကြီးသော 'မမ' ဖြစ်ကြောင်း ငြင်းကောင်းကောင်းနှင့် ငြင်းကြ ခုံကြ၏။ သို့သော် နတ်သျှင်နောင်ကြီးနှင့် သူ၏ မမ ဓာတုကလျာတို့မှာ စာပေတာဝန် ကျေပွန်ခဲ့ကြ၍ အေးအေးဆေးဆေး ဆုံးသွားခဲ့သည်မှာ ကြာပြီဖြစ်၏။ သူတို့ အမွေအနှစ် ပေးထားရစ်ခဲ့သော စာပေ ကဗျာများနှင့် ခေတ်အဆက်ဆက် နှောင်းလူများ လုပ်စားခဲ့ကြသည်မှာ ကြာလေပြီ။ ဤသို့ဖြင့် တောင်ငူခေတ်မှသည် အိုင်တီခေတ်သို့ တိုင်လေ၏။

ဤတွင် ယနေ့ အိုင်တီခေတ် လူအများ ထိတ်လန့်တကြား ကြုံကြရသည်မှာ မော်ဒန် မြို့ပြကြီးများတွင် ဓာတုကလျာ အမြောက်အမြား မွေးဖွား ပေါ်ပေါက်လာခြင်းပင် ဖြစ်လေသည်။ မော်ဒန် ဓာတုကလျာများသည် မူလလက်ဟောင်း အော်ရယ်ဂျင်နယ် ဓာတုကလျာနှင့် ဘာမှတော့ ပတ် မဆိုင်ကြချေ။ အမည်မျှသာ ခပ်ဆင်ဆင် ရှိ၏။ အကြောင်းကား မော်ဒန် မြို့ပြကလျာများကား ကယ်မီကယ် ( Chemical) ပေါင်းစုံ စိမ်ထားသော

www.burmeseclassic.com



'ဓာတုဗေဒကလျာလေး' များ ဖြစ်၍ နေကြသောကြောင့်တည်း။ အကြောင်းရင်း ရှင်းအံ့သည် ရှိသော် ...

ဂလိုဘယ်လိုက်ဗေးရှင်း ခေတ်ကမ္ဘာထဲ တလိမ့်ခေါက်ကွေး မွေးဖွားလာသော မြို့ပြကလေးမ တစ်ယောက်ကို လေ့လာ ကြည့်ကြပါစို့။ အနီ မြို့ပြ ခေတ်ကာလ ကလေးမ ခမျာ သနားစရာ ကောင်းလှလေတော့သည်။ နေ့စဉ်နှင့်အမျှ သူမ ဖြတ်သန်းနေသော မြို့ပြဘဝသည် အန္တရာယ်ကြီးလှသော ဓာတုဗေဒကန်ကြီး တစ်ခုထဲ ခြေဆုံး ခေါင်းဆုံး ဆင်းစိမ်နေသလို ဖြစ်နေကြောင်း သူမ မသိရှာ။ မိန်းကလေးပီပီ ခေတ်မီမီ လှချင်ပချင် စိတ်သာ ရှိရကား ...

ဆံပင်ခေါင်းမွေးတို့ကို အရောင် အမျိုးမျိုး ပြောင်းကာ ဆေးဆိုး၍ လှအောင် ပြု၏။ အနီ ဆိုးဆေးများကား မည်မျှ ကောင်းလှပါသည် ဆိုစေကာမူ ဓာတုဗေဒ ကွန်ပေါင်းများသာ ဖြစ်၍ အချိန်ကြာလာသည်နှင့် အမျှ သူမ၏ ပိတုန်းရောင်ကေသာကို ကတုံးပြောင်ကေသာ ဖြစ်အောင် တိုက်စားနေကြောင်း သတိ မမူအား။ လတ်တလော လှပရန်သာ အကြံ ထား၏။ ထိုမျှသာမက ဆံပင်မွေးတို့ကို ရှည်လိုက်၊ တိုလိုက်၊ ဖြောင့်လိုက်၊ ကောက်လိုက်၊ ဖယောင်း သွင်းလိုက်၊ ပေါင်းဆေးထည့်လိုက် လုပ်သေး၏။ ဖြောင့်ဆေး၊ ကောက်ဆေး၊ ဖယောင်း၊ ပေါင်းဆေးများမှာလည်း ကယ်မီကယ် ကွန်ပေါင်းများသာ ဖြစ်၍ မည်မျှ ဂရုထားသည် ဆိုစေကာမူ ဦးရေပြားကို ထိပါး တိုက်ခိုက်ကြကုန်သည်သာ ဖြစ်၏။ ဤအတိုင်း ဆက်သွား၍ နောင် အနှစ်နှစ်ဆယ် သုံးဆယ် ကြာသော် မိန်းမထိပ်ပြောင်ကြီး ဖြစ် မဖြစ် မည်သူ အတပ်ဟောနိုင်မည်နည်း။ သို့သော် ကလေးမမှာ ဂရုမစိုက်။ အလှအပနောက် လိုက်မြဲတိုင်း လိုက်ကာ ဆံပင်ကဏ္ဍ ပြီးသော် မျက်နှာပေါ် ရောက်၏။

ဤခေတ်လောက် မျက်ခွက်တစ်ခွက်ကို လိမ်းစရာ၊ သုတ်စရာပစ္စည်း ပေါင်း သောင်းခြောက်ထောင် စုံလှသောခေတ် ဘယ်ခေတ်မှာမှ မရှိခဲ့ချေ။ အမေမွေးရာ တွဲပါလာသော မျက်နှာတစ်ခွက်ကို ပိုးစိုးပက်စက် ပြုပြင် ယုယချင်သူတိုင်း အတွက် တစ်ကမ္ဘာလုံးမှ ကုမ္ပဏီ ပေါင်းစုံ ပြိုင်ထုတ် သော မျက်နှာလိမ်းစရာ ပစ္စည်းများကား အမျိုးအစား များလှစွာ ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမခမျာ လှချင်ရှာသဖြင့် လက်လှမ်းမီရာ ဝယ်၍ မျက်နှာကိုလည်း လိမ်း၊ နှုတ်ခမ်းကိုလည်း ချမ်းသာ မပေး၊ ဆေးအမျိုးမျိုး ဆိုးလေ၏။ အချင်းချင်းတွေ့လျှင် တို့ကတော့ ဘာမှ လိမ်းတာ၊ ညာမှ လူးတာဟု ကြွားသေး၏။ ဘာလူးလူး အားလုံး ကယ်မီကယ်ဘူးများသာ ဖြစ်၍ ငယ်ငယ်ရွယ်ရွယ် ပါးရေနားရေ တွန့်စေနိုင်သည့်ဘက်သို့သာ တွန်းပို့နေကြောင်း သတိမထား။ မျက်နှာကိစ္စ အေးသော် ကိုယ်ပေါ် ရောက်၏။

ဒေးကရင်မ်၊ နိုက်ကရင်မ်၊ တွမ်တီဖိုးအာဝါ ကရင်မ်၊ လိုးရှင်းဘူးများနှင့် ကလေးမခမျာ တစ်နေ့ တစ်နေ့ အလုပ်များ ရှာ၏။ ကာလသမီးပီပီ Natural Beauty ကို အမှုမထား။ သူများလိမ်းလို့ ငါ့ထက် ပိုလှသွားမှ ငါ နောက်ကျကျန်မယ်ဟု သဘောထားကာ အခြားသူတွေလို နင်လားငါလား တစ်ကိုယ်လုံး လိမ်း၏။ လိမ်းတိုင်း လိမ်းတိုင်း အရေပြား မွေးညင်းပေါက်များက တောက်လျှောက် စိမ့်ဝင်နေ၍ တစ်နေ့နေ့ ဒုက္ခတွေ့နိုင်သည်ကို မတွေး။ အဆီကလေး နည်းနည်း တက်လာလျှင် အဆီကျဆေးပင် လိမ်းလိုက်သေး၏။ ဘယ်လောက် သုတေသနလုပ်ထားသည် ပြောပြော Body lotion တိုင်းမှာ ပရုတ်ဆီထက် ကယ်မီကယ် များသည်သာ ဖြစ်၏။ ခြေဆုံးခေါင်းဆုံး လိမ်းရုံနှင့် အားမရ။ စိတ်မထင် မထင်သလို တစ်ကိုယ်လုံး ပေါင်းတင်ချင် တင်လိုက်သေး၏။ ကိုင်း ...ခေါင်းဖျား၊ ခြေဖျားတစ်ကိုယ်လုံး ဓာတုဗေဒ ကွန်ပေါင်းများ သုတ်လိမ်း၍ အားရပါးရ လှတပတာ ရှိချေပြီ။ စားကြ သောက်ကြပါကုန်စို့။ မိန်းကလေးပီပီ ချို ချဉ် စပ်ခါးလေး။

ကလေးမခမျာ ရယ်ဒီမိတ်ခေတ်တွင် မွေးဖွားလာရှာသူ ဖြစ်၏။ ထို့ပြင် အချိန် နည်းနည်းလေးမှ မအားသော ကမ္ဘာရွာကြီးသူလေး ဖြစ်၍ အစားအသောက်ကိစ္စ အချိန်များများ မရ။ အလုပ်ကတစ်ဖက် ဖြစ်၍ ရယ်ဒီမိတ်များသာ ဗိုက်ထဲ များများ သွင်းရ၏။ ဤတွင် ကိုယ်တွင်းသို့လည်း ကယ်မီကယ်များ ဝင်ချေပြီ။ စည်သွပ်ဘူးတိုင်းတွင်လည်းကောင်း၊ ခေါက်ဆွဲခြောက် စသော အခြောက်ထုပ်တိုင်းတွင် လည်းကောင်း၊ တစ်ကမ္ဘာလုံးမှ အချိုရည်တိုင်းတွင် လည်းကောင်း၊ သရေစာ မုန့်ထုပ်တိုင်းတွင် လည်းကောင်း ပါဝင်ပစ္စည်း Ingredient စာရင်းတွင် ကယ်မီကယ် တစ်မျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com


သေချာပေါက် ပါဝင်၏။ သို့သော် ကလေးမမှာ ဂရုမထား။ တစ်ကမ္ဘာလုံး စားသလို သူလည်းစား၏။ တစ်ခါတလေ စိတ်ကူးပေါက်လို့ အပြင်ထွက်ကာ ဆိုင်တွေမှာ စားလျှင်လည်း ဘယ်ဆိုင်စားစား အချိုမှုန့်များနှင့် တိုး၏။ ကယ်မီကယ်ပါသော ဟင်းခတ် အမွှေးအကြိုင်များနှင့် တိုး၏။ လောကကြီးကိုက ကယ်မီကယ် ဒွန္ဒယာကြီး ဖြစ်၍ အသီးအနှံ ဝယ်စားတောင် ဓာတုဗေဒများ၊ မှည့်ဆေးများပါ စားမိ၏။ မလွယ်စွတကား။ ဓာတ်သိမ်းသော် သူငယ်မ ခမျာ နေ့စဉ်နှင့်အမျှ ဓာတုဗေဒများ သုတ်လိမ်း ပြင်ဆင်၍ ဓာတုဗေဒများ မျို မျိုချနေရရှာသော ဓာတုကလျာ စစ်စစ်ဖြစ်၍ နေချေ၏။ သို့သော် ဘာများ တတ်နိုင်၍ ဘယ်သူက ဘာပြောနိုင်မည်နည်း။

ကောင်မလေးတွေ လှနေလျှင် လောကကြီး သာယာသည်ဟု တစ်ကမ္ဘာလုံး လက်ခံ၏။ အဲဒီ လှနေတဲ့ ကျုပ်တို့ ကောင်မလေးတွေဟာ တဖြည်းဖြည်း ဓာတုဗေဒ ပုံဆောင်ခဲလေးတွေ ဖြစ်လာနေတာကျတော့ တစ်ကမ္ဘာလုံး လျစ်လျူရှုပြီး အတိုင်အဖောက် ညီညီ မသိချင်ယောင်ဆောင် နေကြမလား။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို မော်ဒန်နတ်သျှင်နောင်ကွလို့ ကြုံးဝါးပြီး ဓာတုကလျာ မမလေးတွေကို ဆက်မြှောက်ပေးလို့ ပိုးကြပန်းကြမလား ကိုယ့်လူတို့။ ဒါဆိုရင်တော့ ဓာတုဗေဒ ကောင်မလေး လှလှလေးတွေဟာ မကြာခင် ဓာတုဗေဒအိမ်ရှင်မတွေက တစ်ဆင့် ဓာတုဗေဒမေမေတွေ ဖြစ်လာတော့မယ်။ နောင် အနာဂတ်မှာ ဓာတုဗေဒ သားသားလေးတွေ၊ ဓာတုဗေဒ မီးမီးလေးတွေ မွေးလာတော့မယ်။

မြတ်စွာဘုရား။

အနာဂတ်မှာ Chemical hell တစ်ခု ရှိနေပါလား။ ဘယ့်နှယ်လုပ်ကြမတုံး။ ချူကလီးယားလိုဟာမျိုးကလည်း မြေပွရာကင်းမှောင့်။

ကမ္ဘာကြီးဟာ အရှမ်းကို မြန်မြန် တိုးတက်နေပါတယ်။ ဒါပေမဲ့ သိပ်မမာဘူး။ ချောင်းဆိုးရင် သွေးနည်းနည်း ပါချင်နေပြီ။

ပေါ်ပြူလာဂျာနယ် အတွဲ ၁၃၊ အမှတ် ၄၊ ဇန်နဝါရီလ၊ ၂၀၀၉ ခုနှစ်

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ထိုအရာ

ဆေးရုံကားသည် ကမ္ဘူးရှူးထိုး ဝင်ချလာပြီး သုတ်သီးသုတ်ပျာနှင့် ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်သောအခါ အရေးပေါ် လူနာတင်လှည်းသည် သူ့အနားသို့ အပြေးအလွှား ကပ်သွားလေသည်။

ထို့နောက် ထိုအရာကို တင်၍ လူနာတင်လှည်းသည် အရေးပေါ်ခန်းထဲသို့ ဒုန်းစိုင်း ဝင်လေသည်။

တစ်မိနစ်ချင်း အချိန်များ ကုန်သွားနေသည်။

လူနာတင် ထရော်လီလှည်းသည် အရေးပေါ်ခန်းထဲတွင် ငြိမ်သက်လျက် ရှိ၏။ ထိုအရာသည် သူ့အပေါ်တွင် ရှိ၏။ ထိုအရာနှင့် သူ့အနားတွင် ဂျူတီကုတ်နှင့် လက်အိတ် အဖြူများသည် လည်းကောင်း၊ အနီ၊ အစိမ်း၊ အပြာ ထမီအရောင်များသည် လည်းကောင်း၊ ဆေးထိုးပြွန်၊ ဆေးထိုးအပ်၊ ဆေးရည်ပုလင်းများ၊ ဒရစ်ပိုက်နှင့် ဒရစ်ပုလင်းတချို့တို့သည် လည်းကောင်း၊ ဓမ်း၊ ပတ်တီး၊ ပလာစတာ၊ သွေးစသွေးန၊ အရက်ပျံနှင့် အခြားဆေးရည်တို့၏ အနံ့နှင့်အတူ သွေးစိမ်းနံ့အချို့တို့သည် လည်းကောင်း ယောက်ယက်ခတ် ဝဲပျံနေကြလေသည်။ အခန်းထောင့် တစ်နေရာတွင် ဝတ်စုံပြာ နှင့်ဂုံ နှင့် အရပ်ဝတ် တစ်စုံတို့မှာ ငြိမ်သက်စွာ ရှိကြလေသည်။

တစ်ခဏအတွင်း အောက်ဆီဂျင်ဘူးသည် တစ်နေရာမှ ပြေးဝင်လာကာ



www.burmeseclassic.com

www.burmeseclassic.com



လှနာတင်လှည်းဘောင်းတွင် တိတ်တဆိတ် ဝင်ရပ်လျက် ငြိမ်သက်နေလိုက်၏။ ထို့နောက် အရေးပေါ် နှလုံးနှိုးစက်တစ်ခု ထပ် ရောက်လာ၍ ရပ်နေ၏။ အခြား စက်ပစ္စည်း နှစ်မျိုးသုံးမျိုးလည်း အခန်းတွင်းသို့ ဝင်ရောက်လာကြပြန်သည်။

ထို့နောက် ပစ္စည်းပစ္စယ အေးစက်စက် အချို့ကို သယ်ဆောင်လျက် စတီးထရော်လီ တစ်ခုနှင့်အတူ ဣန္ဒြေရသော ဂျူတီကုတ် တစ်စုံ၊ ဂျူတီကုတ် ခပ်လတ်လတ် နှစ်စုံ၊ အစိမ်းရောင်ထမိ တစ်ထည်၊ အနီရောင်ထမိ နှစ်ထည်၊ အပြာရောင် အလုပ်သမားဝတ်စုံ သုံးလေးစုံတို့ ထပ်ဝင်လာကြ၏။ ယောက်ယက်ခတ် အရေးတကြီးနိုင်မှုသည် ထိုအရာကို တင်ဆောင်ထားသော လှနာတင်လှည်း နှင့်တကွ အခန်းတစ်ခုလုံးကို လွှမ်းခြုံထားလျက် ရှိ၏။

နံနက်လင်းအားကြီး သုံးနာရီ မိနစ်ငါးဆယ်အချိန်တွင် စတင်ခဲ့သော ဆေးရုံပေါ်မှ ရှုပ်ထွေးသော အခြေအနေ တစ်ခုသည် နံနက်ငါးနာရီ မိနစ်လေးဆယ်အချိန် အထိ ဆက်လက် ရှုပ်ထွေးလျက်။

နေထွက်လာလေပြီ။

သွေးစသွေးနတို့ဖြင့် စွန်းပေလျက်ရှိသော ဂွမ်းစဂွမ်းန ကြေးငယ်ပေါင်းများစွာသည် အမှိုက်ကန်လေးထောင့်တစ်ခု အတွင်းသို့ တဖြုတ်ဖြုတ် ခုန်ဆင်းလျက် ရှိကြလေသည်။ ပုံသဏ္ဌာန် မျိုးစုံစွာသော ဆေးပုလင်းတို့သည် သူတို့ကိုယ်ထဲမှ အရည်ကိုယ်စီတို့အား ဆေးထိုးပြွန်များထဲ စွန့်လွှတ်ထားခဲ့၍ အမှိုက်ကန်ထဲသို့ ဆင်းသွားကြ၏။ အမှိုက်ကန်သည် သံနံ့နှင့်ရောသော သွေးစိမ်းအနံ့၊ စွန်းပေနေသည့် စွန့်ပစ်ပစ္စည်းများနှင့် တဖြည်းဖြည်း ပြည့်မောက်၍ လာလေပြီ။ နီရဲသော သွေးတို့နှင့် စွန်းထင်း စေးကပ်လျက် ရှိသော တစ်ချိန်က အဖြူရောင်အဖြစ် ရှိခဲ့သည့် အသားကပ် လက်အိတ်နှစ်စုံကိုပင် အမှိုက်ကန်သည် ငြိမ်သက်စွာ လက်ခံခဲ့ရပြီးလေပြီ။

နေသည် တဖြည်းဖြည်း အရှိန်ကောင်းလာလေ၍ တစ်စစ မြင့်တက်လျက်။



www.burmeseclassic.com

www.burmeseclassic.com


နံနက် ခြောက်နာရီ နှစ်ဆယ့်လေးမိနစ် အချိန်တွင် နေသည် မိုးကုပ်စက်ဝိုင်းကို ရုတ်တရက် ကျော်ထွက်လိုက်၏။

သက်ပြင်းချလိုက်သံ ကြီးကြီးမားမား တစ်ခုသည် **ထိုအရာ** နှင့် လူနာတင်လှည်းနား တစ်ဝိုက်မှ ပေါ်ထွက်လာလေသည်။ မိနစ်ပေါင်းများစွာ ယောက်ယက်ခတ် လှုပ်ရှားခဲ့သော ပစ္စည်းပစ္စယတို့သည် ခေတ္တမျှ ငြိမ်သက် သွားကြ၏။ ထို့နောက် တစ်စ တစ်စအားဖြင့် အရေးပေါ်ခန်းထဲမှ အလျှိုလျှို ပြန်လည် ထွက်ခွာသွားကြလေသည်။

ခဏအကြာတွင် နောက်ထပ် သံလူနာတင်လှည်း တစ်ခုသည် အခန်းတွင်းသို့ ဝင်လာ၍ ပထမ လူနာတင်လှည်းပေါ်မှ **ထိုအရာ** ကို လွှဲပြောင်းတင်ဆောင်သွားလေသည်။ ထိုမြင်ကွင်းကို အရေးပေါ်ခန်းထဲတွင် ကျန်ရစ်ခဲ့ကြသော ပထမ လူနာတင်လှည်း၊ အောက်ဆီဂျင်ဘူးနှင့် အရေးပေါ်နှလုံးနှိုးစက်တို့ တိတ်ဆိတ်စွာ မသက်မသာ ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။

**ထိုအရာ**နှင့် ဒုတိယ ထရော်လီသံလှည်းသည် ကော်ရစ်ဒါတစ်လျှောက် ခံစားမှု ကင်းမဲ့စွာ တဂျိုင်းဂျိုင်း လျှောက်သွား၍ တစ်ခုသော သံတံခါး အေးစက်စက် ရှေ့တွင် ရပ်တန့်လိုက်လေ၏။

ရေခဲတိုက်သည် **ထိုအရာ** နှင့်အတူ ရောက်လာသော လှည်းကို **စိတ်ပျက်စွာ** တစ်ချက်ကြည့်လျက် အေးစက်စက် သူ့သံတံခါးကို ဖွင့်ပေးလိုက်လေတော့သည်။

နံနက် ခုနှစ်နာရီ ... ။

နေသည် အတန်ငယ် အရှိန်ရစပြုလေပြီ။

ဆေးရုံကားသည် ဒုတိယမြောက် **ထိုအရာ** တစ်ခုကို တင်ဆောင်ကာ မောကြီးပန်းကြီးနှင့် ဆေးရုံပေါ်တီကို အောက်သို့ ဆိုက်ရောက်လာပြန်လေသည်။ ဆေးရုံ ဆင်ဝင်ပေါ်တီကိုကြီးသည် လေးတွဲ့သော သက်ပြင်းတစ်ခုနှင့်အတူ နေမင်းကို မော့ကြည့်လိုက်၏။

ဆေးရုံ ပေါ်တီကိုကြီး၏ အကြည့်ကို နားလည်လိုက်သော နေမင်းသည် ပင့်သက် တစ်ချက်ကို ရှိုက်လျက် ...


www.burmeseclassic.com

www.burmeseclassic.com



ပထမ ရောက်ရှိလာသော **ထိုအရာ** သည် ဒိုင်နှာကားတစ်စီး၏ ရက်ရက်စက်စက် ပစ်တိုက်သွားခဲ့ခြင်းကို ခံရသော ကုန်စိမ်းသည် အမျိုးသမီးကြီး တစ်ယောက် ဖြစ်ကြောင်းနှင့် …

ဒုတိယ ထပ် ရောက်ရှိလာသော **ထိုအရာ** သည် ကုန်စိမ်းသည် အမျိုးသမီးကြီးကို ဝင်တိုက်မိ၍ သွေးရူးသွေးတန်း မောင်းပြေးရာမှ တိမ်းမှောက်သွားသော ကားဒရိုင်ဘာ ဖြစ်ကြောင်း ပြောပြလိုက်လေသည်။

နံနက်ခင်းသည် တစ်စ တစ်စ စည်ကားလာခဲ့လေပြီ။

သို့သော် ရက်စက်ကြမ်းကြုတ်သော ထို နံနက်ခင်း၏ အဖြစ်အပျက်ကို သတိထားလိုက်မိသူ၊ မှတ်မှတ်ရရ ရှိသူ၊ သင်ခန်းစာ ယူသူ၊ ဒေါသထွက်သူ၊ စိတ်မကောင်းဖြစ်သူ၊ ကူညီလိုသူ၊ မသိယောင်ဆောင်ခဲ့သူ၊ စည်းကမ်းမဲ့ခဲ့သူ **လူ** အချို့မှ လွဲလျှင် မည်သူမျှ ပါဝင်ကပြ အသုံးတော်ခံခဲ့ခြင်း မရှိချေ။

နံနက်ခင်းဂျာနယ် အတွဲ ၃၊ အမှတ် ၂၃၆၊ မတ်လ၊ ၂၀၀၈ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# ဖိနပ်ကြိုး

ဖိနပ်ကြိုးကို တင်းတင်းဆွဲချည်ကာ ကောင်းကင်ကို သူ မော့ကြည့်လိုက်၏။ အရုဏ်တက်စ ပြုလေပြီ။ ခြံတံခါးကို ဆွဲဖွင့်ကာ သူ ထွက်လာခဲ့၏။

ဆိတ်ငြိမ်ရပ်ကွက် တစ်ခု၏ ကတ္တရာလမ်းသွယ်များမှာ ညဦးပိုင်းက ရွာထားသော မိုးကြောင့် မည်းနက် စိုစွတ်နေကြလေသည်။ လမ်းမီးတိုင် အလင်းကျရာ နေရာတွင် လမ်းဘေး တစ်ဖက်တစ်ချက်မှ မြက်ပင်နှင့် ချုံပုတ်များပေါ်တွင် တင်ကျန်နေခဲ့သော မိုးရေစက်များကို သူ တွေ့ရ၏။ မိုးကား တိတ်သွားပြီ ဖြစ်သော်လည်း စိုစွတ်ခြင်း...ကို နေရာတကာတွင် ထားပစ်ခဲ့၏။ လမ်းမငယ် တစ်လျှောက်မှာ တိတ်ဆိတ်လျက် သူ့ ဖိနပ်သံ တဖျပ်ဖျပ်ကိုသာ သူ ကြားနေရ၏။ ခါတိုင်း တွေ့နေကျ လမ်းဘေးခွေး တစ်ကောင် နှစ်ကောင်စကိုပင် မတွေ့ရ။ မိုးအေးအေးနှင့် လုံခြုံသောနေရာတွင် ကွေးနေကြလေသလား။ လူသူဟူ၍ လမ်းပေါ်တွင် သူ တစ်ယောက်သာ လျှောက်လျက် ရှိ၏။ မလှမ်းမကမ်း လမ်းမကြီးပေါ်တွင် ဖြတ်မောင်းသွားကြသော ကားတစ်စီးစ နှစ်စီးစ အသံကိုသာ ရံဖန်ရံခါ သူ ကြားရ၏။ အဝေးမှ ဥန်းမောင်းခေါက်သံကို သဲ့သဲ့ကြားရ၏။ သူ ဖြတ်သန်းသောရာ လမ်းတစ်လျှောက်မှ လမ်းမီးတိုင်များမှာ တဖြည်းဖြည်း အလင်းမှေးလျော့



www.burmeseclassic.com

www.burmeseclassic.com


လာလေသည်။ မကြာမီ အရုဏ် အလင်းသည် ချဉ်းနင်း ဝင်ရောက်တော့မည်။

လေပြည်တစ်ချက် သူ့ကို ဖြတ်၍ တိုက်ခတ်သွား၏။ မိုးနံ့ပါသောလေကို အားရပါးရ ရှူက်လိုက်ရသဖြင့် ပို၍ လန်းဆန်းသွားသလို ခံစားရ၏။ သူ့ရှေ့အတော်လှမ်းလှမ်းတွင် ပျင်းရိပျင်းတွဲ နင်းသွားနေသော ဆိုက်ကားတစ်စီးကို သူ တွေ့လိုက်၏။ ကျန်းမာရေး လိုက်စားနေသူ လူတစ်ယောက်အတွက် ဆိုက်ကားတစ်စီးသည် အချည်းနှီး ဖြစ်သည်ဟု သူ တွေးမိကာ တစ်ချက် ပြုံးမိ၏။ ခပ်သွက်သွက် လျှောက်နေသော သူ့ ခြေလှမ်းများကို သူ သတိထားမိသွား၏။ သူ့ဖိနပ်နှင့် ဘောင်းဘီအနားစများမှာ စိုစွတ်လျက်ရှိကြောင်း သူ အခုမှ ဂရုပြုမိ၏။ လမ်းပေါ်တွင် ကျန်နေသော ရေအိုင်ငယ်တစ်ခု နှစ်ခုကိုများ အမှတ်တမဲ့ သူ ဖြတ်နင်းခဲ့မိလေလား။

မည်သို့ဖြစ်စေ အိမ်မှ ထွက်လာကာစနှင့် သူ မတူတော့။ သွေးပူကာ အတန်ငယ် နွေးနွေးထွေးထွေး ရှိလာပြီး တစ်ချက် တစ်ချက် တိုက်ခတ်လာသော လေသည် သိပ်မအေးတော့ဟုပင် သူ ထင်၏။ သူ့အာရုံက ခိုင်းစေစရာ မလို။ ဤခရီးကို မနက်တိုင်း သွားနေကျ သူ့ခြေထောက်များကား ရွရွ ပြေးလျက်ပင် ရှိလေပြီ။ စိုစွတ်လျက်ရှိသော ဖိနပ်နှင့် ကတ္တရာလမ်းထိတွေ့သံ တဖျပ်ဖျပ်မှာ ပြတ်တောင်း ပြတ်တောင်းနှင့် စည်းချက်မှန်မှန် ထွက်ပေါ်လျက် ရှိ၏။ လမ်းမကြီး တစ်ခုဘက် ဦးတည်လျက်ရှိသော လမ်းငယ်ပေါ်သို့ သူ ကွေ့တက်လိုက်၏။ ပတ်ဝန်းကျင်မှာလည်း အနည်းငယ် ထင်သာမြင်သာ ရှိလာပြီ။ ဤ လမ်းငယ်အဆုံးတွင် အားကစားရုံကြီးတစ်ခုဘက်သို့ ကွေ့တက်သွားသည့် တံတားကြီးတစ်စင်း၏ အစပ်သို့ သူ ရောက်သွားမည် ဖြစ်သည်။ သူ့ ခြေထောက်များမှာ ရွရွ ပြေးခြင်း၌ အသားကျနေပြီ ဖြစ်သည်။ သူ့ဖိနပ်နှင့် ဘောင်းဘီအနားစ နှစ်ဖက်စလုံးမှာလည်း စိုရွှဲလျက် ရှိလေသည်။

ရုတ်တရက် လမ်းမြောင်တစ်ခုဘက်မှ လူတစ်ယောက် ကွေ့၍ ပြေးထွက်လာကာ သူ ဦးတည်ရာအတိုင်း ရှေ့မှ ရွရွ ပြေးသွား၏။ ထိုသူမှာ သူ့ကဲ့သို့ အားကစားဖိနပ်နှင့် ဘောင်းဘီနှင့် နံနက်စောစော လေ့ကျင့်ခန်းလုပ်သူ ဖြစ်ပုံရ၏။ သူ့အရှိန်နှင့် တူညီစွာ ခတ်တိုင်တစ်ခိုင်ခန့် အကွာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ရွရွ ပြေးလျက် ရှိ၏။ ကြည့်ရသည်မှာ သူနှင့် သက်တူရွယ်တူခန့် ဖြစ်ပုံရ၏။

ရုတ်တရက် သူ့စိတ်ထဲတွင် ထိုလူ ဘယ်လိုလူစားဖြစ်သည်ကို သိချင်စိတ် ဝင်လာ၏။ သိချင်စိတ်နှင့်အတူ ထိုသူ၏ မျက်နှာကို ကြည့်ချင်စိတ်ပါ ပေါ်လာ၏။ သူသည် ပြေးနှုန်းကို အတန်ငယ် မြှင့်လိုက်၏။ ရှေ့မှလူကို တဖြည်းဖြည်း မီလာလေသည်။ ရှေ့မှလူနှင့် သူ ခြေလှမ်း လေးငါးလှမ်း အကွာသို့ အရောက်တွင် သူတို့နှစ်ယောက် ပြေးလာသော လမ်းငယ် ဆုံး၍ လမ်းမကြီးပေါ်သို့ ကွေ့တက်လိုက်ကြရ၏။ ထိုသို့ဖြင့် ရှေ့မှလူနှင့် သူသည် ခြေလှမ်း ဆယ်လှမ်းလောက် ပြန်ကွာသွား၏။ ရှေ့မှလူသည် ခုံးတံတားကြီးပေါ်သို့ အရှိန်မလျှော့ဘဲ ဆက်လက် ပြေးတက်သွားသဖြင့် သူလည်း အမီ လိုက်သွားလေသည်။

ခုံးတက်ကို အပြေးတက်ရသည်မှာ အတန်ငယ် မောသလို သူ ခံစားရ၏။ သို့သော် သူ့ရှေ့မှလူမှာ အရှိန်မလျှော့ဘဲ ပြေးတက်သွားနေရာ ထိုသူကို အမီလိုက်ချင်သဖြင့် သူလည်း အရှိန်မြှင့်ကာ ပြေးလိုက်တက်သွား၏။ ခုံးတံတား၏ ထိပ်နား ရောက်သော် ရှေ့မှလူမှာ အတန်ငယ် ခြေကျသွားသလိုရှိရာ သူ မီလာလေသည်။ သူ့အသက်ရှူသံမှာ အတန်ငယ် ပြင်းလာသလို ရှိ၏။ သို့သော် သူ အမှုမထားဘဲ ရှေ့မှလူကို ဖြတ်ကျော်တက်ရန် ရင်ပေါင်တန်းလိုက်၏။ ခုံးတံတား အဆင်းသို့ ရောက်လာပြီ။ ခုံးတံတား အဆင်းတွင် သူသည် ညာဘက်သို့ ကွေ့ကာ အားကစားကွင်းကြီး တစ်ခုထဲသို့ ဝင်၍ တစ်ပတ်ပြေးရမည် ဖြစ်သည်။ ဤအတွက်ကြောင့် ရှေ့မှလူကို ခုံးတံတား အဆင်းတွင် ကျော်တက်ရင်း စေ့ငုရန် သူ ကြိုးစားဖြစ်၏။ ရှေ့မှလူကို ခြေနှစ်လှမ်းခန့် သူ ဖြတ်ကျော်မိချိန်တွင် ထိုသူသည် သူ့ကို ခုတ်ခနဲ တစ်ချက် ကြည့်လိုက်၏။ သူကလည်း ကြည့်နေမိသည် ဖြစ်ရာ အကြည့်ချင်းဆုံသွားသော ခဏ၌ သူ အမှတ်မထင် ပြုံးပြလိုက်မိ၏။ သူ ဖြတ်ကျော်တက်ခဲ့သူသည် သူ ထင်သလို သူနှင့် သက်တူရွယ်တူလောက်သာ ရှိသည်။ သုံးလေးလှမ်းခန့် ဖိပြေးလိုက်ကာ သူ့ကို ဖြတ်ထားခဲ့ပြီး သူ ရည်ရွယ်လိုက်၏။ ထိုစဉ်

သူ့ခြေလှမ်းနှင့် စည်းချက်ကျစွာ တဖျပ်ဖျပ် အသံတစ်ခု သူ့အား



www.burmeseclassic.com

www.burmeseclassic.com



တွင် ပေါ်လာ၍ သူ ရုတ်တရက် လှည့်ကြည့်မိ၏။ ခုနက သူ ကျော်တက်ခဲ့သည့်သူ။ ထိုသူက မခိုးမခန့် တစ်ချက်ပြုံးပြကာ သူ့ကို တစ်လှမ်း နှစ်လှမ်း ကျော်တက်သွား၏။ သူ့စိတ်တွင် ရုတ်တရက် ထောင်းခနဲ ဖြစ်သွား၏။ အနည်းငယ် ဖိပြေးကာ ထိုသူကို ပြန် ဖြတ်ကျော်တက်ရန် ကြိုးစား၏။ သို့သော် ထိုသူမှာ သူ့ကို အကျော်တက် မခံတော့။ အရှိန်ကို မြှင့်လိုက်ရာ သုံးလှမ်းလောက် ကွာသွား၏။ သူ့စိတ်ထဲ မျက်ခနဲ ဖြစ်သွားလေပြီ။ ရှေ့တွင် ညာဘက်သို့ ကွေ့၍ အားကစားဝင်းထဲ ဝင်မည့် အစီအစဉ်ကို သူ ဖျက်လိုက်လေသည်။ ရှေ့မှ ကျောတောတော ရှိလှသူအား သူ ပြန် ကျော်တက်ရန်သာ အားထုတ်တော့၏။ သူ ကြိုးစား၍ အရှိန်မြှင့်သည်။ထိုသူနှင့် သူ့အကြား နှစ်လှမ်းခန့်သာ ကွာတော့၏။ ထိုလူက သူ့အား လုံးဝ ကျော်တက်မခံပေ။ ရှေ့မှ အတင်းပြေး၏။ သူက လည်း ထိုလူကို ကျော်တက်ရန် အတင်းပြေးလိုက်၏။ သူတို့နှစ်ယောက် ခြေလှမ်းများကား ပထမ မှန်မှန်ပြေး၏။ ဒုတိယ အရှိန်တင်ကာ အနိုင်မခံ အရှုံးမပေး လွှတ်၍ ပြေးသွားကြလေတော့၏။ ဤသို့အားဖြင့်

နံနက်ခင်းတစ်ခုတွင် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးနှစ်ယောက်သည် ဝေဇယန္တာလမ်းမကြီး တစ်လျှောက် တစ်ယောက်ကို တစ်ယောက် အနိုင်မခံ အရှုံးမပေး သေပြေးရှင်ပြေး မဟားတရား ခြေကုန်သုတ်၍ အပြိုင်ပြေးသွားကြသည်ကိုသာ လူအများ တွေ့လိုက်ကြရလေတော့သည်။

နံနက်ခင်းဂျာနယ် အတွဲ ၃၊ အမှတ် ၂၄၉၊ ဇူလိုင်လ၊ ၂၀၀၈ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# ရေအောက်က ပြဿနာ

သမုဒ္ဒရာ ရေအောက်ကြမ်းပြင်တွင် ဖြစ်၏။

အခါတစ်ပါး၌ ရေဘဝဲတစ်ကောင်သည် အတော်ပင် သရိုးသရီ ခံစားနေရလျက် ရှိလေ၏။ အခုတလော ခြေမငြိမ်လက်မငြိမ် ရှိလှသည်ဟု သူ့ကိုယ်သူ ထင်၏။ သူ၏ မြောက်မြားစွာသော ခြေလိုလို လက်လိုလို အချောင်းရှည်များ အနက်မှ တစ်ချောင်းချောင်းသည် ကောင်းကောင်း မမာဘူးဟု သူ့ကိုယ်သူ ထင်လျက် ရှိ၏။ တစ်ချောင်း တစ်ချောင်းတွင် ရာချီ၍ ရှိနေသော စုပ်ခွက်များစွာ အနက်မှ သုံးလေးငါးခုသော စုပ်ခွက်အချို့မှာ တစ်ခုခုကို မိမိရရ ဆုပ်ကိုင်နိုင်ခြင်း မရှိဟု သူ ထင်နေ၏။ ထို့ကြောင့် ယခုတလော သူ ဘယ်မှရှည်ရှည်ဝေးဝေး သိပ်မသွား။ သူ့ကိုယ်သူ သိပ်စိတ်မချသဖြင့် ဂူတွင်းသာ အောင်းလျက် နေ၏။ စုပ်ခွက်တွေ သိပ်မကောင်းတာ သိသော်လည်း ဘဝဲခမျာ ဉာဏ်တိမ်ရှာသည် ဖြစ်၍ ဘယ်ခြေထောက်က စုပ်ခွက်တွေ မကောင်းမှန်းလည်း သူ သေချာ မသိ။ ဤသို့အားဖြင့် နှစ်ပတ် သုံးပတ် ကြာလာသော် သူ တော်တော် နေမထိထိုင်မသာ ဖြစ်လာ၏။

ရေဘဝဲသည် သာမညောင်ည အလကားကောင် မဟုတ်။ ရေအောက် ဆက်သွယ်ရေးကမ္ဘာတွင် သူသည် တယ်လီဖုန်း အော်ပရေတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် သူ့ခြေလက်တွေ သူ သိပ်စိတ်မချ၍ အလုပ်မှ ခွင့်ယူထားသည်မှာ ကြာပြီ ဖြစ်၏။ အလုပ်ကိုလည်း သူ အားနာလှပြီ။ သူ ခွင့်ယူထားသဖြင့် သူ့နေရာတွင် ပင်လယ်ရေခူက အစားဝင်ဆင်းပေးနေရ၏။ သို့သော် ရေခူမှာ သူ့လို ခြေလက်တွေပေါ်ကြား သူ့ခြေလက်တွေလောက် မသန်ရှာသဖြင့် ဝါယာကြိုးများ ဟိုဖြုတ် သည်တပ်လုပ်ရာတွင် ပင်ပန်းရှာမည်ဟု သူအမြဲ တွေးနေ၏။ ဤသို့အားဖြင့် တစ်ခါသော် အလည်လာသော ကျောက်ပုစွန် အား သူ့ဒုက္ခကို ပြောပြမိလေသည်။ ဤတွင် ရောဘဲ ဒုက္ခ စလေတော့၏။

ကျောက်ပုစွန်သည် အင်မတန် စကား လက်ဆင့် ကမ်းတတ်သော အကောင်စား ဖြစ်၏။ ရောဘဲ ခြေလက်များမှ တစ်ချောင်းချောင်းသည် ကောင်းကောင်း မမာကြောင်း တွေ့သမျှ ရေသတ္တဝါတွေကို အကုန်လျှောက် ပြောလေတော့၏။ ဤတွင် အော်ပရေတာ ရောဘဲ မရှိသဖြင့် အဆက် သွယ် ခက်ခဲနေကြသော ရေသတ္တဝါ အချို့မှာ စုဝေးကာ တိုင်ပင်လျက် ရောဘဲ ဒုက္ခကို ဝိုင်းဝန်း ကုသပေးလိုက်ကြရန် ဆုံးဖြတ်ကာ တွေ့ရာ အကောင်တွေစုလျက် ရောဘဲဂူသို့ လာကြကုန်၏။ တံခါးခေါက်သည် ရှိ သော် ရောဘဲသည် ထွက်ကြည့်ကာ အံ့သြနေလေ၏။

'ဟိုက်ရော … ဘယ်လိုဖြစ်လို့ ဒီလောက် အများကြီး စုပြီး လာကြ တုံးဟ'

'ဒါတော့ ငါ့ကောင်ရာ၊ မင်း ကောင်းကောင်း မမာဘူးကြားလို့ ဝိုင်း ကြည့်ရအောင် လာတာပေါ့ကွ'

ခုတ်ငါးမန်းကြီးက မေတ္တာရှေ့ထားသော အသံနှင့် ပဋိသန္ဓာရစကား စ၏။ ဘဲလည်း သူ့အပေါ် စေတနာထား၍ လာကြသည် ဖြစ်ရာ အားနာ လှသဖြင့် အထဲ ကြွခိုင်းလေ၏။ အိမ်ထဲ … အဲ ဂူထဲ ရောက်သော်

'ကျေးဇူးပါဗျာ၊ မမာဘူး ဆိုတာလည်း ဒီလိုပါ၊ ကျုပ် လက်တစ်ဖက် ဖက်က စုပ်ခွက်တွေ သိပ်မမြဲဘူး ထင်ရဲ့ပါ'

'ဘယ်တစ်ဖက်က ဟာတုံး'

'အဲ … အဲဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ ဟို … ခြေလက်တွေ က တစ်ချိန်လုံး လိမ်နေ ရှုပ်နေကြတော့လေ'

'ကိုယ့်ဟာကိုယ်တောင် ဘယ်အချောင်းမှန်း မသိမှ ကျုပ်တို့က ဘယ်



www.burmeseclassic.com

www.burmeseclassic.com


လိုလုပ် ကူရမတုံး'

ကန့်လန့်တိုက်တတ်သော ကဏန်းက ဘု ထပြော၏။ ဤသည်ကို ကျောက်ပုစွန်မှ ကျေရာကျေကြောင်း ဖျောင်းဖျလေသည်။

'ကဲပါလေ … ကျုပ်တို့ ဝိုင်းကြည့်တန် ကြည့်ပေးကြတာပေါ့ဗျာ၊ ကိုကဏန်းနှယ် မိတ်ဆွေချင်း ကူဖို့ လာတာပဲဟာ'

'ဟုတ်ပ ကဏန်းကောင်ရာ၊ မင်းကလည်း၊ ကဲ … ကိုဘဝဲ ပြဗျာ ကျုပ်တို့ကို၊ ခင်ဗျား ကောင်းကောင်း မမာဘူး ထင်နေတာ ဘယ်တစ်ချောင်း တုံး'

ကျားပါးစပ် ငါးကြီးတစ်ကောင်က ကဏန်းကို ဟန့်ရင်း ပြောပြောဆိုဆို ဘဝဲခြေလက်များကို ယူကြည့်၏။

ဘဝဲမှာ အားနာလျက်ရှိသည်က တစ်ကြောင်း၊ ကြောက်သည်က တစ်ဖုံ၊ ရှက်သည်က တစ်မျိုး ရှိုးတိုးရှန့်တန့် ဖြစ်နေသည် ဖြစ်ရာ ခြေလက်များမှာ ရှင်းရှင်း မရှိဘဲ ထုံးစံအတိုင်း လိမ်ကောက် ရှုပ်ထွေး၍သာ ရှိနေကြကုန်၏။ ဝိုင်းဝန်း ကြည့်ရှုနေကြသော ရေသတ္တဝါများလည်း အခက်တွေ့လျက် နေကြကုန်၏။ သူတို့ကြည့်နေသော ဘဝဲခြေထောက်မှာ တောင်က အချောင်းလား၊ မြောက်က အချောင်းလား ခွဲခြားမရ ဖြစ်နေကြ၏။ ဘဝဲကလည်း 'ဒါကြောင့် ကျုပ် ပြောပါတယ်၊ ကျုပ်ဟာ ကျုပ်တောင် ဘယ်တစ်ချောင်းမှန်း မသိပါဘူး ဆိုမှ' ဟု ပွစိပွစိ ပြောနေသေး၏။ ဤသို့အားဖြင့် အတန်ကြာ ရှုန်းရင်းဆန်ခတ် ရှိနေကြရာမှ တစ်ချိတွင် စိတ်ထွက်လာသော ကဏန်းမှာ ဘာညာ ပြောမနေတော့ဘဲ ဘဝဲခေါင်းကို နီးရာကျောက်ခဲနှင့် ဆွဲထုလိုက်ရာ ဘဝဲမှာ ရုတ်တရက် ထင်မထားသည် ဖြစ်ရကား ပြီတီတီ ရုပ်ကြီးနှင့် အိစခဲ မေ့မျောသွားလေတော့၏။ ကျားပါးစပ်ငါးမှာ အလန့်တကြားနှင့် ကဏန်းအား

'ဟကောင်ရ ဘယ့်နှယ်လုပ်လိုက်တာတုံး၊ ဟိုကောင် မေ့သွားပဟာ'

'တတ်နိုင်ဘူးလေ၊ အဲဒါမှ ခြေတစ်ချောင်း လက်တစ်ချောင်းချင်း ခပ်ရှင်းရှင်း ကြည့်လို့ရတော့မပေါ့၊ အချိန် ဆွဲမနေနဲ့၊ ဒီကောင်ကြီး သတိ ပြန်လည်မလာခင် တစ်ကောင် တစ်ချောင်းချင်း သေချာ ဝိုင်းကြည့်ပေးပြီး လုပ်သင့်တယ် ထင်တာ လုပ်ကြစို့'


www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေး ပြန်ပြောရင်း ခြေလက်ကားရားကြီး မှေ့နေသော ဘဝဲ ခြေထောက် တစ်ချောင်းအား ခပ်တည်တည် ယူကြည့်နေတော့၏။ ကျန် ရေသတ္တဝါများလည်း တစ်ကောင်ကို တစ်ကောင် ကြည့်ကာ ပခုံးတွန့်ပြမိ ကြလျက် ကဏန်းလုပ်သလိုသာ တစ်ကောင်တစ်ချောင်း ဝိုင်းဆွဲမိကြတော့ ၏။ ဤတွင် **'ဘဝဲ အော်ပရေးရှင်း'** စလေ၏။

ကျားပါးစပ်ငါးမှာ သူ့နီးရာ ခြေတစ်ချောင်းအား မ ကာ စုပ်ခွက်များ ကို သေချာကြည့်ရန် ကြိုးစား၏။ သို့သော် ဘဝဲခြေမှာ ပျော့စိကြီး ဖြစ်နေ ရာ ကောင်းစွာ မမြင်ရဘဲ ရှိနေ၏။ ရေအောက်တွင်ဖြစ်၍ အလင်းရောင် လည်း ကောင်းကောင်း မရ။ ကြာသော် စိတ်ထွက်လာ၍ ကုန်းကိုက်ရာ ဘဝဲခြေတစ်ချောင်းမှာ အရင်းမှပြတ်ကာ သွားတော့၏။ ဤတွင်မှ အလန့် တကြား ဖြစ်ကာ ပြတ်သွားသော ခြေတစ်ချောင်းအား ချောင်တစ်ချောင် တွင် သွားဖွက်ထားကာ မယောင်မလည်နှင့် ဂူထဲမှ အသာလစ်သွားတော့ ၏။

BURMESE CLASSIC

အုပ်စုလိုက်နေသော ငါးတစ်သိုက်မှာ ဘဝဲခြေတစ်ချောင်းမှ စုပ်ခွက် များကို တစ်ကောင်ချင်း ဝိုင်းကြည့်ကြ၏။ သို့သော် သူတို့ ကြည့်မိသော ဘဝဲခြေမှာ အကောင်းကြီး ဖြစ်နေ၍ စုပ်ခွက်တစ်ခုတွင် တစ်ကောင် သွားကပ်ကာ ငါးတွေ အားလုံး ရှန်းရင်းဆန်ခတ် ဖြစ်ကုန်၏။ ကြုံရာမရ သော် ကျန်သောငါးများ ခြေထောက်အရင်းမှ ဝိုင်းတွတ်ကြပြီး ဘဝဲ ခြေပြတ်သွားမှ အားလုံး လွတ်ကာ စိတ်ပျက်လက်ပျက်နှင့် ဘဝဲခြေပြတ် ကြီးအား ဝိုင်းစားကြကာ ကုန်သော် ပြန်ကြလေ၏။

ခုတ်ငါးမန်းမှာ သူ့ဝေစုတစ်ချောင်းကို သေချာစွာ ကြည့်၏။ စုပ်ခွက် သုံးလေးခု မည်းညစ်ညစ် ဖြစ်နေသည်ကို တွေ့သော် 'လက်စသတ်တော့ ဒီဘဝဲနှယ် စုပ်ခွက်ကင်ဆာ ဆိုလား အဲဒါ ဖြစ်နေသကိုး' ဟု ယူဆ၍ သူ့ခေါင်းမှ လွှနှင့် အရင်းမှ ဖြတ်ပေးလိုက်လေ၏။

ကျောက်ပုစွန်မှာ သူ့ခြေလက်များ အားကိုးနှင့် သူ့ဆိုင်ရာ ဘဝဲ ခြေ တစ်ချောင်းမှ စုပ်ခွက်များကို တစ်ခုချင်း ခွာကြည့်ရန် ကြံ၏။ ဘဝဲခြေအ ရင်း တစ်ဖက်ကို လက်မနှင့်ညှပ်၍ ကျန်ခြေလက်များနှင့် စုပ်ခွက်များကို ခြေကန်ခွာနေ၏။ တစ်ချီသော် အားပါသွားသဖြင့် ဘဝဲ ခြေပြတ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com

ကိုပင် မသိလိုက်ရှာချေ။ သူ့အလုပ်သာ သူ ကြိုးစားပမ်းစား လုပ်နေ၏။
ကဏန်းသည် သူ့အပြောနှင့် သူ့အလုပ် ညီရန် ကြိုးစား၏။ သူ ရ ထားသော ဘဝဲ ခြေတစ်ချောင်းအား အဖျားမှ တဖြည်းဖြည်း ဖြတ် ဖြတ် ကြည့်ကာ ဘဝဲ လှုပ်လာမလားဟု စမ်းသပ်၏။ မလှုပ်သေးလျှင် မကောင်း သောအပိုင်းဟု ယူကာ ထပ်ဖြတ်၏။ သို့သော် သူ တစ်ခု မေ့နေသည်မှာ ဘဝဲသည် သူ ခဲနှင့်ထုထားသဖြင့် လုံးလုံး သတိမလည်သည် ဖြစ်ရာ သူ အရင်းထိ ဖြတ်လိုက်ပြီးသည့်တိုင် ဘာမှ တုံ့ပြန်ခြင်း မရှိချေ။
ကျန် ရေသတ္တဝါများလည်း သူတို့ဆိုင်ရာ ရ ထားသော ဘဝဲခြေများ မှ တစ်ဖက်စီကို ထင်သလို ကပ္ပိကြကုန်၏။ နောက်ဆုံး ဘဝဲတွင် ခြေတစ် ချောင်းသာ ကျန်ကြောင်းတွေ့မှ သတိရကြလျက် အချင်းချင်း လက်တို့ကာ အသာလစ်ကြကုန်၏။

BURMESE CLASSIC

ဘဝဲ သတိပြန်လည် လာလေပြီ။
ခဲနှင့် အထုခံထားရသဖြင့် နာနေသော ခေါင်းထက် ခန္ဓာကိုယ် အရင်း မှ နာနေသည်က ပိုဆိုးနေ၏။ မူးတူး မူးတူးနှင့် ထကြည့်သော် ခြေတစ် ချောင်းသာတွေ့ကာ ကျန်သည်များမှာ ငုတ်တိုတွေသာ တွေ့၏။ ဘဝဲမှာ ဒေါပွလွန်း၍ ပြန် မေ့သွား၏။ သတိပြန်လည်သော် ကဏန်း အပါအဝင် ရေသတ္တဝါများကို စုံနေအောင် ဆဲဆိုကာ သူ့ဂူထဲတွင် သူ ဝုန်းဒိုင်းကြဲ နေလေတော့၏။ သို့သော် ခြေတစ်ချောင်းသာ ကျန်တော့သည် ဖြစ်ရာ ဟို သည် သွား၍ ပြဿနာ ရှာရန်ကား မဖြစ်တော့ချေ။ ထင်ကြေးနှင့် ရမ်းကုသွားကြကုန်သော ကဏန်းတို့ ငါးမန်းတို့ တစ်သိုက်ကိုသာ နေ့တိုင်း ကျိန်ဆဲနေလေတော့၏။
ဤသို့အားဖြင့် ရှစ်လခန့် ကြာသွား၏။ ဘဝဲ၏ ခြေလက်များလည်း အသစ်ပြန်၍ ရှည်ထွက်လာကြကုန်၏။ သို့သော် ယခင် အခြေအနေရောက် ရန်ကား နှစ်ချီ စောင့်ရဦးမည် ဖြစ်၏။ ဘဝဲသည် မှန်ထဲတွင် သူ့ကိုယ် သူ ကြည့်မိတိုင်း လွန်စွာ ဒေါပွလျက်ပင် ရှိနေသေး၏။ ကဏန်းတို့ တစ်သိုက်မှာမူ လုံးဝ ပေါ်မလာကြတော့ချေ။ သတင်း ကြားသည်မှာ တခြားသမုဒ္ဒရာတစ်ခုသို့ ပြောင်းပြေးသွားကြသည် ဟူ၏။ ဘဝဲသည်

www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းမကျ ရှိ၏။ ယခင်က ခေါင်းနှင့် ခြေလက်များ အရွယ်အစားညီ၍ အတန်ငယ် ကြည့်ပျော်ရှုပျော် ရှိသေး၏။ ယခုမူ ခေါင်းကြီးက အလုံးလိုက်ကြီး ကြီးနေကာ ပြန်ထွက်လာသော ခြေလက်များမှာ တိုစိစိ သေးသေးကွေးကွေးလေးတွေသာ ရှိသေးသဖြင့် လွန်စွာ ရုပ်ဆိုးကာ ရယ်စရာ ကောင်းနေ၏။

တစ်နေ့သောအခါတွင် အော်ပရေတာခန်းထဲသို့ ဘဝဲ မရဲတရဲ ရောက်လာ၏။ ရေရှူမှာ ဘဝဲကို ကြည့်ကာ မအောင့်နိုင်လွန်းသဖြင့် ရယ်မိရာက အူတက်နေသဖြင့် ဘဝဲမှ စိတ်ဆိုးဆိုးနှင့်ပင် ခြေမ ချိုးရသေး၏။ အခြေအနေ အေးသော် ရေရှူမှ

'တော်သေးတာပေါ့ ငါ့ကောင်ရာ၊ ခြေတွေ လက်တွေ အလိုလို ပြန်ထွက်လာတတ်တဲ့ သတ္တဝါမျိုးမို့ပေါ့၊ ပြန်သာ ထွက်မလာရင်တော့ကွာ…'

ဤတွင် ဘဝဲမှ မျက်ထောင့်နီကြီးနှင့် ပြော၏။

'ပြန်မထွက်လာလို့ကတော့ သေရုံပေါ့ ငါ့ကောင်ရာ၊ ဘာမှမတတ်ဘဲ ရမ်းလုပ်တဲ့ ကောင်တွေ၊ ကံကြီးပေလို့သာ ဒီအခန်းထဲ ငါ ပြန်လာလို့ရတာ'

ရေရှူမှာ ကြီးမားသော ခြေထောက်ကြီး တစ်ချောင်း၊ အသစ်ထွက်လာသော ခြေလက် ရှစ်လေးတွေက အများနှင့် ကိုးရိုးကားရား အချိုးမကျဖြစ်နေသော ဘဝဲကို ကြည့်ရင်း ခေါင်းကိုသာ တွင်တွင်ခါမိနေတော့၏။

ရေဘဝဲ တစ်ကောင်၏ ခန္ဓာဗေဒကို သေချာ မသိဘဲ ရမ်းကုကြကုန်သော ကဏန်းတို့ တစ်သိုက်ကား ဘယ်သွားပုန်းနေကြသည်ကို မည်သည့် ရေသတ္တဝါမှ သေချာမသိဟု ခိုင်လုံသော သမုဒ္ဒရာအသိုင်းအဝိုင်းမှ သတင်းရရှိကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ငါးပြားစေ့ ပုံပြင်

လေတဝီဝီ တိုက်နေသံမှလွဲလျှင် ဘာသံမှ မကြားရ။ နေသည် ပျင်းရိဖွယ်ရာ ကောင်းအောင်ပင် သဲသဲမဲမဲ ပူလျက် ရှိနေ၏။ မြင်မြင်ရာတွင် ဖုန်များ တင်းကျမ်း ပြည့်လျက် ရှိ၏။ ဘယ်နေရာ ကြည့်ကြည့် ဘာမှ မတွေ့ရ။ မျက်စိတစ်ဆုံး သဲတွေသာ ဖုံးလျက် ရှိ၏။ ထို့ပြင် ထို သဲများမှာ သဲပူများ ဖြစ်နေသေး၏။ သဲကန္တာရ ဟူသည်ကား စိတ်ပျက်စရာ အတိ ဖြစ်တော့၏။ ကျဲကျဲတောက် ပူနေသော အပြာရောင် ကောင်းကင်နှင့် မျက်စိတစ်ဆုံး မြင်မြင်ရာ သဲတောင်ကုန်း၊ သဲလွင်ပြင်များသာ ရှိတော့၏။

ထို သဲကန္တာရကြီးထဲတွင် လူလေးယောက် စိတ်ပျက်လက်ပျက် လမ်းလျှောက်လျက် ရှိ၏။ သူတို့မှာ သူတို့ကိုယ် သူတို့ ဘယ်ရောက်လို့ ရောက်နေကြမှန်း မသိ။ ဘယ်သွားလို့ သွားရမှန်းလည်း မသိ။ စားစရာနှင့် ရေတော့ ကံကောင်းစွာ ကိုယ်စီ သယ်လာမိကြ၏။ လမ်းလျှောက်ရုံကလွဲလျှင် ဘာမှလည်း လုပ်စရာ မရှိ။ ထို့ကြောင့် တရွေ့ရွေ့နှင့် လေးယောက်သား ထင်ရာ လျှောက်သွားလျက်သာ ရှိ၏။ လေးယောက်သားမှာ တစ်ယောက်နှင့် တစ်ယောက်ကလည်း ဘယ်သူမှ မရှိ၍သာ ပေါင်းနေကြသော် သိပ်တော့လည်း သိကြလှသည် မဟုတ်။ တစ်ယောက် အကြောင်း တစ်ယောက်သိဖို့ စုံစမ်းကြည့်ရန်လည်း ဘယ်သူမှ စိတ်မဝင်စား ရောက်ရာ

www.burmeseclassic.com



ပေါက်ရာ သွားနေကြခြင်းသာ ဖြစ်၏။ ဤသို့ဖြင့် သဲတောင်ကုန်းကြီး တစ်ခုကို ကျော်မိသည် ရှိသော် …

ခပ်လှမ်းလှမ်း သဲပြင်ပေါ်ဝယ် နေရောင်ဟပ်သဖြင့် တလျှပ်လျှပ်ဖြစ်နေသော တစ်စုံတစ်ရာကို လေးယောက်သား လှမ်းတွေ့ကြရ၏။ ထိုအရာသည် ဘာမှန်းညာမှန်းတော့ မသိ။ တလက်လက်နှင့်တော့ ဖြစ်၍ နေ၏။ ဤတွင် လူလေးယောက်မှာ လူ့သဘာဝ စပ်စုလိုစိတ်က ကြွ၏။ ကိုယ့်အတွက် အသုံးတည့်တာ၊ မတည့်တာ ထား။ ဆိုင်တာ၊ မဆိုင်တာ ထား။ အန္တရာယ်ရှိတာ ဟုတ်မှန်း မဟုတ်မှန်းလည်း ခဏထား။ စပ်စုလိုစိတ်သာ မတရားကြွသည်ရှိ၍ လေးယောက်သား အပြေးအလွှား သူ့ထက်ငါ သွားကြည့်ကြလေ၏။ ဤတွင် သဲပြင်ပေါ် တလက်လက် ဖြစ်နေသည်ကို တွေ့ကြရာ အခြား မဟုတ်။ ဘယ်သူ ကျကျန်သွားမှန်း မသိသော ငါးပြားစေ့ တစ်စေ့သာ ဖြစ်လေသည်။

အမျိုးမျိုး ထင်ထားကြ၊ ဒရောသောပါး လာကြပြီးမှ ငါးပြားသာ ဖြစ်နေသည်ကို တွေ့သော် လေးယောက်သား အတော် ဖားသွားကြ၏။ သို့သော် လူ့သဘာဝအရ ပိုက်ဆံကောက်ရသည် ဖြစ်ရာ ကောက်တော့ ကောက်လိုက်ကြ၏။ ငါးပြားစေ့ကို ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း တစ်ဦးက စပြော၏။ ဤတွင် ဓာတ်လမ်း စလေသည်။

'ဘာများလဲလို့ … ငါးပြားစေ့ကိုးဟ'

'အေးလေ ငါတို့မှာတော့ သဲတွေကြားထဲ အပြေးအလွှား ယက်ကန်လာလိုက်ရတာ'

'ဟုတ်ပကွာ ဟေ ဟော့'

'ဟဲ ဟဲ ဟဲ'

ပထမတော့ ရယ်ကြရှာသေး၏။ နောက်တော့ …

'ကဲကဲ … ငါပဲ သိမ်းထားလိုက်ပါ့မယ်ကွာ၊ လာ ဆက်သွားကြစို့'

'ဟာ … ဘယ်ဟုတ်မလဲ၊ ငါ့ပေး၊ ငါ သယ်လာခဲ့မယ်၊ မင်းဆို ပျောက်ရင် ပျောက်နေဦးမယ်'

'နေပါဦးကွ၊ ဒီငါးပြားဟာ အရေးကြီးတယ်၊ တို့ လျှောက်သွားနေတာ ကြာပြီ၊ ဒီနေ့မှ ပိုက်ဆံကောက်ရတာ၊ သဲကန္တာရထဲ ပိုက်ဆံကောက်ရတာ



www.burmeseclassic.com

www.burmeseclassic.com


ဆိုလို့ ငါတို့ပဲ ကမ္ဘာမှာ ရှိရင်ရှိမှာ၊ ငါးပြားပေမဲ့ သေချာသိမ်းရမှာ၊ ငါ့ဗေး'

'အားလုံး တော်ကြစမ်း၊ ဒီငါးပြားဟာ တို့ရဲ့ နောင်လာနောက်သား တွေအတွက် ဂန္ထဝင်ပုံပြင်ကောင်း ဖြစ်နိုင်တယ်ကွ၊ အညီအမျှ ခွဲကြမှဖြစ် မှာ၊ ငွေရေးကြေးရေး ကိစ္စကွ၊ ပေး ပေး … ငါ့ပဲ အပ်ထား'

အမှန်တော့ သဲကန္တာရထဲတွင်သာ ဖြစ်၍ ဘာမှ ဝယ်၍ရမည်မဟုတ်။ ရခဲ့လျှင်တောင်မှ ငါးပြားနှင့် ဘာမှ များများစားစား မရနိုင်။ သို့တိုင်အောင် ပိုက်ဆံနှင့် ပတ်သက်လာလျှင် လူတွေသာ ဖြစ်၍ အချင်းများကြလေတော့ ၏။

'နေစမ်းပါဦး၊ ဒီငါးပြားစေ့ကို ငါ အရင် မြင်ပြီး အရင် ကောက်တာပါ ကွ၊ ဒါ ငါ့ဟာ'

'ဘာမှ မဆိုင်ဘူး၊ အားလုံး အတူတူ တွေ့တာ၊ ဟုတ်တယ်နော် ဟောကောင်တွေ'

'ဟုတ်တယ်၊ ငါးပြားမို့လို့ မင်း ပျော်လို ပျော်ပါစေတော့လို့ ငါတို့ က ပေးကောက်လိုက်တာ'

'ဒီမှာ … သူ့ဟာကိုယ့်ဟာ လာလုမနေနဲ့၊ အားလုံး အညီအမျှဆိုင် တယ်၊ အညီအမျှ ခွဲ'

'ဘယ်လိုလုပ်ခွဲမှာလဲ၊ ငါးပြားကိုလေးပုံခွဲရင် တစ်ယောက် တစ်ပြား နဲ့ အစိတ် ရ ရမှာ၊ ဘယ်သူ့မှာ တစ်ပြားအစိတ် ရှိမှာလဲ'

'တစ်ပြားအစိတ်ပဲ ရှိရှိ၊ နှစ်ပြား ငါးဆယ်ပဲ ရှိရှိ၊ ငွေရေးကြေးရေး ကိစ္စကွ၊ သာတူညီမျှတော့ ရှိမှပေါ့'

'အဲဒါဆို မင်း အမ်းလေ ပေး … သုံးပြားနဲ့ ခုနှစ်ဆယ့်ငါး'

'ဟ ဘယ်လိုလုပ်ရှိမှာလဲ'

'မရှိ မပြောနဲ့လေကွာ'

'ဖြစ်မလားကွ၊ ငါးပြားတောင်ဥစ္စာ'

'မင်းတို့ကလည်းကွာ … ငါးပြားစေ့တစ်စေ့ ရတာနဲ့'

'ဘာလဲ မင်းဝေစု မယူတော့ဘူးလား'

'မယူဘဲတော့ မနေဘူး ဟောကောင် … သေသေကြေကြေ'

'ဒီလိုလုပ်မလား၊ ငါးပြားကို လေးပိုင်းပိုင်းရင်ကော'


www.burmeseclassic.com

www.burmeseclassic.com



'အာ … ဘာ တောက်တုံးကျတော့မလဲဟ၊ အပိုင်းပိုင်းတွေ ဖြစ်ကုန်မှတော့'

'အေးလေ၊ ငွေကြေး ဖျက်ဆီးမှုနဲ့ ထောင်တောင် ကျဦးမယ်၊ ပိုင်းရထစ်ရအောင် ဘာကိရိယာမှလည်း မရှိ'

'တော်ကွာ … ဒီကောင် ပေးတဲ့အကြံ မကောင်းဘူး၊ ဒီကောင့်ဝေစုမပေးနဲ့တော့၊ ငါ ယူမယ် ဒီကောင့်ဝေစု'

'ဘာလို့ ပေးရမှာလဲ'

'အေးလေ၊ ယူချင်းယူ ငါပဲ ဒီကောင့်ဝေစု ယူမှာပေါ့'

'မင်းပေးမဲ့ အတူတော့ ငါပဲ ယူမှာပေါ့'

'လုပ်မနေကြနဲ့၊ ငါ့ဝေစု ဘယ်ကောင့်မှ မပေးဘူး'

'ဟေ့ကောင် လေသံလာမမာနဲ့နော်၊ ငါ လုပ်လိုက်ရ'

'အောင်မာ … လာလေ'

'လာတယ်ကွာ'

'ဟေ့ကောင်တွေ … နေကြစမ်း၊ ဟိုမှာ ဟိုကောင် ငါးပြား ဘုံးပြေးသွားပြီဟ၊ လိုက် …လိုက်'

'ဟေ့ကောင် ဘာလုပ်တာလဲ၊ အားလုံးနဲ့ ဆိုင်တဲ့ ငါးပြားကွ'

'မပေးဘူးကွာ'

'ရမလားကွ'

'ဖုန်း'

'ခွပ်'

'မင်းက ဒီလိုလား … ရော့ကွာ'

'ဖြောင်'

'ဇက်ပိုးမှ ရွေးအုပ်ရသလားဟ …ဟိုက်ရော …'

ထိုသို့အားဖြင့် သတ်ကြ ပုတ်ကြရင်းနှင့် ငါးပြားစေ့ ကျပျောက်သွားလေရာ သတ်ရပုတ်ရခြင်းကြောင့် ဖူးရောင်ကွဲပြဲလျက် လေးယောက်သား အမောသာ အဖတ်တင်လေ၏။

ငါးပြားစေ့မှာမူ သဲကန္တာရထဲ နောက် လူခြောက်ယောက်ခိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com


ခန့် ထပ်လာလျှင် ထပ်ဒုက္ခပေးရန် သဲ့ထဲနစ်၍ ပုန်းနေလျက် တခိခိရယ်လျက်သာ ရှိတော့၏။

သူသည် ငါးပြားသာဖြစ်ငြား လူတွေ၏ သဘောသဘာဝကို ပိုက်ဆံဖြစ်သောကြောင့် ကောင်းကောင်းသိသော ဟူသတည်း။

ဤသည်မှာကား အာရဗီပုံပြင်ဟောင်း တစ်ပုဒ် ကျွန်ုပ် စုမိထားရာထဲမှ အများဖတ်၍ မနောခွေ့စေရန် အလို့ငှာ မြန်မာဆန်အောင် ပြန်တင်ပြလိုက်ရခြင်းသာ ဖြစ်တော့သတည်း။

**လောဘသည် ဆန်းလှပေစွတကား။**

ပေါ်ပြူလာဂျာနယ် ဖေဖော်ဝါရီလ ၂၀၁၀ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# ပြန်မပျော့မယ့်ဟာ

ဤ နံနက်ခင်းတွင်တော့ သိကြားမင်းဦးမာဃသည် ခါးနာ၍ပင် နေရှာလေပြီ။ အအိပ်အနေ မတတ်သဖြင့် အကြော ညပ်သွားခြင်းလည်း မဟုတ်။ အထိုင်အထ အကုန်းအကွ အလေးအပင်များ မ မိ၍လည်း မဟုတ်။ ခြေမ်သိကြားမင်း သုဇာတာ မိဖုရားကြီးမှ မတော်မတည့် လုပ်ထည့်လိုက်သောကြောင့်လည်း မဟုတ်။ အကြောင်းကား တစ်ခုတည်းသာ ရှိ၏။ သူ ထိုင်နေကျ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးမှာ ယခင်က မကြာခဏသာ တင်းခဲ့ရာမှ ယခုတလောတွင် တစ်ခါတည်း ဆက်တိုက် တင်းနေ၍ နည်းနည်းမှ ပြန်မပျော့တော့သည်မှာ ကြာပြီ ဖြစ်သောကြောင့်တည်း။ သို့ဖြစ်ရကား ထိုင်စရာဆို၍ ဤ မြကျောက်ဖျာကြီးသာ နှစ်သက်ခြင်း ရှိရှာသော သိကြားမင်းကြီးမှာ ဤ မြကျောက်ဖျာ မာတင်းတင်းကြီး ပေါ်တွင်သာ နေ့စဉ်နှင့်အမျှ အတင်း တက် တက်ထိုင်နေခဲ့ရာမှ ယနေ့မနက် နတ်သဘင် အစည်းအဝေး အပြီးတွင် ခါးနာ၍ နေရှာလေတော့၏။

ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးကား တင်းချင်တိုင်း ထ ထ တင်းနေတတ်သည် မဟုတ်။ လူ့ပြည်တွင် အကြောင်းတစ်စုံတစ်ရာ မဟုတ်တာတွေ ဖြစ်ပျက်နေသည့် အခါမျိုးတွင်သာ သိကြားမင်းကြီးက လူတို့အား ကွပ်ညပ် ထိန်းသိမ်းနိုင်စေရန် သတိပေးသောအားဖြင့် ကျောက်စိုင်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



သား အလား တင်းမာပြတတ်ခြင်း ဖြစ်၏။ သာမန် အချိန်တွင်ကား ပန်းမွေ့ရာ ရွှေကော်ဇောများ..အလား အလွန်တရာ ပျော့ပျောင်း အိစက် နေတတ်သော ဟူ၏။ ယခုမူကား နေ့ ည စဉ်ဆက်မပြတ် တင်းလျက် ရှိပေသည်။ သူ့ကျောက်ဖျာကြီး ဘာကြောင့် တင်းနေရသလဲ ဟူသည့် အကြောင်းရင်းကိုလည်း သိကြားမင်းကြီး မသိ မဟုတ်။ သိသည်သာ ဖြစ်၏။ သိသော်ငြား ယခုကိစ္စမှာ သိကြားမင်းကြီး ကိုယ်တိုင် ဘာမှ မတတ်နိုင်ရှာသော ကိစ္စများ ဖြစ်သောကြောင့်တည်း။

သိကြားမင်းတောင် မတတ်နိုင်သော ကိစ္စ ဘာတွေများ ဖြစ်နေကြသနည်းဟူမူ အခြား မဟုတ်။ သိကြားမင်းကြီး ရှိနေမှန်းကို မသိကြရုံသာမက သိကြားမင်းကြီး ရှိပါတယ်ဟု ကျိန်တွယ်ပြောလျှင်ပင် ဟားတိုက်လှောင်ကြဦးမည့် ကမ္ဘာကြီး၏ အလယ်ပိုင်း တစ်ဝိုက်မှ ဆိုးသွမ်းနေကြသော အစွန်းရောက် အကြမ်းဖက် လူရမ်းကား ဒိဋ္ဌိတစ်သိုက်တို့ကြောင့် ဖြစ်လေသည်။ သိကြားမင်းကြီး ကိုယ်တိုင် အနီ အစွန်းရောက် ဗာလာနံ တစ်သိုက်အား သနားပင်သနားသော်ငြား ဘာမှ မပြောသာဘဲ ဥပေက္ခာပြုထားရလျက် လက်စွဲတော် မာတလိ သတင်း ပို့လာသမျှကိုသာ မသက်မသာ နားထောင်နေရရှာလေ၏။ မာတလိနတ်သားခများလည်း သွားကြည့်လိုက်၊ ပြန်လာ သတင်းပို့လိုက်နှင့် အတော်ပင် ကိုယ်ရေစစ်သွားရှာရုံမက ဤ မနက်တွင်လည်း နတ်သဘင် အစည်းအဝေး ပြီးကတည်းက က သုတ်ကရိုက် ထ၍ ထွက်သွားသည်မှာ ပြန်လာ သတင်းပို့ချိန်ပင် တိုင်လေပြီ။ သိကြားမင်းကြီးမှာ သူ့ကျောက်ဖျာ ထက်ဝယ် မသက်မသာထိုင်ကာ တစ်စုံတစ်ရာ တွေးနေစဉ်အတွင်း မာတလိ မောကြီးပန်းကြီး ပြန်ရောက်လာသဖြင့်

'ကိုင်း ... ဆိုစမ်းဟဲ့ ဒီမနက်ကော အဲဒီ လူတွေ တစ်သိုက် ဘာတွေဖြစ်ကုန်ကြပြီတုံး'

မာတလိမှာ မောနေရှာသဖြင့် အသက်မျှ ဝအောင် ရှူနေပြီး အတန်ကြာမှ

'ဟောဟဲ ...ဟောဟဲ ...ဒီ ဒီလိုပါဘုရား၊ ဒီမနက်တော့ ဘုရားကျွန်တော်မျိုးကြီး ဂါဇာကမ်းမြောင် ဒေသဘက် ရောက်ခဲ့တယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com


'အိမ်း … တင်စမ်းကွဲ၊ ဘာတွေ လုပ်နေကြတုံး'

'ထုံးစံအတိုင်း သတ်နေကြတာပါပဲ ဘုရား၊ ပါလက်စတိုင်းဘက်က မုတ်ဆိတ် တစ်သိုက်ကလည်း အစ္စရေးက မုတ်ဆိတ်တွေဘက်ကို ရှော့ကတ် ဆိုတာတွေနဲ့ ထုတယ် ဘုရား၊ အစ္စရေးကလည်း မခံဘူး ဘုရား၊ အစ္စရေး မုတ်ဆိတ်တွေကလည်း တိုက်လေယာဉ်ခေါ်တဲ့ သတ္တုငှက်တွေနဲ့ လေထဲက ဝဲ ဝဲပြီး ဗုံးဆိုတာ ကြဲတယ် ဘုရား'

'သေကုန်ကြရောလားဟဲ့ … အားလုံး'

'မသေဘူး ဘုရား၊ အများကြီး ကျန်ကြသေးတယ်'

'အလို …ဒီလောက် နှစ်ပေါင်းများစွာ ဆော်လာကြတာတောင် အဲဒီနေရာမှာ လူတွေ ကျန်နေသေးသလားဟဲ့'

'ကျန်ဆို ဒီလိုဘုရား … တစ်ဖက်က ဖိဆော်ရင် တစ်ဖက်က ပုန်းနေကြတာကိုး ဘုရား၊ အခုဆို တစ်ဖက်နဲ့တစ်ဖက် လှမ်းဆော်ကြရုံနဲ့ အားမရလို့ မြေပြင်စစ်ပွဲ ဆိုလား၊ နဖူးတွေ့ ဒူးတွေ့ လုံးကြဖို့ တစ်ဖက်က ချီတက်ကုန်ကြပြီ ဘုရား၊ တစ်ဖက်ကလည်း လာရဲလာကြည့် တွေ့မယ်တဲ့ ဘုရား'

'တယ်ခက်တာကိုး၊ နို့ နေစမ်းပါဦး … ကျန်တဲ့ တိုင်းပြည်တွေက ဝင်မတားကြဘူးလားဟဲ့'

'သူတို့လူတွေ အချင်းချင်း တားတော့ တားကြတာပဲ ဘုရား၊ ဒါပေမဲ့ မုတ်ဆိတ်တွေက နားမထောင်ဘူး ဘုရား၊ လူလောကကလည်း အတော်ရှုပ်တယ် ဘုရား၊ တားတဲ့လူက တားသလို နောက်ဖေးပေါက်က တိတ်တိတ် လက်နက်တွေ ခိုးရောင်းတဲ့လူက ရောင်းနေကြတာ ဘုရား'

'တယ် ဒုက္ခများကြတာကိုးဟဲ့ နေစမ်းပါဦး … အဲဒီ ချနေတဲ့လူတွေချင်း သူတို့ဟာ လူမျိုးစုတူတွေ ဖြစ်တယ်ဆိုတာ မသိကြဘူးလားဟဲ့'

'သိတော့ သိတယ်၊ မရဘူး၊ ဆော်နေတာပဲ ဘုရား၊ လူအခေါ်အရ အစွန်းရောက် ဆိုလား၊ အဲဒီရောဂါ ကပ်နေကြတယ် ဘုရား'

'သိပ် အစွန်းရောက်ရင်တော့ အားလုံး လိမ့်ကျကြမှာပဲ၊ ကဲ …သွားကွယ်၊ နောက် ဘာထူးသေးတုံး'

'ရှိသေးတယ် ဘုရား၊ အေဒင်ပင်လယ်ကွေ့ဆိုလား …သူတို့လူတွေ


www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသွားတဲ့နေရာမှာလည်း လိုက်တမ်းပြေးတမ်း ကစားနေကြတယ် ဘုရား'

'စိန်ပြေးတမ်း ကစားကြတာများ မာတာလီရယ်၊ အရေးလုပ် ပြောနေရတယ်လို့'

'မဟုတ်ဘူး ဘုရား၊ ရိုးရိုး ကစားတာ မဟုတ်ဘူး ဘုရား၊ ရေထဲမှာ ဓားပြတိုက်ပြီး ပစ်ခတ်နေကြတာ ဘုရား'

'အလို ... တယ်ဆိုးတဲ့ ဟာတွေပါလား'

'ဆိုးတယ် ဘုရား၊ ဆိုမာလီ ဆိုလား ဓားပြတွေက မော်တော်ဘုတ် ဆိုတဲ့ ဟာတွေနဲ့ သူများ ပိုင်တဲ့သင်္ဘောတွေကို လိုက် လိုက် လုနေတာ ဘုရား၊ အဲဒါ အလုမခံရအောင် ကျန်တဲ့လူတွေက လိုက်ဆော်တာ ဘုရား'

'သေကုန်ကြရောလားဟဲ့'

'သေတဲ့လူသေ၊ ရေနစ်တဲ့လူ နစ်နဲ့ ဝရုန်းသုန်းကားပဲ ဘုရား'

'တယ်ခက်ကြပါလား ကွယ်ရို ... အားလုံး ငရဲကျမယ့်ဟာတွေချည်းပါလား၊ ဟဲ့ နေစမ်းပါဦး ဟို သာဒင်ဆိုလား ဘာလား ... အဲဒီလူရော မိသွားပလား'

'လာဒင်ပါ ဘုရား ... အိုစမာဘင်လာဒင် ဆိုတဲ့ မုတ်ဆိတ်နဲ့လူလား ဘုရား'

'အေး အေး၊ အဲဒီကိစ္စရော အေးပလား'

'မအေးသေးဘူး ဘုရား၊ လိုက်ရှာရင်း ပစ်ခတ်နေကြတုန်းပဲ ဘုရား၊ အီရတ်ဆိုတာမှာရော အာဖဂန်နစ္စတယ်ရှိုင်း ဆိုလား'

'အာဖဂန်နစ္စတန်ပါဟဲ့'

'အဲ အဲ ... မေ့လို့ ဘုရား၊ ကန်တော့ပါ၊ အဲဒီမှာလည်း ဆော်နေကြတာပဲ ဘုရား'

'နို့ မောင်မင်းပြောတဲ့ လာဒင်ကရော ဘယ်မှာမို့တုံး'

'အစကတော့ တပည့်တော် သိတယ် ဘုရား၊ အခုတော့ သူ့လိုမုတ်ဆိတ်နဲ့ ရုပ်မျိုးတွေက အများကြီး ပုန်းနေကြတာ ဆိုတော့ တပည့်တော်လည်း မခွဲတတ်တော့ဘူး ဘုရား'

'မာတာလီရယ် ... နင့်ဟာကလည်း နတ်ဖြစ်ပြီး လူရုပ် မခွဲတတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com


ရယ်လို့'

'အပြစ်တင်ရင်လည်း ခံရမှာပဲ ဘုရား၊ ဒင်းတို့တွေက တာလီဘန်တွေရော၊ အယ်ခိုက်ဒါးဆိုလား အဲဒါတွေရော၊ အုပ်စုတွေသာ အမျိုးမျိုး ကွဲနေကြတာ၊ ရုပ်တွေက အားလုံး အတူတူလိုပဲ ဘုရား၊ ဒီလိုပဲ တွေ့ရာ ဆော်နေကြတာပဲ ဘုရား၊ တပည့်တော်လည်း သူတို့ လူတွေအခေါ် ကမ္ဘာ့ စီးပွားရေး အကျပ်အတည်း ဆိုလား၊ အဲဒါ သွား စပ်စုနေတာနဲ့ မုတ်ဆိတ် တွေ ဆော်နေကြတာ သိပ်သတိမထားမိခဲ့ဘူး ဘုရား'

'ဘာတုံးဟဲ့ … ကမ္ဘာ့စီးပွားရေး အကျပ်အတည်း'

'လူတွေအားလုံး မွဲကုန်ကြတာ ဘုရား'

'အလို … ဘာလို့ မွဲကုန်ကြရတာတုံး'

'သူတို့ရှိတဲ့ ပိုက်ဆံတွေ သူတို့ဟာသူတို့ လက်နက်တွေလုပ်ပြီး စစ်ဖြစ် နေကြမှတော့ အားလုံး မီးလောင်ကုန်ပြီး မွဲရောပေါ့ ဘုရား'

'တယ်ခက်တဲ့ လူတွေပါလား ကွယ်ရို့၊ ကိုင်း ကြုံစမ်းပါဦး မာတလိရဲ့၊ တို့ လူတွေကို ဘာလုပ်ပေးနိုင်သလဲ'

'တပည့်တော်တို့လည်း ဘာမှ လုပ်ပေးလို့မရဘူး ဘုရား၊ သူတို့ထိုက် နဲ့ သူတို့ ခံကြရုံပဲ ရှိတယ် ဘုရား'

'ဒါဆို ငါ့မြေကမ္ဘာလည်း ဆက်တင်းနေဦးမှာပေါ့'

'မှန်ပါ့၊ လူတွေအားလုံး မောပြီးငြိမ်သွားမှပဲ အရှင့်ကျောက်ဖျာလည်း ပြန်ပျော့မှာ ဘုရား'

'ဒီလို စစ်တွေဖြစ်နေကြတော့ သူတို့ ပြော ပြောနေတဲ့ ဂလိုဘယ်ဝမ်း မင်း ကိစ္စကရောဟဲ့'

'အဲဒါ သူတို့မေ့သွားပြီ ဘုရား၊ ဆော်ဖို့ပဲ သိကြတော့တယ်'

'တယ်ခက်တဲ့လူတွေကိုး၊ ကိုယ့်သေတွင်း ကိုယ်တူး၊ ကိုယ့်နဖူး ကိုယ် ပုဆိန်နဲ့ ထုဖို့ ကြံနေကြတာကိုး ဟူး …'

ထိုသို့အားဖြင့် သိကြားမင်းကြီးသည် တစ်ကမ္ဘာလုံးမှ လူသတ္တဝါတို့ ၏ မိုက်မဲ ထုံ အ မှုများကို မသက်မသာ ကြားနာရင်း သက်ပြင်းအခါခါ ချလျက်သာ ရှိနေရှာလေတော့သတည်း။

နံနက်ခင်းသတင်းဂျာနယ် ဇန်နဝါရီလ၊ ၂၀၀၉ ခုနှစ်

အိမ်သူ့ရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အဝေးကြည့်မှန်ပြောင်း

'အဲဒါ ဘာလဲ ဖေဖေ'

'ဘာလဲ သားရဲ့'

'ဟိုလူကြီး ချောင်းကြည့်နေတဲ့ဟာ'

'သြော် ... အဲဒါ အဝေးကြည့်မှန်ပြောင်းလို့ ခေါ်တယ် သားရဲ့'

'အဝေးကြည့်မှန်ပြောင်း ဆိုတာ ဘာလဲ'

'သားသား ဟိုးအဝေးကြီးကို လှမ်းကြည့်ရင် သေးသေးလေးပဲ မြင်နေရတာတွေကို အဲဒါနဲ့ကြည့်ရင် အကြီးကြီး မြင်ရတာ'

'.........'

'ဟော သူ ကြည့်နေပြန်ပြီ ဖေဖေ'

'.........'

'ဖေဖေ သားသား အဲလို လုပ်ချင်တယ်'

'ဟား ဟား ... ဘာလုပ်ချင်တာလဲ သားသားရဲ့၊ ပင်လယ်ဓားပြ ဗိုလ်ကြီး လုပ်ချင်တာလား'

'မှုတ်ဘူး၊ သူ့လို ကြည့်ချင်တာ'

'သြော် ... မှန်ပြောင်းလား၊ ဖေဖေ ဝယ်ပေးမှာပေါ့ သားသားရဲ့၊ သေးသေးလေး ယူမလား၊ အကြီးကြီး ယူမလား'



www.burmeseclassic.com

www.burmeseclassic.com



'အကြီးကြီး ဒီလောက်ကြီး ယူမယ်'

တော်တော် ရှေးကျနေတဲ့ LCD TV တစ်လုံးရဲ့ ရှေ့မှာ မိသားစုတစ်ခု ရှိနေတယ်။ ဖေဖေက သားသားကို ပေါင်ပေါ်မှာ တင်ထားတယ်။ မေမေ က သားသားတို့ အတွက် စားစရာ တစ်ခုခု လုပ်နေတယ်။ TV ထဲက ပင်လယ်စားပြကြီးက ဖေဖေပြောတဲ့ အဝေးကြည့်မှန်ပြောင်းကြီးနဲ့ လှမ်း ကြည့်လို့။ သားသားကလည်း စိတ်ကူးလေးတွေ ယဉ်လို့၊ အဲဒါက ခုန ကပေါ့။ အခုကျတော့ … ။

* * *

'ဒီမှာတွေ့လား မှန်ပြောင်း … ငါ့မှာ မှန်ပြောင်း ရှိတယ်၊ ဖေဖေက ငါ့ကို ဝယ်ပေးတာကွ'

'အဲဒါ ဘာလုပ်ရလဲ'

'ဒီလို ကြည့်ရတာကွ ဒီလို'

'ငါ့ကို ခဏ ပြကွာ'

'ရော့'

'သားသား ! ဘာလုပ်နေတာလဲ၊ ဆရာမ သင်္ချာတွေ ပေးထားတယ် နော်၊ ပြီးပြီလား၊ လက်ထဲက ဘာလဲ၊ ဆရာမကို ယူလာခဲ့ပေးစမ်း'

'.......'

'မှန်ပြောင်းလေးပဲ၊ သားသား … ကျောင်းကို မဆိုင်တာတွေ ယူ လာပြန်ပြီလား၊ ဒီမှာ … ဒါကို ဆရာမဆီမှာ ထားခဲ့ရမယ်၊ ကျောင်းဆင်း မှ ပြန်ပေးမယ် ကြားလား၊ သွား သင်္ချာသွားတွက်'

ဆရာမက သားသားမှန်ပြောင်းကို အံဆွဲထဲ ထည့်လိုက်တယ်။ သား သားက ငိုချင်နေတယ်။ ကျန်တဲ့ သူငယ်ချင်းတွေက စပ်စုလို့၊ တချို့ကစာ တွေ ရေးလို့၊ ခဏနေကျတော့ …

* * *



www.burmeseclassic.com

www.burmeseclassic.com



'မေမေ … ဖေဖေက ဘယ်ရောက်သွားတာလဲဟင်'

'…….'

'သားသား မှန်ပြောင်းလေး ဖေဖေ့ကို ပေးလိုက်ရဲ့လား မေမေ'

'…….'

'မေမေ … ဘာလို့ တအားငိုနေတာလဲ'

'သားရယ်'

'ဖေဖေရော မေမေ'

'ဖေဖေက သားသား ဖေဖေက မှန်ပြောင်း အကြီးကြီး တစ်ခု သွား သွားရှာတာ သားသားရဲ့'

'ဖေ့ဖေ့ကိုရော မှန်ပြောင်းနဲ့ လှမ်းကြည့်လို့ရလား မေမေ'

'…….'

'သားသားလေး လာ … ဘွားဘွားဆီ လာနော် လိမ္မာတယ်'

မေမေကာ တအား ငိုနေတယ်။ ဘွားဘွားလည်း ငိုတယ်။ သားသား လည်း ငိုချင်သလိုကြီး ဖြစ်လာလို့ အကျယ်ကြီး ငိုလိုက်တယ်။ ဖေဖေက သားသားကို ဝယ်ပေးတဲ့ မှန်ပြောင်းကို ဖေဖေပဲ ပြန်ယူသွားတယ်။ လူတွေ အများကြီး …ဘုန်းဘုန်းတွေလည်း အများကြီး …နောက်တော့ ခဏပဲ။

* * *

'ဟော့ကောင် Binoculars ကြီး ဘာလို့ ဝယ်လာတာလဲ'

'ဟိုဘက် အဆောင်က ကောင်မလေးတွေ ချောင်းဖို့'

'သူတို့က တို့ကို ပြန်ချောင်းရင်ကော'

'ဘာဖြစ်လဲ သရေပွဲပေါ့ကွ'

'Manchester မှာ Draw မရှိဘူး သူငယ်ချင်း'

'ငါတို့က Manchester ကမှ မဟုတ်တာ၊ ခဏ စာလာသင်တာ။ ဘာလဲ … မင်းက အမြဲနေတော့မှာလား'

'ဆောရီး သူငယ်ချင်း၊ ငါက ပြန်မှာပဲ ဘာဖြစ်ဖြစ် …'



www.burmeseclassic.com

www.burmeseclassic.com


'ငါလည်း ကျောင်းမပြီးသေးလို့ သည်းခံနေတာ၊ မေမေ့ကို သတိရတယ်၊ မင်းသိလား၊ ဒါ ငါ့ရဲ့ ဒုတိယမြောက် Binoculars ကွ၊ ပထမတစ်ခုက ငါ့အဖေ ဝယ်ပေးတာ၊ သူ့အသုဘမှာ ငါ ထည့်ပေးလိုက်တာ၊ ငါ ကိုယ်တိုင်တောင် မသိဘူးတဲ့၊ မေမေ ပြန်ပြောပြတာ'

သူငယ်ချင်းက သက်ပြင်းချတယ်။ ကိုသားသားလည်း သက်ပြင်းချတယ်။ အင်္ဂလန်မှာ စိတ်ပျက်စရာ မြူတွေ ဆိုင်းနေတယ်။ ကျောင်းသားဆောင်ကြီးကလည်း အေးစက်နေတယ်။ ကိုသားသားက သူ ဝယ်လာတဲ့ မှန်ပြောင်းကို ကုတင်ပေါ် ပစ်တင်လိုက်တယ်။ သူ့ကိုယ်သူလည်း ကုတင်ပေါ် ပစ်တင်တယ်။ နောက်တော့ .....

* * *

'အဝေးကြည့်မှန်ပြောင်း ဟုတ်လား'

'ဟုတ်ကဲ့'

'ထူးထူးဆန်းဆန်းဗျာ၊ ဘာလုပ်ဖို့လဲ'

'ရုပ်ရှင်ရိုက်ဖို့ပါ'

'ဘာဖြစ်တယ်'

'ဟို ... အစ်ကို့အဖေ ရေးခဲ့တဲ့ အဝေးကြည့်မှန်ပြောင်း ဝတ္ထုတိုလေးကို ရုပ်ရှင်ရိုက်ချင်လို့ပါ'

'ဩော် ... ရတယ်လေ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်'

'ဟုတ်ကဲ့ ပြောပါ'

'ဈေးတော့ နည်းနည်းများမယ်ဗျ၊ ခင်ဗျားတို့ တတ်နိုင်မှာ မဟုတ်ဘူး'

'ရပါတယ်၊ ကိုသားသား ပြောပါ၊ ကိစ္စ မရှိပါဘူး၊ ကျွန်တော်တို့က မြန်မာပြည်မှာ အချမ်းသာဆုံး ကုမ္ပဏီပါ'

'ဒေါ်လာ တစ်သန်း'

'ဟာဗျာ ဒါတော့ ...'

'အဲဒါ ပြောတာပေါ့၊ ခင်ဗျားတို့ မပေးနိုင်ပါဘူးဆို ... ဖေဖေ့ မှန်


www.burmeseclassic.com

www.burmeseclassic.com



ပြောင်းက ဈေးထဲက မှန်ပြောင်း မဟုတ်ဘူးဗျ၊ အနုပညာ အဝေးကြည့် မှန်ပြောင်း၊ ခင်ဗျားတို့ တစ်သန်းပေးလည်း ကျုပ်က နှစ်သန်းတောင်းမှာပဲ၊ မရောင်းဘူး ပြန်တော့'

'ဟဲ့ သားသား'

'ဘာမှကြည့်မနေနဲ့ ကိုယ့်လူ၊ ကျုပ်လည်း စီးပွားရေးသမား၊ ခင်ဗျားလည်း စီးပွားရေးသမား၊ မကျေနပ်ရင် ခင်ဗျားနဲ့ ကျုပ် ကုမ္ပဏီချင်းထစ်ပြီး ခေါင်းပန်းလှန်မလား၊ ကျုပ်ကတောင် နည်းနည်း နာသေး'

'သားသားရယ်'

'ဘာလဲ မေမေ …ဖေဖေနဲ့ တူတယ်လို့ ပြောမလို့လား'

သူစိမ်းတွေက မျက်နှာတွေ တင်းလို့၊ မေမေက စိုးရိမ်လို့၊ သားသားကလည်း ဖေဖေ့ကို သတိရလို့၊ ခဏနေတော့ သူ့အခန်းထဲ ဝင်သွားပြီး ပြန်ထွက်လာတယ်။ သူစိမ်းတွေကို အဝေးကြည့်မှန်ပြောင်းတစ်ခု အလကား ပေးလိုက်တယ်။ ခဏလေးကြာတော့ …

* * *

'ဟိုဘက် Left 30 ဆရာ၊ ရော့ ဆရာ … မရှိမသေ မှန်ပြောင်း'

'ပေး'

'ဟိုက်'

'ဟာ … မင်းကွာ !'

'ကွဲသွားပြီ'

'အပိုပါလား'

'မ … မပါဘူး ဆရာ'

'မပါ ပြန်ရှုံပေါ့ကွာ၊ မင်းတို့တွေနဲ့တော့'

ဦးသားသား စိတ်ဆိုးနေတယ်။ သူ့တပည့်တွေ ငြိမ်နေတယ်။ တောင်တန်းကြီးတွေက စိမ်းလို့ တိမ်တွေကလည်း လှလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ....

ဟုတ်ပါတယ်။ ကျွန်တော်ဟာ အရိုးရဲ့ သားပါ။ ဒါပေမဲ့ သိပ်မရိုးသားခဲ့ဘူး။ အခု ကျုပ်အဖေတို့ ခေတ်က စကားသုံးနဲ့ အဝေးကြည့်မှန်ပြောင်းဝတ္ထုကို ပြန်ရေးကြည့်နေတာ။ ကျုပ်လက်ထဲမှာ Binoculars တစ်လက် ရှိတယ်။ ဖေဖေ့ကို လိုက်ရှာနေတာ ... ပထမဆုံး မှန်ပြောင်းလေးကို သတိရလို့။ ဒါပေါ့၊ ကျွန်တော့်ဘဝကိုလည်း အဝေးကြည့် မှန်ပြောင်း တစ်ခုထဲက ပြန်ကြည့်ပြီး ရေးနေတာ။ မှန်ပြောင်းတွေက အမျိုးမျိုးပဲလေ။ ဆောရီးဗျာ ... အသက်ကြီးတော့ စိတ်တိုတတ်လာတယ်။ ခုနှစ်ဆယ်ကျော်ပြီလေ။ ဟော ... ပြောရင်းဆိုရင်း ကျုပ် သေပြီ၊ အထူးဆန်းဆုံး အဝေးကြည့် မှန်ပြောင်းထဲကို ကျုပ် ရောက်နေပြီ။ ကျုပ် မြင်ရတယ်။ ဟိုဘက်မှာ ... ဟုတ်တယ် ... ကျုပ် တွေ့တယ်။

ဖေဖေ့ရဲ့ အဝေးကြည့်မှန်ပြောင်းကိုလား ... မတတ်နိုင်ဘူးဗျာ။ ကျုပ်လည်း တစ်သက်လုံးကြည့်တာ မမြင်ခဲ့ဘူး။ မေမေကတော့ ပိုးတိုးဝါးတား တွေ့တယ်တဲ့။ ခင်ဗျားတို့ကိုလည်း ပေးမကြည့်ချင်လို့ မီးရှို့လိုက်ပြီ။ သိပ်ဟုတ်တာပေါ့ဗျာ ... အဝေးကြည့်မှန်ပြောင်း တစ်လက်ကို ပြောင်းပြန် ကြည့်မိလို့ သေးသေးလေး မြင်ရတာ ရယ်စရာမှ မဟုတ်တာ ... မတတ်နိုင်ဘူးလေ။

* * *

ဟိုလူကြီး ချောင်းကြည့်နေတဲ့ဟာ ...
အဝေးကြည့်မှန်ပြောင်းဆိုတာ ဘာလဲ ...

ငါ့ကို ခဏပြကွာ ...



www.burmeseclassic.com

www.burmeseclassic.com



သားသားဖေဖေက မှန်ပြောင်း အကြီးကြီးတစ်ခု သွားရှာတာ ---
ဖေဖေ့ကိုရော မှန်ပြောင်းနဲ့ လှမ်းကြည့်လို့ ရလား မေမေ ...

ဖေဖေ့မှန်ပြောင်းက ဈေးထဲက မှန်ပြောင်းမဟုတ်ဘူး ...

အပိုပါလား ...
မ မပါဘူး ဆရာ ...
မပါပြန်ရုံပေါ့ကွာ ...

ရယ်စရာမှ မဟုတ်တာ ... မတတ်နိုင်ဘူးလေ။

ရတီစာပေ အနုပညာမဂ္ဂဇင်း အတွဲ ၆၊ မတ်လ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

လေတသုန်သုန် တိုက်ခတ်နေသော်လည်း အလွန် ပူလောင် အိုက်စပ်လျက်ရှိ၏။ အရိပ်ထဲတွင် ထိုင်နေကြသော ချွေးများ ဒီးဒီးကျနေ၏။ သူ့ရှေ့မှ ကန်ရေပြင်စိမ်းစိမ်းမှာ 'လာစမ်းပါ ငါ့လူရ၊ ဒီထဲ လာစိမ်စမ်းပါတော့လား' ဟု ခေါ်နေသယောင် သူ ထင်လာ၏။ မလှမ်းမကမ်းမှ ဆိုင်းဘုတ် ဖြူဖြူလေးကို မလုံမလဲ တစ်ချက် လှည့်ကြည့်၍ လစ်လျူရှုလိုက်၏။ ဘေးဘီဝဲယာကြည့်သော် လူရိပ်လူခြေ မရှိ။ သူထိုင်ရာမှ ထ၍ အင်္ကျီချွတ်လိုက်လေ၏။

'ဗွမ်း !'

ရေထဲရောက်သွားသည်နှင့် အေးခနဲ ဖြစ်သွားကာ အနည်းငယ် လန်းသွားသည်ဟု သူ ထင်၏။ ခြေနှစ်ချောင်းကို ကန်၍ ရေပေါ် ပြန်တက်ရန် သူ ကြိုးစားလေသည်။ သို့သော်

သူ့ခြေနှစ်ချောင်းကား ရှုပ်ထွေးစွာ ပေါက်ရောက်နေသော ကန်အောက်ခြေမှ ဒိုက်များ၊ မှော်များကြားတွင် ငြိ၍ နေလေပြီ။ တစ်ချက် နှစ်ချက် ရုန်းကြည့်၏။ မရချေ။ သူ ထိတ်လန့်လာလေပြီ။ အသက်ရှူအောင့်ထားရသည်မှာလည်း ရင်တစ်ခုလုံး ကျပ်နေပြီ။ ရေထဲတွင် ချွေးပြန်နေသလို သူ ခံစားလာရ၏။ ခြေထောက်တွင် ငြိနေသမျှကို လက်နှင့် အလောတကြီး



www.burmeseclassic.com

www.burmeseclassic.com


ဖြတ်နေရင်းနှင့် သူ ခြေကုန်လက်ပန်း ကျချင်လေပြီ။ သူ သေတော့မည်ဟု သူ ထင်လာ၍ ကြောက်လန့်တကြား အသက်တစ်ချက် ရှူမိရာ ရေများ အဆုတ်ထဲ ဝင်လာ၍ မွန်ထူသွားကာ မျက်စိများ ပြာလာတော့၏။ သူ နောက်ဆုံး မှတ်မိလိုက်သည်မှာ သူ့အနား ဓားတစ်ချောင်းနှင့် ရောက်လာသော လူတစ်ဦး။

'ဖူး … အဟွတ် အဟွတ်'

'ဟော ဟော … သတိရလာပြီ'

ကျီးကြည့်ကြောင်ကြည့်နှင့် သူ ထထိုင်သော် လူနှစ်ယောက်ကို သူ တွေ့၏။ တစ်ယောက်က တစ်ကိုယ်လုံး ရေများရွှဲလျက်။ နောက်တစ်ယောက်က ပန်းခြံစောင့် ယူနီဖောင်းနှင့်။ ထိုသူမှ

'…ပေး၊ မသေတာ ကံကောင်း၊ မကြီးမငယ်နဲ့ ဘာလုပ်တာလဲ'

'ဟို … ကျွန်တော် အိုက် … အိုက်လို့'

'အိုက်ရင် ရေခဲတိုက်ထဲ သွားနေပါလား၊ မကူးပါနဲ့လို့ သေချာရေးထားတာကို ဘာကိစ္စ ခိုးကူးလဲ၊ ငါတို့ တွေ့လိုက်လို့ပေါ့၊ နောက်ဆို မင်း သေတာကြာပြီ၊ အလကား လျှောက်ရေးပြီး ဆိုင်းဘုတ် ထောင်ထားတာ မဟုတ်ဘူးကွ၊ အန္တရာယ်ရှိလို့ ရေးထားတာ၊ လာ ထစမ်း … ခိုးကူးတဲ့ကောင် အရေးယူမှ မှတ်မှာ'

'ဟုတ် … ဟုတ်ကဲ့'

ကုပ်ချောင်းချောင်းနှင့် ပါသွားလေတော့၏။

* * *

ဘာတစ်ခုမှ သေချာ ကျက်မထားဘဲ အလေလိုက်နေခဲ့သဖြင့် ဘာမှ မဖြေနိုင်။ မေးခွန်းစာရွက်ကို ကိုင်ကာ အတန်ကြာ ငိုင်နေလေ၏။ အချို့ မေးခွန်းများဆိုလျှင် ဘာမေးထားမှန်းပင် သေချာ သူ မသိ။ သို့သော်ကိစ္စ မရှိ။ ဤသို့ ဖြစ်လာနိုင်သည်ကို သူ ကြိုသိ၍ ကြိုတင် ပြင်ဆင်လာပြီး ဖြစ်၏။ စာမေးပွဲခန်း တစ်ခုလုံးကို မလုံမလဲ သူ တစ်ချက် ခိုးကြည့်၏။ ကျန် ကျောင်းသား ကျောင်းသူများကား စာကျက်ပြီးမှ စာမေးပွဲ လာဖြေကြ



www.burmeseclassic.com

www.burmeseclassic.com


သူများချည်း ဖြစ်၍ ကုန်းရုန်းကာ ဖြေနေကြ၏။ သို့သော် စာမေးပွဲ ဖြေနေကြသူများကို သူ စိတ်ဝင်စားသည် မဟုတ်။ သူ စိတ်ဝင်စားသည်ကား စာမေးပွဲခန်း စောင့်သော ဆရာ၊ ဆရာမ များသာ ဖြစ်၏။ လစ်လောက်ပြီ ထင်၍ ခါးပုံကြားလိပ်လာသော စာရွက်ပိုင်း ပေါက်စနလေးများ အနက်မှ တစ်ရွက်ကို ဆတ်ခနဲ ဆွဲထုတ်ကာ အဖြေလွှာအောက်ထဲ ဝှက်လိုက်၏။ ဆရာ၊ ဆရာမများအား တစ်ချက် ခိုးကြည့်ပြန်၏။ လစ်လောက်သည် ထင်ပြန်၍ အဖြေလွှာအား အသာလှန်ကာ စာရွက်ပိုင်းလေးတွင် ပါသောစာများမှာ ဘယ်မေးခွန်း၏ အဖြေများပါလိမ့်ဟု ရှာနေစဉ်

'ဟေ့ကောင်'

နောက်နားကပ်လျက်မှ ဆရာ့အသံကြီး ထွက်လာ၍ သူ တုန်ခနဲပင် ဖြစ်သွားပြီး တဖြည်းဖြည်း လှည့်ကြည့်ရာ တင်းမာသော မျက်နှာထားနှင့် သူ့ကို ကြည့်နေသော ဆရာအား တွေ့လေသည်။

'ဟေ့ကောင် … ပေးစမ်း အဲဒီစာရွက်၊ မတ်တတ်ရပ်စမ်း'

အားလုံး သူ့ကို ဝိုင်းကြည့်နေကြ၏။ မထချင်ထချင်နှင့် သူ ထရပ်သည် ရှိသော်

'မင်းပုဆိုး ဖြန့်စမ်း'

'ဟာ ဆရာ ဟို …'

'ဟို ဟို ဒီ ဒီ လုပ်မနေနဲ့ ဖြန့်ဆို ဖြန့်စမ်းကွာ'

မတတ်နိုင်တော့။ မဖြန့်ချင်ဖြန့်ချင်နှင့် သူ့ပုဆိုး ဖြန့်လိုက်သည်ရှိသော် စာရွက်ပိုင်းလေးများ ဖွေးခနဲ ကျလာကြလေကုန်၏။ ဆရာမှ သူ့ကုပ်အား လာဆွဲ၍

'လာခဲ့စမ်း … ရိုးရိုးသားသား စာကျက်ပြီး မဖြေချင်ဘဲ စာမေးပွဲခန်းထဲ လာခိုးကူးတဲ့ကောင်၊ မှတ်လောက်သားလောက် ဖြစ်အောင် ကျောင်းကို ထုတ်ပစ်ရမယ်၊ ခိုးကူးချင်တဲ့ကောင်'

သူ့စိတ်ဓာတ်များ အားလုံး လုံးလုံး ကျဆင်းကုန်လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com


သွားလိုသည်က တစ်ဖက်လမ်းမှ ဆိုင် ဖြစ်၏။ လမ်းမကြီးပေါ်တွင်လည်း ကားရှင်းနေလေသည်။ သူသည် စက်ဘီးဘရိတ်တုံး ဝယ်ရန် မြို့ထဲ ထွက်လာခြင်း ဖြစ်၏။ လမ်းတစ်ဖက် ပလက်ဖောင်းမှ ဆိုင်တစ်ဆိုင်တွင် ဘရိတ်တုံးကလေးများ တွဲလောင်း ဆွဲထားသည်ကို သူ မြင်နေရပြီ။ သူ တစ်ချက် ပြုံးလိုက်၍ လမ်းပေါ်ဆင်းကာ ကူးသွားလေတော့၏။ တစ်ဖက် ပလက်ဖောင်းပေါ် ရောက်သော် ရုတ်တရက် ယာဉ်ထိန်းရဲ နှစ်ယောက်ပေါ်လာကာ

'ဟေ့ကောင် မပြေးနဲ့ မိပြီ'

ပြေးရန် စိတ်ကူးပေါ်လာခိုက်မှာပင် ရဲမှ သူ့လက်မောင်း လာကိုင်ပြီး ဖြစ်နေလေသည်။

'ဒီနေရာမှာ အန္တရာယ်များလို့ လမ်းဖြတ်မကူးရဘူးဆိုတာ မင်း မသိဘူးလား၊ စည်းကမ်းမဲ့တဲ့ကောင်'

'သိ သိပါတယ်၊ ဟို ... ဘရိတ် ဘရိတ်တုံး'

'ဘာမှ ကူလီကူမာ လုပ်မနေနဲ့၊ လာစမ်း ... ရုံးရောက်မှ ရှင်းတော့၊ ဖြတ်မကူးရဘူးဆိုတာ သိရက်နဲ့ ခိုးကူးတဲ့ကောင်'

တွဲလောင်း ဆွဲထားသော ဘရိတ်တုံးလေးများကို လှည့်ကြည့် လှည့်ကြည့်နှင့်သာ ရဲခေါ်ရာ ပါသွားလေတော့၏။

* * *

ဒီနေ့ ရောင်းမကောင်းဟု သူ ထင်၏။ မနက် ဆိုင်စဖွင့်ကတည်းက ဝယ်သူ တစ်ယောက်စ နှစ်ယောက်စသာ ချောက်ချီး ချောက်ချက် လာ၍ ဟုတ်တိပတ်တိ ဘာမှမရောင်းရ။ ထိုစဉ် လူတစ်ယောက် လာရပ်၍ သူ ဝမ်းသာအားရနှင့်

'ဘာလိုလဲ ခင်ဗျ၊ ဘာရှာလဲ'

ထိုသူမှ ဘေးဘီ တစ်ချက်ကြည့်၍

'ဟို ဟိုဟာ ရှိလား'

သူ တစ်ချက်ပြုံးလိုက်၏။ ဒီလောက်ဆို ထိုလူ ဘာလိုချင်မှန်း သူ


www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပြီ။ သူ လုပ်စားလာသည်မှာ ကြာပြီ ဖြစ်၍ ကပ်စတန်မာ ဘာလိုချင်သည်ကို အံတိုနေအောင် သူ သိနေပြီဟု သူ ထင်၏။ ထိုသူအား သူ တစ်ချက် ပြုံးပြလိုက်၍

'သိပ်ရှိတာပေါ့ ကိုယ့်လူရာ၊ လာ အထဲလာ'

ဆိုင်အတွင်းပိုင်း ရောက်ကြသော် သူမှ စက္ကူကတ်ထူပုံး အမျိုးမျိုးအား ဖွင့်ပြ၍

'ဟိုဟာတင် မကဘူး၊ ဒီဟာတွေပါ ရှိတယ်၊ ကြိုက်တာကြည့်'

အမှန်တော့ သူ့ဆိုင်မှာ ဟိုဟာ ရောင်းသလို၊ သည်ဟာ ရောင်းသလို နှင့် တရားမဝင် ဆင်ဆာမဲ့ ရုပ်ရှင်၊ သီချင်းခွေများ၊ စီဒီချပ်၊ ဒီဗီဒီချပ်များ အားရပါးရ ရောင်းစားနေသော ဆိုင်ဖြစ်၏။ ဝင်လာသူမှ သူ ပြသော အချပ် များ တစ်ချပ် နှစ်ချပ် ကြည့်၍

'ကိုရီးယားရော ရှိလား'

သူမှ စက္ကူပုံးများ မျိုးစုံ ထပ်ဖွင့်ပြရင်း

'ကိုရီးယားတင် မကဘူး၊ တရုတ်၊ ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်၊ ယိုးဒယား၊ ကပ္ပလီနီဂရိုး…… အစုံရှိတယ်၊ မြန်မာခွေတောင် ရှိသေးဗျာ'

'စီဒီပဲလား၊ ဒီဗီဒီရော ရှိလား'

'ဩော် … ခက်တာပဲ၊ အားလုံး ရှိပါတယ်ဆို၊ မြန်မာကားတွေပေါင်း ထားတဲ့ ဒီဗီဒီတောင် ရှိသေး'

'သီချင်းခွေရော'

'ထွက်ထားသမျှ အားလုံး တစ်ချပ်သုံးရာနဲ့ ရမယ်၊ ဗီစီဒီ မထွက်ရ သေးတာတောင် ကျုပ်ဟာကျုပ် ဗီစီဒီ ထည့်ပေးထားတာ'

'MP 3 ရော'

'MP 3 ရော၊ MP 4 ရော၊ MP 5 , MP 6 တောင် မပေါ်သေးလို့ ပေါ်ရင် ချက်ချင်း ရစေရမယ်'

'ဒါတွေ အားလုံး ခင်ဗျား ကူးတာပဲလား'

'ဒါပေါ့၊ ကျုပ် အိမ်မှာ ကျုပ် အမျိုးတွေ ကူးတာချည်းပဲ၊ ကူးစရာ တခြားမရှိလို့ အားနေရင် TV က လွှင့်သမျှဟာတွေ အားလုံးတောင် ထိုင်စောင့်ကူးပြီး ရောင်းသေးဗျာ'



www.burmeseclassic.com

www.burmeseclassic.com


'ကောင်းတယ်ဗျာ ... သိပ်ကောင်း'

'ဟဲ ဟဲ ... ကောင်းရမှာပေါ့ဗျာ စီးပွားရေးပဲ'

'အင်း ဟုတ်တယ်၊ အဲဒီကိစ္စ စခန်းရောက်မှ ဆက်ပြောကြတာပေါ့ ဗျာ'

'ဗျာ'

'မဗျာနဲ့ ... မင်းကို ဆင်ဆာမဲ့ တရားမဝင် ခိုးကူးရောင်းမှုနဲ့ ဖမ်းနေ တာ၊ ဆိုင်ပါ ချိပ်ပိတ်ပစ်ရမယ်'

'ဟိုက်'

* * *

စခန်းမှူးသည် တစ်စုံတစ်ရာ မှတ်သား ရေးခြစ်နေရာမှ နယ်ထိန်း သူ့အနားလာရပ်၍ မော့ကြည့်ကာ

'ဟိုအကောင် ဘယ့်နှယ်လဲဗျ၊ သေချာ စစ်ပြီးပြီလား'

နယ်ထိန်းမှ သက်ပြင်းချ၍

'စစ်ပြီးပါပြီ ဆရာ၊ သူ့အပေါင်းပါ ခိုးကူးတွေလည်း ဖမ်းရအောင် လွှတ်လိုက်ပါပြီ၊ ဒီကောင် အတော် ထူးဆန်းတဲ့ကောင် ဆရာ'

'ဘာဖြစ်လို့လဲ'

'History လိုက်ကြည့်တော့ ဒီအကောင်ဟာ အခုမှ ခိုးကူးနဲ့ မိတာ မ ဟုတ်ဘူး ဆရာ၊ ဒီအကောင် တစ်သက်လုံး ခိုးကူးလာတာ'

'ဗျာ ... ဘယ်လိုဗျ'

'ဒီလို ဆရာရဲ့၊ ဒီအကောင်ဟာ ငယ်ငယ်ထဲက စာမေးပွဲခန်းထဲ စာ ခိုးကူးလို့ ကျောင်းထုတ်ခံရပြီး အပေအတေဖြစ်တယ်၊ စိတ်လေပြီး လျှောက် သွားတုန်း ပန်းခြံထဲကရေကန်မှာ ရေခိုးကူးလို့ သေမလိုဖြစ်တယ်၊ နောက် မြို့လယ်ကောင်မှာ လမ်းခိုးကူးလို့ အဖမ်းခံရတယ်၊ အဖမ်းခံရလို့ ကားပေါ် ပါသွားတုန်း သူ့လို ခိုးကူးမ တစ်ယောက်နဲ့ တွေ့ရာက ကြိုက်လို့ ယူ ကြပြီး ဆင်ဆာမဲ့ ခိုးကူးခွေဆိုင်ထောင်လို့ ကြီးပွားနေတုန်း ကျွန်တော်တို့ မိတာ ဆရာ'


www.burmeseclassic.com

www.burmeseclassic.com


'လက်စသတ်တော့ ဒီအကောင်ဟာ ခိုးကူးစစ်စစ်ပါလား'

'ခိုးကူး အစစ်ကြီး ဆရာရေ့၊ ဒီအကောင် တစ်သက်လုံး ကူးလို့ရသမျှ အားလုံး ခိုးကူးခဲ့တာချည်းပဲ၊ ဒါတောင် သေချာထပ်စစ်ရင် မိတ္တူခိုးကူးခဲ့တဲ့ အမှုတွေ ဘာတွေ ပေါ်ရင် ပေါ်လာဦးမှာ'

'မလွယ်ပါလား'

ထိုသို့အားဖြင့် အရာရာတွင် တစ်သက်လုံး ခိုးကူးလာသူတစ်ယောက်ကြောင့် ရဲများ အလုပ်ရှုပ်လျက်သာ ရှိကြကုန်လေ၏။

နံနက်ခင်းဂျာနယ် အတွဲ ၃၊ အမှတ် ၂၈၂၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်


www.burmeseclassic.com

www.burmeseclassic.com

# ဆုံးရှုံးခြင်း

အရင်တုန်းကများ ဆိုရင်ဗျာ။ တစ်နေ့ တစ်နေ့ ပျော်စရာ ကောင်းလိုက်တာမှ။ ညဆိုလည်း အိပ်ချင်တဲ့ အချိန်မှ အိပ်။ မနက်ဆို ထချင်တဲ့အချိန်မှ ထ။ စိတ်ကူးပေါက်ရာ သူငယ်ချင်းတွေကို သွားခေါ်ပြီး လည်ချင်ရာလည်။ အလုပ်လေးတွေကလည်း ပေါ့ပေါ့ပါးပါး။ ဘာမှ ဖိအားတွေ မရှိဘူး။ ပုံမှန်ဝင်ငွေလေး တစ်ပဲခြောက်ပြားနဲ့။ စားလောက်သောက်လောက် သုံးလောက် စွဲလောက်ရယ်။ အလုပ်မှာ ငြီးငွေ့လာလား ဆိုရင်လည်း တစ်ပတ် နှစ်ပတ် ခွင့်ယူ။ ကိုယ့်တာဝန် တခြားလူ ခဏ ယူထားလိမ့်မယ်။ ဘာမှ ပြဿနာမရှိဘူး။ အားလုံး အေးအေးဆေးဆေး။

ယောက်ျားလေးဆိုတော့ တစ်ခါတလေ ပေချင်တေချင်လည်း ရတယ်။ ဘော်ဒါတွေခေါ်ပြီး လမ်းဘေး တစ်ဆိုင်ဆိုင် သွားဆော်။ ရေချိန်ကျော်သွားလည်း ဘားက ခေါ်သိပ်ထားမှာ။ ရေချိန် မကျော်သေးရင်လည်း လမ်းပေါ် ယိုင်တိုင်ယိုင်တိုင်နဲ့ ပြန်ထွက်။ တက္ကစီငှားပြီး သွားချင်ရာ ဆက်သွား။ ပြန်ချင်လည်း ပြန်။

နေ့ခင်းနေ့လည်ဆိုလည်း ပျင်းရင် TV ထိုင်ကြည့်ရင် ကြည့်။ ဘတ်စ်ကား လျှောက်စီးပြီး တစ်မြို့လုံး သွားချင်ရာ သွားမလား။ လူတွေအများကြီးကြား တိုးဝှေ့ပြီး ရုပ်ရှင်ပဲ ဝင်ကြည့်မလား။ ဘောလုံးပွဲပဲ ကြည့်မလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် လူထူထူကြားထဲ ကိုယ်လည်း လျှောက်တိုးပြီး တရုတ်တန်းတွေ ဘာတွေဘက် လည်မလား။

အဲ ... ညောင်းလာပလားဟေ့ ဆိုလည်း လမ်းဘေး ခဏထိုင်ပြီး တွေ့ရာ ကိုယ်လို လူစားထဲက တစ်ယောက်ယောက်ကို မိတ်ဖွဲ့။ ပြီးရင် ပြောချင်ရာ အကြောင်းကို ကိုယ်ထင်ရာ ကိုယ်ပြော၊ သူလည်း သူထင်ရာ သူ ပြောလိမ့်မယ်။ မောရင် သူလည်း လစ်၊ ကိုယ်လည်း လစ်။ နောက် လမ်းမှာပြန်တွေ့လို့ မှတ်မိရင်လည်း ခေါ်၊ မမှတ်မိရင်လည်း သွား။ ဘာ မှပြဿနာ မရှိဘူး။

ဗာဟီရ ကိစ္စတွေမှာလည်း စဉ်းစားကြည့်။ အိမ်မှာ မီးကိစ္စ၊ ရေကိစ္စ တနှစ်ခုခု ချို့ယွင်းသလား။ အီလက်ထရစ်ရှင်း ဖြစ်ဖြစ်၊ ပိုက်သမားဖြစ်ဖြစ် လိုက်ရှာခေါ်။ အဲဒီ လူစားတွေနဲ့ သူတင်ကိုယ်တင် အော်ကြီးဟစ်ကျယ် ငြင်းချင်ငြင်း၊ ရန်ဖြစ်ချင်ဖြစ်။ ဘေးအိမ်က ကြားလည်း အရေးမကြီးဘူး။ နေရာတကာမှာ မကျေနပ်ရင် အော်ကျယ် အော်ကျယ် လုပ်လို့ ရတယ်။ ပတ်ဝန်းကျင်က ကိုယ့်ကို တယ်ရိုင်းတဲ့ အကောင်စားပါလားလို့ ပြောလည်း ခံရုံပဲ။

ရှော့ပင်းစင်တာတို့ စတိုးဆိုင်တို့လို ဟာမျိုးမှာပဲ အရောင်းစာရေးတွေ နဲ့ အပျင်းပြေ ငြင်းခုံမလား။ စားသောက်ဆိုင်တို့ ကော်ဖီဆိုင်တို့မှာပဲ စားပွဲ ထိုးတွေနဲ့ သူတင်ငါတင် ငြင်းကြမလား။ ရပ်ရှင်ရုံ အပေါက်စောင့်တို့၊ တက္ကစီဒရိုင်ဘာတို့၊ ဘတ်စ်ကားသမားတို့၊ လမ်းပေါ်က ဟစ်ပီ တစ်ယောက် ယောက်မျိုးတို့တွေနဲ့ပဲ အငြင်းအခုံ လုပ်မလား။ ဒါမှမဟုတ် သူ့ဟာ သူ လမ်းပေါ် ကစားနေတဲ့ ကလေးတွေကိုပဲ အပျော်စပြီး ထွက်ပြေးမလား။ လမ်းပေါ် သွားနေရင်း မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ အမျိုးသမီး တစ်ယောက်ကို ကိုယ့်ဘေးနား ဖြတ်သွားမှ ဟင် ... လှလည်း မလှဘူး ဆိုပြီး မခံချင်အောင် မကြားတကြား နောက်ထားပစ်ခဲ့မလား။ အားလုံး ရတယ်ဗျာ။ ဘဝမှာ ပျော်စရာကြီး ... ။

နောက်ပြီး ရှိသေးတယ်။ ရပ်ကွက်ထဲမှာ နေကြလို့ တခြားအိမ်တွေ လို ကိုယ်လည်း ကိုယ့်မိန်းမနဲ့ အော်ကျယ် အော်ကျယ် ရန်ဖြစ်ကြမလား။ ရတယ်။ ပျော်စရာကြီး ...။ သူများ လင်မယားတွေလည်း ကိုယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ သတ်နေကျ။ ဘေးအိမ်က လင်မယား သတ်လည်း ကိုယ်တွေ ပြေးပြီး ဖျန်ဖြေနေကျ။ ကိုယ်တွေ လင်မယား သတ်လည်း အိမ်နီးချင်း တစ်ယောက်ယောက် ပြေးလာပြီး ဖျန်ဖြေမှာပဲ။ ဒါမှမဟုတ် မွေးထားတဲ့ ကလေးတွေ၊ ခွေးတွေ၊ ကြောင်တွေနဲ့ ကိုယ့်အိမ်ရှေ့ လူမြင်ကွင်းမှာ ဖင်ထောင် ခေါင်းထောင် နပန်းလုံးပြီး တဟားဟား တဟားဟား ကမြင်းကြော ထနေမလား။ ဒါမှမဟုတ် အဲဒီ ကလေးတွေ၊ ခွေးတွေ တစ်ခုခု လုပ်ထားလို့ အိမ်ရှေ့ထွက်ပြီး မြည်တွန်တောက်တီး နေဦးမလား။ လမ်းသွား လမ်းလာတွေ တစ်ချက်လောက် အမူမဲ့ အမှတ်မဲ့ လှည့်ကြည့်သွားကြရုံပဲ။ ဘယ်သူမှ ဘာမှ ဝင်ပြီး မေးလားစမ်းလား မလုပ်ဘူး။ သိပ် လွတ်လပ်တာ။

ညနက်သန်းခေါင် ကောင်းကောင်းပဲ ပြန်လာလာ၊ ထွေပြီးတော့ပဲ ပြန်လာလာ အရပ်က ဘာမှမပြောဘူး။ မူးမူးနဲ့ ခါတ်တိုင်ကို ကိုယ့်မိန်းမ မှတ်ပြီး အသည်းလေး ဘာလေးနဲ့ ဖက်နေ နမ်းနေမလား။ အမြင်မတော်တဲ့ ပတ်တရောင် ရဲတစ်ယောက်ယောက်က ကိုယ့်လာတွဲပြီး အရပ်ထဲမှာ သိပြီးသားလည်း ဖြစ်တော့ အိမ်တိုင်ရာရောက် လိုက်ပို့သွားဦးမှာ။

ဘဝက ကြည့်စမ်း …။ ဘယ်လောက် သာယာသလဲ …။

ကျန်သေးတယ်။ အများကြီးမှ အများကြီး။ သူလိုငါလို လူတစ်ယောက်ရဲ့ ဘဝမှာ လွတ်လွတ်လပ်လပ် နေနိုင်ထိုင်နိုင်ခွင့် ရတာတွေ အများကြီးမှ အများကြီး။ သွားချင်ရာ သွား၊ လုပ်ချင်ရာ လုပ်၊ ပြောချင်ရာ ပြော၊ ပေါင်းချင်ရာ ပေါင်း။ အလုပ်ပြုတ်သွားရင် နောက် အလုပ်ရှာ။ ပိုက်ဆံပြတ်သွားရင် အမျိုးတွေဆီက ဖြစ်ဖြစ်၊ အပေါင်းအသင်းတွေဆီက ဖြစ်ဖြစ် ခဏ ဆွဲသုံး။ နောက် ပြေလည်ရင်တော့ ပြန်ပေး။ ဒါမှ နောက်တစ်ခါ ထပ်ချေးလို့ ရမှာ။ မိန်းမတွေ၊ ကလေးတွေ ကိုယ့်မကျေနပ် သူမကျေနပ် ဖြစ်လည်း အော်သာ အော်ကြ။ ဘာမှ ပြဿနာ မရှိဘူးဗျာ။ သူလိုငါလို အားလုံး သာမန်လူတွေကြားထဲ အေးဆေးပဲ။

အခုတော့ ဘယ့်နှယ်ဗျာ …။ ဘာတစ်ခုမှ မလွတ်လပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း ခင်ဗျားကလည်း ပြောနေရသေးတယ်၊ ခင်ဗျား နေချင်သလို နေလိုက်ပေါ့'

ရမလားဗျ။ အခုမှတော့ ...။ နေချင်သလို နေလို့ရမလား။ ကျုပ်က ' **အိုဘားမား** ' ဥစ္စာကို။ တောက် ...။

နံနက်ခင်းသတင်းဂျာနယ် ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# မီးဖိုထဲက ကွန်ထရိုဟာရှယ်

သစ်သားနှင့် ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ထိုင်စရာသာ ဖြစ်သည် ဟူသော အတွေးကို ကုလားထိုင်သည် ဘယ်တုန်းကတည်းက ရရှိခဲ့သည် မသိ။ သို့သော် ထို ကတ်သီးကတ်သတ် အတွေးမှာ သူ့ ခေါင်းထဲစွဲ၍ပင် နေလေပြီ။ ထိုမျှသာ မကသေး။ ထို အတွေးအခေါ်သည် အလွန်တရာ မှန်ကန်လှသည် ဟူ၍လည်း ကုလားထိုင်၏ ခေါင်းထဲတွင် သံမှိုစွဲ၍ နေလေသည်။ မည်သည့် သစ်အမျိုးအစား အသားကို ဖြစ်စေ အသုံးပြု၍ မည်သို့သော ပုံသဏ္ဌာန်ရှိသည့် အရာဝတ္ထုပစ္စည်း တစ်ခုကိုပဲ လုပ်လုပ်၊ ထို အရာဝတ္ထုကို မည်သို့ အခေါ်အဝေါ် အမျိုးမျိုး ခွဲခြား သတ်မှတ်ထားသည် ဖြစ်ဖြစ်၊ ထို သစ်သားဖြင့် ပြုလုပ်သော အရာဝတ္ထု တိုင်းသည် လူတွေ တက်ထိုင်၍ရသော ကုလားထိုင် အမျိုးမျိုးသာ ဖြစ် ကြသည်ဟု ကုလားထိုင်သည် တထစ်ချ ယုံကြည်ထားလေသည်။

ကုလားထိုင်သည် ထို ကိစ္စကို လွန်စွာ သဘောကျလျက် အချိန်ရှိသမျှ အနည်းနည်း၊ အလမ်းလမ်းဖြင့် ထို အတွေးအခေါ် တစ်မျိုးတည်းကိုသာ ထပ်ခါထပ်ခါ ပတ်ချာလည် တွေး၍ ကျေနပ်နေလေ၏။ ဟုတ်လှသည်၊ မှန်လှပေသည်၊ သင့်တော်လှပေသည်၊ နေရာ ကျလှပေသည် ဟုလည်း အားရလျက် သူ့အတွေးသူ အကြိမ်ကြိမ် ချီးကျူးလျက် ရှိ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com


ရှုးကြောင်ကြောင် အတွေးကို ဘယ်တုန်းက စရမှန်းတော့ သူ မမှတ်မိချေ။ ညကြီးမင်းကြီးလား၊ နေ့ခင်းကြောင်တောင်ပဲလား၊ ဘယ်တုန်းက ရ ရ ထို ကိစ္စသည် အရေးမကြီးဟု သူ ထင်၏။ အတွေးအခေါ်နှင့် ပတ်သက်၍ ကုလားထိုင် ယုံကြည်ထားသည်ကား အတွေးအခေါ်သစ် တစ်ခုကို ဘယ်တုန်းကရသည်ကို မှတ်မိဖို့ အရေးမကြီး။ အရေးကြီးသည်မှာ ဘာအတွေးအခေါ်ဖြစ်သည်က ပို၍ အဓိကကျလှသည်ဟု သေသေကြေကြေ ယုံကြည်ထားလေသည်။

သစ်သားနှင့် လုပ်ထားသမျှ ဘာကြီးဖြစ်ဖြစ် ထိုင်စရာ ဖြစ်သည် ဟူသော အတွေးကို ကုလားထိုင် ဆင်ခြင်မိကာစ သူ့ကိုယ်သူ သံသယဖြစ်သေး၏။ သူသည် ကုလားထိုင်တစ်လုံး ဖြစ်၍ ကိုယ့်ဘက်ကိုယ် ယက်ပြီးများ တွေးမိလေသလားဟု အတ္တကင်းစင်မှု ရှိမရှိ ဝိဝါဒ ကွဲနေသေး၏။ နေ့ပေါင်းများစွာ ခေါင်းပွင့်မတတ် အမျိုးမျိုး စဉ်းစားပြီးကာမှ သူ ရရှိသော အတွေးအခေါ်သည် အတ္တကင်းသော အမှန်တရား ဖြစ်ကြောင်း သူ တွေ့ရှိ၏။ အဘက်ဘက်မှ ယိုပေါက် ရှိမရှိ၊ လစ်ကွက်ဟာကွက် ရှိမရှိ စစ်ဆေးကြည့်၏။ သူ့ဒဿနသည် အဘက်ဘက်မှ ငြင်းချက်ထုတ်စရာ မရှိကြောင်း သေချာသည်မှာ ဤနေ့တွင်မှ စိတ်ချလိုက်လေပြီ ဖြစ်သည်။ စိတ်ချသည်နှင့် တစ်ပြိုင်နက် ကုလားထိုင်သည် ထုံးစံအတိုင်း သူ တွေ့ရှိသော အမှန်တရားကို ချပြလိုက်ချင် စိတ်များ တဖွားဖွား ပေါ်လာလေ၏။ ကုလားထိုင်တစ်လုံး အနေဖြင့် ဤမျှ ကြီးကျယ်သော အတွေးအခေါ်သစ် တစ်ခုကို ဖော်ထုတ်တတ်လေခြင်း၊ ဉာဏ်ကြီးလေခြင်းဟု တအံ့တဩ နေရာတကာတွင် ချီးကျူးနေကြခြင်းကိုလည်း ထုံးစံအတိုင်း ကုလားထိုင် ခံယူချင်လာပြန်၏။ ထိုသို့ဖြင့် ထမင်းစားပြီးချိန်တွင် ကုလားထိုင်သည် စကားစလေတော့၏။

'သစ်သားနဲ့ လုပ်ထားတဲ့ ဘာပစ္စည်းဖြစ်ဖြစ် လူတွေအတွက် တက်ထိုင်လို့ရတဲ့ ခုံတွေချည်းပဲ'

ကုလားထိုင်သည် ပြတ်သားစွာ တစ်လုံးချင်း ပြောချလိုက်လေတော့၏။ ပြောချလိုက် ပြီးသော် တုံ့ပြန်မှုကို ငြိမ်၍ စောင့်နေ၏။ သို့သော် ကုလားထိုင်အဖို့ ဤနေ့ ကံလိုက်ပုံမပေါ်။ အဘယ်ကြောင့်ဆိုသော် ဤ


www.burmeseclassic.com

www.burmeseclassic.com



မျှ လေးနက် မှန်ကန်သော ဒဿနတစ်ခုကို ကုလားထိုင် ပြတ်ပြတ်သားသား ဖော်ထုတ် ပြောဆို ချပြလိုက်ချိန်တွင် ကျန်သော မီးဖိုခန်းတွင်းရှိရှိသမျှ ပစ္စည်းပစ္စယများသည် တဟေးဟေး တဟားဟား ဆူညံနေကြလျက် ကုလားထိုင် စကားကို ဘယ်တစ်ခုကမှ မကြားလိုက်ကြသောကြောင့်တည်း။ မကြားကြရုံမျှ မကသေး။ ကုလားထိုင်ကို ရှိသည် ဟူ၍ပင် ဘာတစ်ခုကမျှ ဂရုမစိုက်ကြ။ သူ့စကား ဘယ်တစ်ခုကမှ မကြားသည်ကို တွေ့သော် ကုလားထိုင်မှာ ဒေါသထွက်သွား၏။ ဤ မီးဖိုခန်းတွင်းရှိရှိသမျှပစ္စည်း အားလုံးသည် ပေါက်လွှတ်ပဲစား၊ ဘဝကို အလေးအနက်မထား၊ ဦးနှောက်ကို နည်းနည်းလေးမှ အသုံးမချချင်ကြသည့် အလေနတောတွေချည်းပဲဟု အထင်သေးလေ၏။ သို့ရာတွင် အထင်သေးနေရုံနှင့် မပြီးသေး။ ဤ နလပိန်းတုံး ပစ္စည်းတွေအား ကျောင်းမှန်းကန်မှန်းသိသွားအောင်တော့ လုပ်ရပေဦးမည်။ ဤ မီးဖိုခန်းထဲ ရှိသမျှ အနက်ကုလားထိုင်သည် နှယ်နှယ်ရရ မဟုတ်ကြောင်းတော့ အသိပေးရပေဦးမည်။ ထိုသို့ တွေး၍ ကုလားထိုင်သည် သူ့အသံကို သုံးဆမြှင့်လိုက်ကာ

'ဟေ့ ... အသုံးမကျတဲ့ ပစ္စည်း အစုတ်အပဲ့တွေရဲ့'

မီးဖိုခန်းထဲတွင် ရုတ်တရက် တိတ်ဆိတ်မှု ကြီးစိုးသွား၏။ ခဏကြာသော် ဟိုထောင့် သည်ထောင့်မှ မသဲမကွဲ အသံတစ်ခုစ နှစ်ခုစ ပေါ်လာ၏။

'ဘယ်ကောင် အော်လိုက်တာလဲကွ'

'ငါတို့ကို အစုတ်အပဲ့လို့ ဆဲတာ ဘယ်ကောင်လဲ'

ကုလားထိုင်သည် ဝန်ခံလိုက်ရ ကောင်းနိုး၊ ငြိမ်နေရ ကောင်းနိုးနှင့် ဝေခွဲမရ ဖြစ်နေ၏။ သူ့ဒေါသနှင့်သူ အော်ဆဲတုန်းက ဆဲလိုက်ပြီးမှ လွန်များ သွားလေသလားဟု သံသယ ဖြစ်ပြန်၏။ နောက်မှ ဒီအသုံးမကျတဲ့ ပစ္စည်းတွေကို ငါ ဒီလောက်ပြောရုံနှင့် ဘာမှ ဂရုစိုက်စရာမလို။ ဒင်းတို့နှင့် ငါ ဉာဏ်ချင်းမတူဟု ယုံကြည်မှု ပြန်ရ၍ ခပ်တည်တည်ပင် ဆက်အော်ပြော၏။

'ငါပဲကွ၊ ငါ ကုလားထိုင် အော်တာ ဘာဖြစ်လဲ'

မီးဖိုခန်းထဲတွင် ရုတ်တရက် အသံဗလံများ ဆူညံစွာ ဟိန်းထကုန်



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကုလားထိုင် ကိုယ်တိုင်ပင် ဤမျှ ပွက်လောရိုက်သွား၍ ဘယ်ပဇ္စည်းက ဘာစကား ပြောလိုက်သည်ကို သဲသဲကွဲကွဲ မကြားရ။ သို့သော် စကားလုံးနှင့် အဓိပ္ပာယ် ကွဲပြားသော်ငြား ဆိုလိုရင်းကိုကား ကုလားထိုင် ရိပ်မိ၏။ ရှိသမျှ မီးဖိုခန်းထဲမှ ပစ္စည်းအားလုံး သူ့အား ဝိုင်းဆဲနေကြခြင်း ဖြစ်၏။ ကုလားထိုင်မှာ ဂရုမစိုက်။ ခပ်တည်တည်သာ နေ နေ၏။ သူ့စိတ်ထဲ ဒီအောက်တန်းစားတွေ ဒီလောက်တော့ ရိုင်းမပေါ့ဟု အယူမှတ်ကာ သည်းခံ၍သာ ပညာရှိ စစ်စစ်ဖြစ်ကြောင်း ပြနေ၏။ ခဏကြာသော် အသံဗလံများ အနည်းငယ် လျော့သွားပြီး ကြောင်အိမ်မှ အသံသြကြီးနှင့်

'အားလုံး တိတ်ကြစမ်းကွာ'

ကြောင်အိမ်မှာ သြဇာညောင်းသူဖြစ်၍ အားလုံး မကျေမနပ်ဖြင့် ငြိမ်ကြရ၏။ ထိုအခါမှ ကြောင်အိမ်က

'ခုနက မီးဖိုတစ်ခုလုံးကို အလကားနေရင်း ထဆဲတာ ဘယ်ကောင်လဲ'

ကြောင်အိမ် အမေးရှိသော် ကုလားထိုင်မှ ထီမထင်သော မျက်နှာပေးဖြင့် အေးအေး ဖြေ၏။

'ငါပဲ'

ကုလားထိုင် အကြောမာသည်ကို အားလုံး အံ့သြကုန်ကြ၍ ကြောင်အိမ်ပင်လျှင် မျက်မှောင်ကုတ်သွားကာ

'ဘာကိစ္စ နေရင်းထိုင်ရင်း တို့ကို ထ ဆဲရတာတုံး'

'ဘာလို့လဲဆို မင်းတို့တွေဟာ နေ့ဆိုလည်း ယောလားဝါးလား၊ ညဆိုလည်း ဟောက်သံပေါင်းစုံနဲ့ တစ်နေ့ပြီး တစ်နေ့ ဘာမှ မစဉ်းစား မတွေးခေါ်ကြတာကို အားမရလို့ ဆဲတာ၊ ဒါပဲ'

ကုလားထိုင် လေသံ မာလှ၍ တစ်ခုခုတော့ တစ်ခုခုပဲဟု အားလုံး မှတ်ချက်ပြုကာ ကြောင်အိမ်ကပင် ထပ် မေး၏။

'ငါတို့က ဘာမှမတွေးခေါ်ဘူး ထားပါတော့ ... မင်းကရော ငါတို့နဲ့ ဘာထူးလို့လဲ၊ နေ့စဉ်နဲ့ အမျှ ဒီမီးဖိုခန်းထဲမှာပဲ ကြောင်စီစီနဲ့ နေနေရတာပဲ မဟုတ်လား၊ မင်း ဘယ်တုန်းက ဘာများ ထူးထူးခြားခြား တွေးဖူးလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကုလားထိုင်အတွက် အကွက်ကောင်း ဝင်လေပြီ။ ကုလားထိုင်သည် မျက်နှာကိုမော့ပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြောဆို၏။

'အရင်ကငါနဲ့ အခုငါနဲ့ မတူတော့ဘူးကွ၊ ငါ အရင်က ကုလားထိုင် မဟုတ်တော့ဘူး၊ အင်မတန် ကြီးကျယ် မှန်ကန်တဲ့ အတွေးအခေါ်သစ်ကြီး တစ်ခုကို ဖော်ထုတ်လိုက်နိုင်တဲ့ ကုလားထိုင် ပညာရှိ ဖြစ်သွားပြီ'

အမနာပ ပြောသံများ ညံသွားပြန်၏။ ကြောင်အိမ်မှ သည်းခံကာ ပြေရာပြေကြောင်း ပြော၍

'ကဲ ... ကဲ တော်ကြပေတော့၊ ဒီကုလားထိုင်ရှူး ဘာမဟုတ်တာပြော မလဲ နားထောင်ရအောင်၊ ဟေ့ကောင် ပြောစမ်း ... မင်း အတွေးအခေါ်'

ကုလားထိုင်မှ မီးဖိုခန်း တစ်ခုလုံးကို အထင်သေးစွာ တစ်ချက် ဝေ့ကြည့်ရင်း လည်ချောင်းတစ်ချက် ရှင်းကာ

'အဟမ်း ... သေသေချာချာ နားထောင်ကြ၊ ငါ ဖော်ထုတ်လိုက်တဲ့ အတွေးအခေါ်ကတော့ ... သစ်သားနဲ့ လုပ်ထားတဲ့ ဘာပစ္စည်း ဖြစ်ဖြစ် လူတွေ အတွက်တော့ တက်ထိုင်လို့ရတဲ့ ငါ့လို ခုံတွေချည်းပဲ'

ပထမတော့ ခဏ တိတ်သွား၏။ သို့သော် မကြာချေ။ ငြင်းသံ၊ ခုံသံ၊ ကန့်ကွက်သံများ ညံနေပြန်လေ၏။ ကုလားထိုင်မှာ ဘာမှ ထပ်မပြော။ သူ့ဒဿနနှင့် သူ့အမြင်အား ငြင်းနေ ခုံနေကြသည်ကိုသာ အားရသဖြင့် မိန့်မိန့်ကြီးပြုံးကာ ငြိမ်ကြည့်နေလေသည်။ ကြောင်အိမ်မှာလည်း ကုလားထိုင်၏ စကားကို လေးလေးနက်နက် စဉ်းစားနေသဖြင့် ဘာမှ ဝင်မဟန့်ဖြစ်ချေ။ လက်တော့ မခံချေ။ သို့သော် သေသေချာချာ တွေးပြန်တော့ ဟုတ်သလို မဟုတ်သလို။ ထို့ကြောင့်

'အားလုံး တော်ကြစမ်းကွာ၊ ဒီကောင်ကို ငါ သေချာ မေးစမ်းမယ်'

ပစ္စည်းပစ္စယများ ငြိမ်သွားကြပြန်ကာ စိတ်ဝင်တစား နားထောင်နေကြကုန်၏။ ကြောင်အိမ်မှ ကုလားထိုင်အား

'မင်း ခုနကပြောတာ ပြန်ပြောစမ်း၊ ဘာဖြစ်တယ်'

ကုလားထိုင်မှ ထူရန် အရန်ကော ဟူသော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီးမှ

'သစ်သားနဲ့ လုပ်ထားတဲ့ ဘာပစ္စည်း ဖြစ်ဖြစ် လူတွေ အတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခုံချည်းပဲကွ'

'ဘာဖြစ်လို့လဲ'

'ဟ ... ဘာဖြစ်ရမလဲ၊ အားလုံး တက်ထိုင်လို့ရလို့ပေါ့'

'မဟုတ်သေးပါဘူးကွာ၊ မင်းဟာက'

'ဘာလို့ မဟုတ်ရမှာလဲ၊ ကဲ ... မင်း တစ်ခုခု ငြင်းကြည့်စမ်း၊ ငါ ရှင်းပြလိုက်မယ်'

ကြောင်အိမ်မှ တစ်ချက် စဉ်းစား၍

'ကိုင်း ဒါဆို ငါကွာ ... ငါလည်း သစ်သားနဲ့ လုပ်ထားတာပဲ၊ ဒါပေမဲ့ ခုံမဟုတ်ဘူး၊ ကြောင်အိမ်ကွ'

ကုလားထိုင်မှ အောင်နိုင်သူ အပြုံး ပြုံး၍ ခေါင်းရမ်းကာ

'မဟုတ်ဘူး၊ မင်း နာမည်သာ ကြောင်အိမ်၊ ဒါပေမဲ့ မင်း ခုံပဲကွ'

'ငါ ခုံမဟုတ်ဘူး၊ ကြောင်အိမ်ကွ'

'မဟုတ်ဘူး၊ မင်း ခုံမှခုံပဲ၊ ဟိုတလောက မင်းကို လာပြင်တဲ့ လက်သမား မင်းပေါ် တက်ထိုင်နေတာ မင်း ငြင်းမလား'

'ဘာဆိုင်လို့လဲ'

'ဟ ဆိုင်တာပေါ့ကွ၊ ခုံတစ်လုံးရဲ့ အနှစ်သာရက ဘာလဲ ...တက်ထိုင်ဖို့ပဲ မဟုတ်လား၊ မင်းပေါ် လူတက်ထိုင်တယ်လေ၊ မင်း ခုံပဲ'

ကြောင်အိမ်မှာ တွေဝေသွားကာ

'မဟုတ်သေးပါဘူး၊ ငါ ကြောင်အိမ်ပါဟ၊ ဘယ်လိုဖြစ်လို့ ခုံဖြစ်သွားရတာတုံး'

ကုလားထိုင်မှာ အသံကျယ်လာကာ

'အဲဒါ ပြောတာပေါ့၊ သေချာစဉ်းစား ... မင်းတို့ အားလုံး ခုံတွေချည်းပဲ'

မကျေမနပ်သံများ ထွက်လာပြန်၏။ သို့သော် အားလုံး ဦးနှောက်စားကုန်ကြ၍ သိပ်တော့ မများချေ။ ထိုစဉ် စားပွဲမှ ကုလားထိုင်အား

'ဒါဆို ငါရောကွာ၊ ငါက စားပွဲကွ၊ ခုံမဟုတ်ဘူး'

'မင်းက ပိုတောင်ဆိုးသေး ...မင်းကိုယ်မင်း စားပွဲလို့ ထင်မနေနဲ့၊ တကယ်တော့ မင်းဟာ ခုံအကြီးစားကြီးကွ၊ လူ သုံးလေးယောက် တက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လို့ရတာ မင်း ငြင်းမလား'

'အယ်'

အားလုံး တွေဝေသွားကြပြန်၏။ ကုလားထိုင်မှ သဘောကျစွာဖြင့်

'စဉ်းစားကြ ... စဉ်းစားကြ ... စဉ်းစားလို့ရရင် ငါ့လာငြင်း'

ဟု အပေါ်စီးက ပြော၏။ အတန်ကြာသော် ပြတင်းပေါက် တံခါးရွက်မှ

'တက်ထိုင်လို့ ရတိုင်းတော့ ခုံ မဟုတ်သေးပါဘူးကွာ၊ ငါဆို တံခါးရွက်ပဲဟာ'

'လုပ်မနေနဲ့၊ ပတ္တာဖြုတ်ပြီး ကြမ်းပေါ် ခင်းလိုက်ရင် တက်ထိုင်လို့ရတယ်၊ မင်းလည်း ခုံပဲ'

'ဟိုက်'

ထိုအခါ တံခါးဘောင်မှ

'ဒါဆို ငါရော'

'မင်းလည်း ခုံပဲ၊ ဟိုတစ်နေ့က ဒီအိမ်က ကောင်လေး မင်းပေါ်တက်ထိုင်နေလို့ ပြတင်းပေါက်ဘောင်ပေါ် တက်မထိုင်နဲ့လို့ သူ့အမေ ဆူနေတာ မကြားဘူးလား'

'အဲ'

ငြိမ်သွားကြပြန်၏။ ကုလားထိုင်မှာ အမြင်ကတ်စရာ ငြင်းချင် ငြင်းကြ၊ ငြင်းချင် ငြင်းကြနှင့် အပေါ်စီးမှ အော်ကာ နေလေ၏။ ထိုစဉ် စဉ်းတီတုံးမှ

'တက်ထိုင်လို့ ရတိုင်းတော့ ခုံ ဟုတ်ရဲ့လားကွာ၊ ဒါဆို ဟို မီးဖိုစင်ရောကွာ'

'မီးဖိုအောက်ချလိုက် ... တက်ထိုင်လို့ ရပြီ၊ ခုံပဲ'

'အမ်'

ကုလားထိုင်မှ ပက်ခနဲ ပြန်ပြောသဖြင့် စဉ်းတီတုံး အ သွားလေသည်။ ကုလားထိုင်မှပင် ဆက်ပြောလေ၏။

'သူများ သွားပြောမနေနဲ့၊ မင်းလည်း စဉ်းတီတုံးလို့သာ ခေါ်တာ အရင်းမှာ ခုံပဲ၊ ဖင်ခုထိုင်လို့ ရတယ်'

ခပ်ကြောကြော ပြောလိုက်လေ၏။ ဤတွင် ပစ္စည်းအားလုံး ဒေါသ



www.burmeseclassic.com

www.burmeseclassic.com


ထွက်ကုန်ကြကာ တစ်ယောက် တစ်ပေါက် ဝိုင်းမေးကြလေတော့၏။ ကုလားထိုင်ကလည်း တစ်ခွန်းမခံ ပြန်ပက်နေလေသည်။

'မဟုတ်သေးပါဘူး၊ ဒါဆို ဗီရိုကွာ'

'မှောက်ချလိုက် ... တက်ထိုင်လို့ ရပြီ၊ ခုံပဲ'

'နွားလှည်းကွာ'

'တက်ထိုင်လို့ရတယ်၊ လှည်း မဟုတ်ဘူး၊ ရွေ့နေတဲ့ ခုံကြီး'

'လှည်းဘီးကွာ'

'ဝင်ရိုးက ချွတ်ပြီး မြေပေါ်ချထား၊ ထိုင်လို့ ရတယ်၊ ခုံအဝိုင်း'

'ဝင်ရိုးကွာ ... ကဲ'

'သုံးလေးယောက် တန်းစီ တက်ထိုင်လို့ ရတယ်၊ ခုံတန်းရှည်'

'ကုတင်ကွာ'

'စားပွဲနဲ့ အတူတူပဲ၊ အများကြီး ထိုင်လို့ရတဲ့ ခုံကြီး'

'ခွေးခြေကွာ'

'ခွေးခြေက ခုံမဟုတ်လို့ နင့်ဘကြီးလား'

'အဲ ... အဲဒါဆို နွားစာခွက်ကွာ'

'မှောက်ထားထား လှန်ထားထား တက်ထိုင်လို့ ရတယ်၊ ခုံပဲ'

'ရေအိုးစင်'

'ရေအိုး အောက်ချလိုက်၊ ကလေးတစ်ယောက် အသာလေး ထိုင်လို့ ရတဲ့ခုံ'

'ဒါဆို ဟို အိမ်တိုင်ကြီးကွာ'

'အမိုးကို လှပ်လိုက်၊ တိုင်ထိပ် တက်ထိုင်လို့ ရတယ်၊ ခုံအမြင့်'

'တံခါးမကြီး'

'ပြတင်းပေါက်နဲ့ တူတူပဲ၊ ပတ္တာဖြုတ်ပြီး မြေပေါ်ခင်းလိုက်ရင် ခုံပဲ'

'လှေကားကွာ'

'အထစ်တွေပေါ် တက်ထိုင်ကွာ ... ခုံပဲ၊ ပွဲကြည့်စင် အသေးစား'

'ဟိုက်'

ထိုသို့အားဖြင့် မိုးချုပ်သွားသည်အထိ မီးဖိုထဲမှ ပစ္စည်းများမှာဖလော်ဆော်ဖာ ကုလားထိုင်နှင့် ငြင်း၍ ကောင်းဆဲသာ ရှိကြကုန်၏။ အမှန်စင်


www.burmeseclassic.com

www.burmeseclassic.com



စစ် တက်ထိုင်၍ရသော ပစ္စည်းတိုင်း ခုံဟု ခေါ်သင့်ပါသလား။ ခုံတစ်လုံး၏ ဖလော်ဆော်ဖီမှာ ဘာမှမဟုတ်သော ပေါက်ကရ ဒဿနသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစိတ်

ကိုမောင်လေး အိပ်ရာမှ နိုးလာချိန်မှာ ငါးနာရီခန့်သာ ရှိသေး၏။ သူသည် အိပ်ရေးဝလျက် စိတ်လက်ကြည်လင်စွာ ရှိနေ၏။ မျက်လုံးနှစ်လုံး ပွင့်လာသော်လည်း အိပ်ရာမှ ရုတ်ချည်း မထသေးဘဲ သူ တွေး၏။ ငါ သည် နှစ်ပေါင်းများစွာ အသက်ရှင် နေထိုင်လာခဲ့သည့် အလျောက် မနက် ပေါင်းများစွာကို သုန်မှုန်စွာ နိုးထခဲ့ရဖူးချေပြီ။ ဤ တစ်မနက်တွင်တော့ လူတကာအပေါ် မေတ္တာစိတ် အပြည့်အဝထားကာ သည်းခံ၍ ကောင်းမွန် စွာ လိုက်လျော ဆက်ဆံကြည့်ရသော် ကောင်းပေအံ့။ မေတ္တာစိတ် အပြည့် နှင့် မနက်ခင်း တစ်ခုကို ဖြတ်သန်းကြည့်ရသော် တော်ပေအံ့။ လူတကာ တို့သည် ယခု ငါ တွေးသကဲ့သို့ နံနက်ခင်းတိုင်းကို မေတ္တာစိတ်ဖြင့် နိုး ထလာနိုင်ခဲ့လျှင် လောကသည် မည်မျှ သာယာပေလိမ့်မည်နည်း။

တစ်ဦးကို တစ်ဦး မေတ္တာစိတ်ဖြင့် ဆက်ဆံ နေထိုင်ကြလျှင် ကမ္ဘာ ကြီးသည် အဘယ်မျှ နေချင်စဖွယ် ကောင်းလှမည်နည်း။ ကိုမောင်လေး သည် အတွေး ထိုသို့ ကွန့်မြူးလျက် တစ်နေ့တာလုံး မေတ္တာဖြင့် အသက် ရှင် နေထိုင်ကြည့်ရန် ဆုံးဖြတ်လေ၏။

ကိုမောင်လေးသည် အကောင်းမြင်စိတ်ဖြင့် အိပ်ရာမှ ထလေသည်။ ဤတွင် သူနှင့် သက်ဆိုင် ပတ်သက်သော ပတ်ဝန်းကျင်သည် အသက်



www.burmeseclassic.com

www.burmeseclassic.com


ဝင်လာလေတော့သည်။

ဦးစွာပထမ မျက်နှာသစ်ရန် ရေချိုးခန်းသို့ သွား၏။ ပြားချပ်နေသော သွားတိုက်ဆေးဘူးက သူ့အား ကြိုဆို၏။ 'အပိုဝယ်ထားသလား' ဟု အိမ်သားများအား လိုက်မေး၏။ တစ်ယောက်က တစ်ယောက် ဝယ်ထားနှင့်လိမ့်မည် အထင်ရှိကာ နေကြသဖြင့် အပိုဆောင်ထားခြင်း မရှိ။ အခါတိုင်း လိုသာဆို ကိုမောင်လေး ဒေါ်သူပုန် ထပေတော့မည်။ သို့သော်ဤ မနက်တွင်တော့ မေတ္တာစိတ်ဖြင့် အသက်ရှင်မည်ဟု ဆုံးဖြတ်ပြီးသဖြင့် ဘာမှ ပြောမနေတော့ဘဲ လမ်းထိပ် ကုန်စုံဆိုင်သို့ သွား၏။ ကုန်စုံဆိုင်မှ တရုတ်မကား မျက်နှာထား တင်းတင်းနှင့် ကြို၏။ ကိုမောင်လေးမှ အိမ်တွင် သုံးနေကျ တံဆိပ်ကို မေးသော် 'မရှိဘူး၊ ဒါပဲ ရှိတယ်' ဟု တွေ့ရာ သွားတိုက်ဆေးတစ်ဘူး ဆွဲပေးလျက် ဘု ပြောလွှတ်၏။ တရုတ်မ လုပ်ပုံကြည့်ကာ ထွက်လာနေကျ ဒေါသကို ကိုမောင်လေး မျိုချ၏။ ရရာ သွားတိုက်ဆေးကိုသာ ဆွဲ၍ အိမ်ပြန်လာလေသည်။ မေတ္တာစိတ် အနိုင်နိုင်မွေးကာ ပြန်လာရခြင်း ဖြစ်၍ လမ်းတွင် တွေ့သော ခွေးတစ်ကောင်အား ပြေးကန်လိုက်ချင်စိတ်ကို အတန်တန် ထိန်းရသေး၏။

အဝတ်အစား လဲပြီးသော် ရုံးချိန် နီးချေပြီ။ သီချင်းလေး တညည်းညည်းနှင့် လေးတိလေးကန် ထမင်းချိုင့် ထည့်ပေးနေသော ညီမအား မြင်ရာ ဒေါသပွလာပြန်၏။ သို့သော် သတိရသဖြင့် မေတ္တာထားကာ ချိုသာစွာ လောဆော်၏။ ထမင်းချိုင့်ဆွဲပြီး အိမ်ရှေ့ထွက်အလာ ဖိနပ်ချွတ်နေရာတွင် ညီငယ်တစ်ယောက်မှ သူ့ဖိနပ် ယူစီးသွားမှန်း တွေ့ရသော် မျက်မှောင်ကုတ်ရပြန်၏။ 'ဟယ် ရှိစေတော့' ဟု လျှော့ချလျက် သားရေဖိနပ်ယောင်းတစ်ရံ ကောက်စွပ်ကာ ထီးများ ချိတ်ထားရာ နေရာဝယ် သူ့ထီးရှာသော် မတွေ့ပြန်ချေ။ ဘယ်သူ ယူဆောင်းသွားမှန်း မသိ။ တလိပ်လိပ်ထွက်လာသော ဒေါသကို မေတ္တာစိတ်နှင့် ဖိနှိပ်ချလျက် မြန်မြန်သွားမှအေးမည်ဟု သဘောရကာ ကားဂိတ်သို့ သွားလေသည်။

ရုံးချိန်တွင် ကားများကား နင်လားငါလား ကျပ်ပြကြကုန်၏။ လူသေတ္တာကြီး တစ်စီး လာရပ်၏။ ကိုမောင်လေးမှာ လူတစ်ရိုက်နှင့်အတူ အပေါက်ဝသို့ အပြေးအလွှား ချဉ်းကပ်၏။ တက်သူများ တက်


www.burmeseclassic.com

www.burmeseclassic.com



သွားကြသော်လည်း သူ့ခမျာ တက်မရ။ လန်ကျရှာ၏။ တအိအိ ထွက်သွားသော ကားကိုသာ မေတ္တာဖြင့် ကြည့်ကာ ကျန်ခဲ့လေသည်။ နောက်တစ်စီး အလာကို ပုဆိုးပြင်ဝတ်ကာ မေတ္တာဖြင့် အားခဲစောင့်၏။

စောင်းကန်းစောင်းကန်းနှင့် နောက်တစ်စီး လာချေပြီ။ အဝေးက မြင်ရ ရုံတင် အခြေအနေ မကောင်း။ အထဲတွင် လူတွေ မဲသဲ ပြည့်ကျပ်ကာ ပါလာကုန်၏။ သို့သော် ဤ တစ်စီးမှ တက်မရလျှင် နောက်ကျတော့မည် ဖြစ်၍ မေတ္တာဖြင့် အတင်း တိုးဝှေ့ တက်လိုက်သည်ရှိသော် ကိုမောင်လေး သည် ငါးရှဉ့်မဟုတ်သဖြင့် အထဲသို့ ရှောရှောရှူရှူ မရောက်။ အပေါက် ဝနားတွင်သာ ကပ်ပါသွားလေ၏။

ကားထဲမှ ကျပ်ခဲနေသော လူအများကြား အရပ်ပုသော ကိုမောင်လေး ခမျာ မျက်နှာပင် ရွံ့နေရှာ၏။ မှတ်တိုင်တစ်ခုပြီးတစ်ခု ဆင်းတိုင်း တက် တိုင်း သူ့ခြေထောက်နှစ်ချောင်း ခမျာ လူတကာ တက်နင်းသွားခြင်းကို ခံ ရရှာလေ၏။ ကိုယ်လုံးနှင့် ဖိခြင်း၊ တံတောင်နှင့် တွက်ခြင်း၊ ဖင်နှင့်ပေါက် ခြင်း၊ ကပ်လျက်ရှိသူများမှ မသက်သာလို ကြည့်ကာ ငြူစူ စောင်းမြောင်း ခံရခြင်း၊ တက်ကြ ဆင်းကြသူတို့က သူ့ပုဆိုးနှင့် ခါးပုံစကို ကားလက် ကိုင်တန်း အမှတ်နှင့် အားပြုခံရခြင်း၊ အနားမှ အပေါ်တန်းကိုင်ထားသူ လူကြီးတစ်ဦးက သူ့ခေါင်းအား မတော်တဆ လိုလို မကြာခဏ တံတောင် နှင့် ထောင်းနေခြင်းတို့ကို မေတ္တာစိတ် အနိုင်နိုင်ထားကာ သည်းခံရှာ၍ ဆင်းရမည့် မှတ်တိုင်သာ နားစွင့်နေလေသည်။

မှတ်တိုင် ရောက်လေပြီ။

တက်သူနှင့် ဆင်းသူ ပဋိပက္ခကြား ဘယ်သူ့ ပယောဂမှန်း မသိ။ ကိုမောင်လေး တစ်ယောက် ကားပေါ်မှ လေးဖက်ထောက်လျက်ကြီး ကျလာ၏။ နာလည်း နာ၊ ရှက်လည်း ရှက်သဖြင့် မေတ္တာထားရန် ခဏမေ့ သွားကာ ပွစိပွစိပြော၍ ကုန်းရုန်း ထ၏။ နောက်မှ သတိရသဖြင့် ပါးစပ် ကို ပိတ်လိုက်၏။ ဒူးကတော့ ပြဲနေချေပြီ။ သို့သော် နာမနေအား။ ရုံး နောက်ကျမည် စိုး၍ လမ်းတစ်ဖက်သို့ ကူးကာ သူ့ရုံးရှိရာ လမ်းကြား အတွင်းသို့ ထော့နင်း ထော့နင်း ဝင်သွားလေသည်။

အလုပ်ထဲ အရောက်တွင် ဆယ်မိနစ်လောက် နောက်ကျ၏။ သူ့ကား



www.burmeseclassic.com

www.burmeseclassic.com


သူမောင်း၍ ရုံးလာသော ကုမ္ပဏီ ဒါရိုက်တာသည် ကိုမောင်လေးကို ကိုယ်ချင်းမစာ။ ထော့နင်း ထော့နင်းနှင့် ကိုမောင်လေး ဝင်လာသည်ကို မျက်ထောင့်နီနှင့် ကြည့်ကာနေ၏။ မကြာပါချေ။ ဒါရိုက်တာ ပါးစပ်မှ စက်သေနတ် ပစ်သကဲ့သို့ ကိုမောင်လေး နောက်ကျသည့်အတွက် အဆက် မပြတ် ဆူပွက်လေတော့၏။ မေတ္တာစိတ် သက်သက်ဖြင့် တစ်ရက်တာ နေထိုင်ရန် အကြံရှိလေသော ကိုမောင်လေးမှာ သည်းခံရှာ၏။ ပထမသော် အကျိုးအကြောင်း ရှင်းပြရင်း ပြနေသောဒူးကိုပါ လှန်ပြမိသေး၏။ သို့သော် ဒါရိုက်တာမှာ ရှင်းပြမှ ပိုဆိုးကာ ရုံးသူရုံးသားအများ ရှေ့တွင် ကိုမောင် လေးအား တိုး၍ ကြိမ်းမောင်းကာ မှိုချိုးမှျစ်ချိုးများပင် ပြောလာလေသည်။

ဤတွင် မေတ္တာစိတ်နှင့် တည်ဆောက်ထားသော ကိုမောင်လေး၏ သည်းခံမှု ရေကာတာ ကျိုးလေပြီ။ အနှစ်နှစ်အလလ သည်းခံထားခဲ့ရသမျှ တွေပါ ပွင့်ကျလျက် ဒါရိုက်တာ စားပွဲပေါ် ခုန်တက်၍ ဒေါသူပုန်ထလေ သော် ဒါရိုက်တာ ထွက်ပြေးကာ ကျန်လူအများ ကိုမောင်လေးအား ဝိုင်းဆွဲ ထားကြရကုန်၏။ ကိုမောင်လေးကား ရှူးရှူးရှားရှားနှင့် သူ့ကိုယ်သူ အ တန်တန် ထိန်းထားရလျက် အတန်ကြာသော် ပါလာသော ထမင်းချိုင့် ပြန်ဆွဲကာ ရုံးထဲမှ ထွက်လာလေတော့၏။

နောက်တစ်နေ့ မနက်တွင် မေတ္တာစိတ်အပြည့်နှင့် ကိုမောင်လေး အလုပ် သစ် ရှာထွက်နိုင် မထွက်နိုင် သူကိုယ်တိုင်မှတပါး ကျွန်ုပ်တို့အားလုံး သိ နိုင်မည် မဟုတ်ပါချေ။

**ကမ္ဘာကို မေတ္တာဖြင့် ထုံမွမ်းရန် ကျွန်ုပ်တို့အားလုံး ကုန်းရုန်းကြိုးစား ကြရပေဦးမည်တကား။**

နံနက်ခင်း သတင်းဂျာနယ်၊ ဇွန်လ၊ ၂၀၀၈ ခုနှစ်


www.burmeseclassic.com

www.burmeseclassic.com

# မရဲလည်းပြေးခဲ့ဖေ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော အရှင်ဗုဒ္ဓမြတ်စွာဘုရား ……

အရဟံ - လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ကိုးကွယ်ရာ အစစ်ဖြစ်တော်မူ၍ ပူဇော်အထူးကို ခံယူတော် မူထိုက်သော ဗုဒ္ဓမြတ်စွာဘုရားအား တပည့်တော်သည် ရှိခိုးဦးခိုက် ကန်တော့ပါ၏။

အရှင် ဗုဒ္ဓမြတ်စွာဘုရားမှ သတ္တဝါတို့အား အစဉ်သနားတော်မူသောအားဖြင့် ဟောကြားတော်မူခဲ့သော တရားဓမ္မတို့သည် အသိဉာဏ်နုံနဲ့လှစွာ သံသရာ ကျင်လည်လျက်ရှိသော တပည့်တော်၏ နှလုံးအိမ်၌ တည်နေကိန်းဝပ်တော် မူပါစေသတည်း။

အသိဉာဏ် ဆင်ခြင်တုံတရား ခေါင်းပါး သေးငယ်လှသော တပည့်တော်၏ ဦးခေါင်းအား …

မဇ္ဈိမဒေသ သာကီယအနွယ်ဖြစ်သော ပျူ၊ မြန်မာ သတ္တဝါတို့၏ အစ 'တကောင်း' အမည်ရှိသော ပြည်ကြီးကို လက်မွန်တည်ထောင်ခဲ့သော 'အဘိရာဇာ' အမည်ရှိသော မင်းနှင့်တကွ မဟာသမ္ဘဝ၊ စူဠသမ္ဘဝ ညီနောင်အနက်မှ မဟာသမ္ဘဝနှင့် ဗေဒါရီတို့ စုံမက်ရာမှ မီးရှူးသန့်စင် ဖွား



www.burmeseclassic.com

www.burmeseclassic.com


မြင်ခဲ့သည့် လောကီပညာ တန်ခိုးအရာတို့၌ ရာဇဝင်တွင် ဆော်လမွန်ဘုရင်ထက်မက ထင်ရှား ကျော်ကြားလှသော သရေခေတ္တရာပြည်ကြီး သခင် 'ဒွတ္တပေါင်' အရှင်မင်းတရားကြီး၏ ဝိညာဉ်တို့သည် စောင့်ရှောက်စေသတည်း။

တပည့်တော်၏ ညာလက်ရုံး တစ်ချောင်းအနက်မှ လက်ရုံးရင်း ပခုံးအား အရိမဒ္ဒနမည်သော ပုဂံပြည်ကို တည်ထောင်သည့် သမုဒ္ဒရာဇ်မင်း၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ လက်ဖျံအား ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးတို့ကို ခွင်းသော ဘုန်းတန်ခိုးရှင် ဘုရင် 'ပျူစောထီး' ၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ လက်ဖဝါးကိုမူကား နောင်တော် စုက္ကတေးမင်းကို ခွင်း၍ ပုဂံပြည်ကြီး စည်းရုံးတည်ထောင်တော်မူသော သိကြားဆက်သည့် လှံစကြာအရှင် 'အနော်ရထာမင်းစော' ၏ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ လက်ချောင်းငါးချောင်းကိုကား အရိမဒ္ဒန သူရဲကောင်း ငါးဦး ဖြစ်သော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးနှင့် ဗျတ္တတို့၏ ဝိညာဉ်တို့သည် စောင့်ရှောက်စေသတည်း။

တပည့်တော်၏ ဘယ်လက်ရုံး တစ်ချောင်းသည်လည်း အထက်နည်းတူစွာ ပခုံးအား ပင်းယမြို့တည် သီဟသူမင်းမှအစ ဥဇနာမင်း၊ ငါးစီးရှင်ကျော်စွာမင်း၊ ငါးစီးရှင် သားတော်ကျော်စွာမင်း၊ ဥဇနာပြောင်မင်းနှင့် စစ်ကိုင်းမြို့တည် အသခ်ယာစောယွန်းမင်းတို့ ဝိညာဉ်များ ပူးပေါင်း စောင့်ရှောက်စေသတည်း။ လက်ဖျံအား အင်းဝ နန်းတည် သတိုးမင်းဖျား၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ လက်ဖဝါးကိုမူကား အင်းဝမင်းဆက် ဘုရင်မင်းခေါင်၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ လက်ချောင်း ငါးချောင်းကိုမူကား အင်းဝ သူရဲကောင်းများ ဖြစ်ကြကုန်သော မင်းရဲကျော်စွာ၊ တောင်ငူစား လက်ယာကြီး၊ ပြည်စားပျံချီ၊ စလင်းစား နော်ရထာနှင့် တရုတ်သူရဲကောင်း ဂါမဏိနှင့် စီးချင်းဖက် နိုင်လေသော သမိန်ဗရမ်းတို့၏ ဝိညာဉ်တို့သည် စောင့်ရှောက်စေသတည်း။

တပည့်တော်၏ ခြေနှစ်ချောင်းအနက်မှ ညာခြေကိုမူကား ပုံ့ဟံသာဝတီ အရှင်ဘုရင်မင်းရဲ ဖြစ်လေသော ဗသုန်ဗန်ခက် (ခ) ဗညားနွဲ့(ခ) သုသျှင်

www.burmeseclassic.com


(ခ) ရာဇာဓိရာဇ်၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။ ခြေဖဝါးနှင့် ခြေချောင်းများမှကား ၎င်းဘုရင်၏ မွန်သူရဲကောင်းများ ဖြစ်ကြကုန်သော ဗိုလ်မင်းဖြတ်ဇ၊ လကွန်းအိမ်၊ အမတ်ဒိန်၊ မင်းကံစီ၊ သံလိုက်၊ ဗောမွန် စသူတို့၏ ဝိညာဉ်များ စောင့်ရှောက်စေသတည်း။

ဘယ်ခြေကိုမူကား တောင်ငူဘုရင် မင်းတရားရွှေထီးနှင့် ၎င်း၏ နို့စို့ဖက် ဖြစ်ထသော ရှင်ရဲထွတ်(ခ) ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၏ ဝိညာဉ်တို့ စောင့်ရှောက်စေသတည်း။ ခြေဖဝါးနှင့် ခြေချောင်းများအား တောင်ငူ သူရဲကောင်းများ ဖြစ်ကြသော ဗညားဒလ၊ အဲမွန်တရာ၊ သမိန်စည်သူ၊ သမိန်သံကျယ်၊ အဲဖြဲသီ၊ ရဲသင်ရုံ၊ ပိုက်ကမြင်၊ ပိုက်ရနဲ အစရှိသူတို့၏ ဝိညာဉ်များ စောင့်ရှောက်စေသတည်း။

တပည့်တော်၏ ရင်အား ကုန်းဘောင်အရှင်သခင် ဘုရင် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။

တပည့်တော်၏ ကျောအားမူကား အာဠာဝက နတ်စစ်သည် ဘီလူး၏ ဝိညာဉ်သည် စောင့်ရှောက်စေသတည်း။

ကြွင်းကျန်ရစ်လေကုန်သော တပည့်တော်၏ ကိုယ်ခန္ဓာ အင်္ဂါအစိတ်အပိုင်းတို့အား ရာဇဝင်တကာလာ သူရဲကောင်းအများတို့၏ ဝိညာဉ်များသည် တရံမလပ် စောင့်ကြပ်ကြပါစေသတည်း အရှင်ဘုရား .....

ထိုသို့အားဖြင့် မြတ်စွာဘုရားအား အမှူထား တိုင်တည်ကာ ကိုယ်ခန္ဓာ တစ်ခုလုံးအား အစောင့်အကြပ်များ အထပ်ထပ် စည်းတားချထားပြီးလတ်သည် ရှိသော် စာရေးဆရာသည် ရန်ကုန်မြို့၊ တာမွေ၊ ကျောက်မြောင်းတစ်ဝိုက်တွင် ဟိုတိုး သည်တိုက်၊ ဟိုထဲဝင် သည်ထဲဝင်၊ ဟိုမှာ တုံးလုံးလဲ၊ သည်မှာ တုံးလုံးလဲ၊ ကဲချင်တိုင်း ကဲလျက် ရှိကုန်ကြသော လိုင်းတိုအမျိုးအစား ဒိုင်နာလိုင်းကား တစ်စီးပေါ်သို့ စိတ်ချ ယုံကြည်စွာ ခုန်ပျံတက်လျက် တိုက်တစ်တိုက်သို့ စာမူပို့ရန် မြို့ထဲဘက်သို့ ထွက်ခွာသွားလေ၏။

နံနက်ခင်းသတင်းဂျာနယ် ဧပြီလ၊ ၂၀၀၈ ခုနှစ်

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အကွက်ကြီး

'ဘဘ'

'ဟေလကွယ်'

'ဒီနေ့ လိုက်ပို့မယ်ဆို …'

'ဟေ … ဘယ်ကိုတုံးဟ'

'အာ …ဘဘကလည်း … ဘဘပဲ သားသားကို ကစားကွင်းလိုက်ပို့မယ်လို့ ပြောထားပြီးတော့'

'အဟုတ်လားဟ၊ ဘယ်တုန်းက ပြောမိလို့တုံး'

'ဟာ … ဘဘပဲ ပြီးခဲ့တဲ့ sunday တုန်းက တိရစ္ဆာန်ရုံလိုက်ပို့ရင်း ပြောတာလေ၊ ကစားကွင်းသွားမယ် ဆိုတော့ နောက် sunday မှ သွားဆို'

'ဟော … အဲ … ဟုတ်သားဟ၊ ဒီကလေး မမေ့ဘဲကိုး၊ ဒါမျိုးကျတယ် မှတ်ထားတတ်ပါလား ဟား ဟား'

'ဘဘ … လာ … လာပါဆို'

'အေး အေး ဟ … နေပါဦးဟ ဖြည်းဖြည်းလုပ်ကွ ငါ့ကောင်ရ၊ ပုဆိုးကျွတ်ကျမယ်၊ နေဦး … ဘဘကို ကားသော့ရှာပေး'

ထိုသို့အားဖြင့် အိမ်သားတစ်သိုက်မှ အလိုလိုက်လွန်းရန်လောဟုမြည်တွန်ကြမှုကို မသိယောင်ပြုကြလျက် ဦးမောင်ရိုးတို့ တူဝရီးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အိမ်မှထွက်၍ ကစားကွင်းသို့ ရောက်လာကြလေ၏။ လျှောက်ကြည့်ကြ၍ အတန်ကြာသော်

'ကိုင်း မောသကွာ၊ နေကလည်း ပူပါ့၊ သွား ... မင်းဟာမင်း သွားကစားချေ၊ ဘဘ ဟိုသစ်ပင်အောက်က စောင့်မယ်၊ သိပ်အဝေးကြီး မသွားနဲ့၊ ကြားလား'

'ဟုတ်'

သဘောတူညီမှုရ၍ သားသားမှာ ထွက်သွားလေ၏။ သို့သော် ဘာမှ မကြာလိုက်ခင် ပြန်ရောက်လာပြီး သစ်ပင်အောက်၌ ငိုက်နေသော သူ့ဘကြီးအား နား နားကပ်ကာ ကျယ်စွာသော အသံနှင့် နှိုးလေ၏။

'ဘဘ'

'သောက်ပလုတ်တုတ် ... မြွေပွေးနဲ့ ခွေးနဲ့သား အာ ... ဒီကောင် ဘယ်လိုဖြစ်လို့ ပြန်ရောက်လာတာတုံး'

'သားသား ပျင်းလို့'

'ဟ ... အာ ... ငါ့ကောင်နှယ်၊ ကစားကွင်းလာပြီး ပျင်းရတယ်လို့၊ သွားကစားချေလေကွာ'

'ဘဘလည်း လိုက်ခဲ့'

'ဘယ်လိုက်ရမှာတုံး'

'ဟိုဟာ စီးမလို့'

မလှမ်းမကမ်းမှ လူအများ ဆူညံစွာ စီးနေကြသော လောင်းလှေကြီးကို ပြလေ၏။ ဦးမောင်ရိုးမှာ ခေါင်းခါ၍

'သားသားကလည်းကွာ ... ဘဘ အသက်အရွယ်ကြီးနဲ့ အဲဒါကြီး တက်စီးနေလို့ ဘယ်ကောင်းပါ့မလဲ၊ တခြားဟာ ဆော့ပါကွာ၊ လာ လာ'

ချော့မော့ကာ ဆွဲခေါ်သော်လည်း ပေ၍ ရပ်နေရင်း ငိုမဲ့မဲ့နှင့်

'ဟာ ... မရဘူး၊ အဲဒါပဲ စီးမယ်'

နောက်ဆုံး အလျှော့ပေးရကာ လောင်းလှေအနား သွား၍ ကြည့်နေကြ၏။ အနား သွားရပ်ကြည့်မှ အရှိန်မသေးလှကြောင်း တွေ့ရာ ဦးမောင်ရိုးမှာ သူ့ကိုယ်သူ စိတ်မချ ဖြစ်လာပြီး

'တွေ့လား သားသားရဲ့ ... ဘဘအရွယ် တစ်ယောက်မှ မပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ဘာဘစီးလို့ မရဘူး ထင်တယ်ကွ'

ဆင်ခြေတက်ကြည့်၏။ သို့သော် သားသားမှာ ခေတ်ကာလ အာဂ ကလေး ဖြစ်၍ သူ့ဘာဘအား ဘာမှ ပြန်မပြောဘဲ အနီးတွင် ရပ်နေသော ဝန်ထမ်းဘက်လှည့်ကာ

'ဦးဦး ... သားသားနဲ့ ဘာဘ အဲဒါစီးလို့ရလား'

'ရတာပေါ့ကွ၊ ဟိုမှာ လက်မှတ်ဝယ်ရတယ်၊ တွေ့လား'

'ဟုတ်ကဲ့ ... ဘာဘ လာ ... စီးလို့ရတယ်'

လက်မှတ်ရုံဘက် အတင်းဆွဲနေလေရာ အီး အဲနှင့်သာ ပါသွားရင်း စိတ်ထဲမှ အခုနဝန်ထမ်းကိုသာ ကျိန်ဆဲရင်း လက်မှတ်ဖြတ်နေရလေ၏။

တက်ထိုင်၍ လှေထွက်သော် ကလေးမှာ ပျော်နေသလောက် ဦးမောင်ရိုးမှာ အသည်းယားကာ နေလေ၏။ သူတို့ငယ်ငယ်က ဤလို ပစ္စည်းမျိုး မပေါ်ဖူး၍ အလွန်ဆုံးမှ ဘုရားပွဲရဟာတ်သာ စီးဖူးသည်ဖြစ်ရာ ရင် တလှပ်လှပ်နှင့်သာ ချောက်ကျနေရှာလေသည်။ သို့သော် လူအများကြား သတ္တိသေးသည် အထင်ခံရမည် စိုး၍ မအော်မိအောင် ပါးစပ်ပိတ်ထား ကာ တောင့်တောင့်ကြီး ဖြစ်နေရှာ၏။ အချိန်စေ့၍ ပြန်ဆင်းကြသော်

'စီးလို့ကောင်းတယ်နော် ဘာဘ'

'အင်း'

'လာ ... နောက်တစ်ခု သွားစီးရအောင်'

'အင်း'

ဦးမောင်ရိုးမှာ မူးသလိုလို၊ ရင်ဘတ်ထဲ ယားကျိကျိ ဖြစ်နေသလိုလို ဖတ်သိုးဖတ်သတ်ရှိပြား စိတ်ထဲ ပျော်သလိုရှိ၍ သားသားဆွဲခေါ်ရာ မငြင်း ဘဲ ပါသွားလေ၏။

ရိုလာကိုစတာနား ရောက်ကြသော် တိုင်ပင်စရာမလိုဘဲ လက်မှတ်ဖြတ် ကာ နှစ်ဦးသားတက်၍ ထိုင်လေ၏။ ထွက်ခါစသော် အတော်နှေးသားဟု ဦးမောင်ရိုး စိတ်ထဲမချင့်မရဲပင် ဖြစ်မိသေး၏။ သို့သော် ဘာမှမကြာလိုက် မပြောမဆို ဝုန်းဒိုင်းထကြဲရကား ယောင်၍ပင် အော်ချိန်မရ။ ခလောက်ဆန် ကာ ပါသွားကြလေ၏။ ရိုလာကိုစတာမှာ လောင်းလှေထက် ... ရကား ဦးမောင်ရိုးခမျာ ဖတ်သိုးဖတ်သတ်သာမက အပေါ့နှင့်အ... နေရာမှား


www.burmeseclassic.com

www.burmeseclassic.com


ထွက်မိမတတ် ခံရရှာလေ၏။ သားသား အပါအဝင် ငယ်ရွယ်သူများမှာ အော်စရာရှိ အော်ကြကာ ဘာမှ ထိန်းစရာ မလိုသော်လည်း ဦးမောင်ရိုးမှာ မကြီးမငယ်ကြီးနှင့် တက်စီးသည် ဖြစ်ရကား အသံပြဲကြီးနှင့် ထအော်လျှင် အရုက်ကွဲမည် ဖြစ်ရာ တပာင်းပာင်းသာ ကြိတ်ညည်းရှာ၏။ ကျောများ၊ နံများ အောင့်၍ ဒီတစ်ခါ တကယ် သေဖြစ်ပြီဟု ယူဆလောက်ချိန်တွင် တစ်ပတ်ပြည့်ကာ ပြန်ရောက်လာကြ၏။ ရထားရပ်သော် အားလုံး ဖျတ်ဖျတ်လတ်လတ် ဆင်းသွားကုန်ကြပြီး ဦးမောင်ရိုးမှာ တုန်တုန်ယင်ယင် ဖြစ်နေရှာ၍ ဆိုင်ရာဝန်ထမ်းမှပင် 'အဘ ရရဲ့လား' ဟု ပြုံးစိစိနှင့် လာတွဲမည် ပြင်သည်ကို မခံချင်၍သာ အတင်းထကာ 'မင်းတို့ဟာ တယ်နေ့းသကိုး' ဟု မခိုးမခန့် ချေပလေ၏။ လူမှာမူ ကြောင်စီစီဖြစ်နေကာ တောင်သွားရမလို မြောက်သွားရမလိုနှင့် နောက်ဆုံး သားသားလက်ဆွဲရာဘက်သာ ပါသွားလေ၏။

ယောင်တီးယောင်နနှင့် တစ်နေရာရောက်သော် သားသား ဝယ်ခိုင်းသော လက်မှတ်ကိုဝယ်၍ သားသား တက်ထိုင်သော နေရာတွင် လိုက်ဝင်ထိုင်၏။ ဆိုင်ရာဝန်ထမ်းမှ ခါးပတ် သေချာလာပတ်ပေးရင်း ပြုံးစိစိနှင့် မေးမှ သတိရကာ

'ဟင် ... အဲ ... ဘာ ... ဘာတုံးကွ'

'ဩော် အဘအရွယ်နဲ့ စီးလို့ဖြစ်ပါ့မလားလို့ မေးတာပါ၊ မသကာ မူးပြနေမှာစိုးလို့၊ အသည်းယားလာရင် မရုက်နဲ့ ... အော်သာအော် အဘ၊ အဲဒါ နည်းနည်း သက်သာတယ်'

ဤတွင် မခံချင်ဖြစ်သွား၍

'အမယ်ကွာ ...မင်းတို့ဟာ လေယာဉ်ထက် မြန်ဦးမလား၊ ကလေးလန့်မှာစိုးလို့ကွ၊ ငါ ဘာမှတ်တုံး'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ... ဒီလိုပဲ ပြောကြတာပါပဲ အဘရယ်၊ ကျွန်တော်က ကြုံနေကျမို့ သတိပေးတာပါ'

'လုပ်မှာသာ လုပ်စမ်းကွာ၊ တယ်စကားများတဲ့ အကောင်ပါလား'

ဝန်ထမ်းချာတိတ်မှာ ဘာမှမပြောတော့ဘဲ ပြုံးစိစိနှင့် တံခါးပြန်ပိတ်ပေးထားခဲ့လေ၏။ ဤတွင်မှ သူ ဘယ်ထဲ ရောက်နေသည်ကို စေ့စေ့လာကြည့်


www.burmeseclassic.com

www.burmeseclassic.com


သော် ခပ်လုံးလုံး တစ်ခုထဲတွင်ဝင်၍ ထိုင်နေမိကြောင်းနှင့် ရှေ့တွင် ပတ်ဝန်းကျင်ကို မြင်နိုင်ရန် မှန်ချပ်များ တပ်ထားသည်ကို သတိပြုမိ၍

'ဒါ ဘာတုံးကွ'

'ဒုံးပျံလေ ဘဘရဲ့'

ဘေးတွင်ထိုင်နေသော သားသားမှ ခပ်အေးအေး ပြန်ဖြေသော် မျက်လုံးပြူးလေတော့၏။ ခုနက ရထားတောင် အတော်သောင်းကျန်းတာ ဒုံးပျံဆို သာဆိုးတော့မပေါ့ဟု ကြိုလန့်လေ၏။ ထိုစဉ် ဂျီးခနဲ အသံတစ်ချက်ကြား၍ လူမှာ ရုတ်ခနဲ မြောက်တက်သွားပြီး ဟော့ ဟု လန့်အော်မိလေ၏။

ဦးမောင်ရိုးမှာ သူ့ကိုယ်သူ အစိုးမရရှာတော့ချေ။ တစ်သက်လုံး စီးဖူးသမျှ ယာဉ်ရထားတကာတို့တွင် အဆိုးဆုံး အခြေအနေကို ကြုံရလေ၏။ တစ်လောကလုံး ချာလပတ် ရမ်းနေသည်ကို မြင်နေရ၏။ ဤပစ္စည်းကား ချားရဟတ်များထက် မြန်သောအရှိန်ဖြင့် အထက်အောက်လည်း လည်၍ သွားနေ၏။ ဤတွင်သာမက ဝင်ထိုင်နေသော အလုံးကလည်း ဘေးတိုက် လည်နေသေး၏။ နာရီလက်တံ အတိုင်းလည်း လည်၏။ ရုတ်တရက် တုန့်ခနဲ ရပ်သွားကာ ပြောင်းပြန်လည်း ပြန်လည်၏။ ဦးမောင်ရိုးမှာ ကျွမ်းထိုးမှောက်ခုံ သာမက ဗလန် ဖြစ်ချင်တိုင်း ဖြစ်၍သာ နေလေတော့၏။ ခါးပတ်သာ မပတ်ထားလို့ကတော့ နို့ဆီခွက်ထဲ ထည့်ခလောက်တဲ့ လောက်စာလုံးလို နေမှာပဲဟု အရေးထဲ တွေးမိသေး၏။ မြင်နေရသော မြင်ကွင်းမှာ မြေကြီး ဘယ်နားရှိမှန်းပင် မသိရ။ သစ်ပင်များမှာ မြောက်သွားလိုက်ပြန်ကျလိုက် ရှိနေ၏။ မျက်စိ မှိတ်ထားကြည့်သော် ပိုဆိုး၏။ ရုတ်တရက် တုန့်ခနဲရပ်ကာ ပြောင်းပြန် ပြန်၍ လည်ပြန်၏။ သည်တစ်ချီတွင် ဦးမောင်ရိုး မရတော့။ မျိုသိပ်ထားခဲ့သမျှ အားလုံး ပွင့်၍ ကျတော့၏။ အသံနက်ကြီးနှင့် မအေ နှမ အားရအောင် မျိုးစုံ အော်နေလေတော့၏။ ဘေးမှ သားသားမှာလည်း အညှီမခံ စီစီညံနေလေ၏။ ပတ်ဝန်းကျင်တွင် လူကြီးအသံနှင့် ကလေးအသံ နှစ်သံထဲဖြင့်ပင် ငရဲပွက်သလို ရှိနေလေတော့၏။ အသံကုန်သလောက် ရှိမှသာ သူကောင်းသား စက်ကား ရပ်သွား၏။ ဦးမောင်ရိုးမှာ သက်ပြင်းပူတစ်ခု ပူးခနဲ မှုတ်ထုတ်လိုက်ချိန်တွင် ခါးဖွင့်တာ ခါးပတ်လာဖြုတ်ပေး၍ ခပ်မြန်မြန် အပြေးထွက်လေ၏။ အပြင်သို့


www.burmeseclassic.com

www.burmeseclassic.com



ရောက်သော် ပြုံးစိစိနှင့် သူ့ကိုဝိုင်း၍ ကြည့်နေကြသော လူအုပ်ကြီးကို ရင်ဆိုင်ရ၏။ ထိုစဉ် ဘေးမှ သားသားက ကျယ်လောင်စွာဖြင့်

'ဟင် … ဘဘ …ရှုံ့ရှုံ့တွေ ပေါက်ချထားတယ်'

'ဟိုက်'

'ဝါး … ဟား … ဟား …ဟား'

ဤသို့အားဖြင့် လူကြီးတစ်ဦးသည် ကလေးတစ်ယောက်ကို အလိုလိုက်မိရာမှ ပုဆိုးတွင် အကွက်ကြီးနှင့် လူအများကြား ချောက်ကျ၍သာ နေလေသတည်း။

နံနက်ခင်းသတင်းဂျာနယ်၊ ဇန်နဝါရီလ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com